www.burmeseclassic.com

လောက်တိုင်ညို နှင့်

# စကားတောင်စား


ဟာသပုံပြင်များ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

## ဆားနဲ့ သား လဲကြစို့

လွန်ခဲ့သော နှစ်ပေါင်းများစွာက အထက်အညာ ပခန်းရွာသား လေကိတိုသည် ငယ်စဉ်ကပင် မိဘနှစ်ပါးဆုံး၍ ဆွေမျိုးညာတိ နည်းပါးသော တစ်ကောင်ကြွက် မျက်နှာငယ် ဘဝဖြင့် နေရ၏။ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသောစကားကို လက်ကိုင်ပြုကာ ခြေဦးနှင့်ဒူးတည့်ရာသို့ ထွက်ခွာသွားပါတော့မည်ဟု စိတ်ကိုပိုင်းဖြတ်၍ ထွက်ခွာခဲ့သည်။ ကြုံသောအခါ လက်ချည်းဖြင့်သွားရန်မသင့်၊ တစ်စုံတစ်ခုပါမှ ခရီးသွားလျှင်သင့်မည်ဟု စဉ်းစားမိလေသည်။

သို့သော်လည်း လေကိတိုမှာ အရင်းအနှီး အသပြာငွေများများမရှိ၍ စိတ်ပျက် အားလျော့နေစဉ် စိတ်ကူးတစ်ခု ရ၍ တောင်းခပ်ရွယ်ရွယ် အဟောင်းနှစ်လုံးကို ရှာ၍ သောင်ပြင်မှ သဲများကိုကျုံးထည့်ပြီး ရှိသောငွေစကလေးနှင့် ဆားများဝယ်၍သဲများပေါ်မှာ ဆားတစ်လက်မခန့်ထိအောင်ဖြူးပြီး ရောက်ရာမှာနား၊ ရရာကိုစားမည်ဟု သဲအပြည့်ပါသော ဆားတောင်းမို့မို့နှစ်လုံးကို ထမ်း၍ ကျေးမနီးမီ ထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းတူစွာ ချည်ပါသား ညိုမှာလည်း မိဘလည်းမရှိ၊ ပစ္စည်းလည်းမရှိ၊ မျက်နှာငယ်နှင့် ရွာတွင် မနေချင်တော့သဖြင့် တစ်ရပ်တစ်ကျေးစွန့်ခွာ၍ ပြေးတော့မည်ဟု ရည်ရွယ်ရင်းရှိသည့်အတိုင်း လမ်းခရီးတွင်လူသူအထင်မသေးရအောင် ဓားကုန်သည် ယောင်ဆောင်၍ သွားလျှင် သင့်မည်ဟု အကြံရသည့်အတိုင်း ထန်းလက်များကို ဓားအသွင်လုပ်၍ အချောကိုင်၊ ဆေးများသုတ်၏။ ဓားရိုးနှင့်ဓားအိမ်များကို သေချာအောင် တပ်ပြီး ဝါးနှင့်ညှပ်ကာ ရှေ့ဆယ်ချောင်း၊ နောက်ဆယ်ချောင်းထမ်း၍ လက်ထဲတွင် ဓားအစစ်တစ်ချောင်းကိုကိုင်ကာ တောလမ်းခရီးမှ ထွက်ခဲ့၏။

သူတို့နှစ်ဦးကား၊ ဘဝတူ အကြံတူ ဉာဏ်တူများဖြစ်တော့သည်။

ပဒန်းသား လေက်တိုသည် အရက်တက်မှ ဆားတောင်းကို ထမ်း၍ မနားတမ်းလာခဲ့ရာ မွန်းတည့်ချိန် ရောက်လုနီးတွင် ချွေးဖိုင်ဖိုင်ကျ၊ မောကလည်းမော၊ ဆာလည်း ဆာသဖြင့် သစ်ပင်ရိပ်ကောင်းကောင်းတွင် နားပြီးမှ ခရီးတစ်ခါ ဆက်ပါတော့မည်ဟု အကြံပြု၍ သစ်ပင်ရိပ်ကိုမှီကာ နေခို၍ ချွေးသိပ်အောင် ပုဆိုးတောင်ရှည် ခါးပုံစဖြင့် ယပ်ခပ်ပြီးအပန်းဖြေနေလေသည်။

ချည်ပါသား ညိုကလည်း ထန်းလက် ဓားများကို လေးသည့် ဟန်ပန်ဖြင့် ထမ်း၍လာရင်း ခပ်လှမ်းလှမ်းသစ်ပင်အောက်တွင် လူရိပ်ကိုမြင်သဖြင့် ရန်သူလား မိတ်ဆွေလား အကဲခမ်းရအောင် မနီးမဝေး သစ်ပင်အောက်တွင် ဓားထမ်းကိုချကာ....



နားနေ၍ သစ်ပင်ကြီး အောက်က လေက်တိုကို အကဲခတ်၍ နေတော့သည်။

လေက်တိုကလည်း ညိုဓားထမ်း၍ လာသည်ကို ခပ်လှမ်းလှမ်းမှပင် မြင်သော်လည်း လူဆိုးလား လူကောင်းလားဟု ခွဲခြားမသိ၍ ဆားထမ်းသော ထမ်းပိုးကို လက်ဖြင့် မသိမသာကိုင်ထားရင်း အကဲခတ်၍ နေလေရာ၊ မိမိနှင့် မနီးမဝေးသစ်ပင်မှာ လာ၍ရပ်နေသော လူစိမ်းကိုသာ,မျက်ခြည်မပြတ် အကဲခတ်နေပြန်သည်။

ညိုက "ရှေ့ကလူမှာ တောင်းနှစ်လုံးအပြည့်နှင့် ကုန်ရောင်းလာသူနှင့်တူရဲ့...'' ဟု အကဲခတ်မိသဖြင့် သူ၏ ဓားအထမ်းကို သစ်ပင်အောက်မှာပင် ထားခဲ့ပြီး နမူနာအဖြစ် ယူလာသော ဓားတစ်လက်ကိုကိုင်ကာ လေက်တိုရှိရာသို့ ခပ်ပြုံးပြုံး လုပ်၍ လာခဲ့လေသည်။

လေက်တိုမှာလည်း တစ်ဖက်လူကို အကဲခတ်နေရာမှ ဓားတစ်ချောင်းကိုင်ကာ၊ မိမိထံသို့ လာနေသည်ကို တွေ့ရသဖြင့် ဆားတောင်းထမ်းသည့် ထမ်းပိုးကို လက်မှာကျစ်ကျစ်ပါအောင် ဆုပ်၍ ထားလိုက်လေသည်။ အနီးသို့ ရောက်လာမှ ဓားကိုင်သည့်လူက မျက်နှာချိုသွေး၍ လာနေသည်ကို မြင်ရသဖြင့် ရန်သူတော့ မဟုတ်တန်ရာ၊ မိမိမှာလည်း လုစရာယက်စရာ ဘာမှ မပါသဖြင့် တစ်ဖက်ကပြုံး၍လာနေသည်ကို အပြုံးဖြင့်ပင် ဆီး၍ ကြိုလိုက်မိလေသည်။

ညိုက အနီးသို့ ရောက်လာလျှင် မို့မောက်သော ဆားတောင်းကိုမြင်၍....

"အလို...ဒီက မိတ်ဆွေက ဆားကုန်သည်ထင်ပါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဆားကုန်သည် အစစ်တော့ မဟုတ်ပါဘူး မိတ်ဆွေ....ခရီးသွားရင်း ဆားဈေးများ ကောင်းတဲ့ အရပ်တွေ့ရင် ရောင်းချဖို့ ယူလာခဲ့တာပါဘဲ"

"ဟန်လိုက်လေဗျာ၊ ကျုပ်တို့ရွာမှာ ဆားအလွန်ရှားတာနဲ့ အခန့်သင့်ဘဲ၊ မိတ်ဆွေတော့ ပွပေါက်တိုးပြီ"

"အို....ဟုတ်ရဲ့လား၊ မင်္ဂလာ စကားကြားရတာ ဝမ်းသာလိုက်တာမိတ်ဆွေရယ်၊ နို့နေပါဦး မိတ်ဆွေလက်ထဲက ဓားကအသစ်ကျပ်ချွတ်၊ ဓားရောင်းဖို့ ယူလာတာနဲ့ တူပါရဲ့"

"ဟုတ်ပါ့မိတ်ဆွေ ကျုပ်အဖိုးက ပန်းပဲဆရာ သံဝိဇ္ဇာဦးဖိုးဘတဲ့၊ကျုပ်တို့နယ်တစ်လွှားမှာဖြင့်ကျော်ကြားတဲ့သူပါဘဲ၊ သူလုပ်တဲ့ ဓားဆိုရင် ပထမတန်းစားမို့ ခရီးသွားရင်း ဓားကောင်းသုံးချင်သူများ အတွက် ရောင်းဖို့ယူလာခဲ့တာပါဘဲ"

"မိတ်ဆွေကိုလဲ မင်္ဂလာစကား တစ်ဆင့် ပါးလိုက်ဦးမယ်၊ ကျုပ်တို့ရွာကိုသာ အရောက်သွားပါ၊ ဓားကောင်းဆိုရင် အလွန်ကြိုက်တဲ့ရွာပါဘဲ၊ ကျုပ်တို့ရွာက ပန်းပဲ ဆရာကြီး ဆရာတေက မမာနေတာအတော်ကြာ၊ နာတာရှည်ရောဂါနဲ့ အိပ်ရာထဲလဲနေ လောက်လောက်လားလား သားယောကျ်ား ကြီးကြီးမားမား မရှိလို့ ပန်းပဲအလုပ်မလုပ်နိုင်တာ အတော်ကြာသွားပြီ၊ ရွာထဲမှာလဲ ရှားလိုက်တဲ့ဓား၊ မိတ်ဆွေတော့ ပွပေါက်တိုးမှာ သေအချာပါပဲ"

"ကျေးဇူးတင်သဗျာ၊ ဒါပေမယ့် ကျုပ်က ဈေးရောင်းနေ မကျတော့ သိပ်ပြီးခွကျတာဘဲ၊ ဘယ်လိုက ဘယ်လို ရောင်းရမှန်းတောင် မသိဖြစ်နေတာ"



"တူလိုက်လေဗျာ၊ ကျုပ်ကလဲ ထမ်းနေမကျတော့ ဆားတောင်းကြီးထမ်းရတာ ပင်ပန်းလွန်းလို့ လမ်းမှာပဲ ထားခဲ့မယ်လို့တောင် စိတ်ကူးမိတာ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အကဲခတ်ရင်း စကားပြောကြရာ၊ နှစ်ဦးစလုံး တိတ်ဆိတ်နေကြပြီးမှ ချည်ပါသား ညိုက စကားစ၍....

"ဒါဖြင့်ဗိုလိုလုပ်ပါလား၊ခင်ဗျားတို့ရွာမှာဓားဈေးကောင်း ကျုပ်တို့ရွာက ဆားဈေးကောင်း၊ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်စလုံး မပင်ပန်းရအောင် ဒီစခန်းမှာဘဲ ခင်ဗျား ဆားထမ်းနဲ့ ကျုပ်ဓားထမ်းကို လဲကြရရင် ကောင်းမှာဘဲ"ဟု ပြောလိုက်ရာ၊ ပခန်းသား ငလက်တို့မှာ စိတ်ထဲက ကျိတ်၍ ဝမ်းသာပြီး....

"မိတ်ဆွေအကြံက အလွန်ကောင်းပေါ့၊ စိတ်ကူးကောင်းတဲ့ ပညာရှိကို တွေ့ရတာ အလွန်ဘဲ မင်္ဂလာရှိပါပေတယ်ဗျာ"

ဟု ခပ်ရှမြှောက်မြှောက်ကလေး ချီးမွမ်းသြဘာပေးလိုက်လေသည်။ ငညိုစိတ်ထဲကလည်း "အမဲကောင် အ, ဟာက ခံရပေတော့မည်" ဟု ကျိတ်၍ပင် သနားနေမိလေသည်။

"ကဲ.... ပြောနေကြာတယ်၊ အချိန်မီ ရွာပြန်ရောက်ကြရအောင် ကျုပ်ဆားထမ်းကို ခင်ဗျား ထမ်းသွားတော့၊ ရော့ ဟောဒီမှာထမ်းပိုး၊ ခင်ဗျား ဓားထမ်းက ခပ်ပေါ့ပေါ့မို့ ကျုပ်တော့ ဒီမှာ ခဏနားပြီး ခပ်အေးအေး သွားတော့မယ်" ဆိုကာ ထမ်းပိုးကို အပ်လိုက်လေရာ၊ ငညိုစိတ်ထဲက....

"ဒီငနဲ ငါ့ဓားထမ်းဆီ မရောက်ခင် ဆားတောင်းကိုထမ်းပြီး မျက်ခြည်ပြတ်အောင် ပြေးနိုင်မှ တော်ကာကျမည်" ဟု အကြံရသဖြင့်....

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...မိတ်ဆွေ၊ ရော့ ဟောဒီမှာ နမူနာဓား၊ ခပ်အေးအေး နားပြီးမှ ရွာလမ်းကိုပြန်ပေရော့၊ ကျုပ်မှာတော့ ခင်ဗျားဆား ထမ်းက လေးသမို့ အပြေးကလေးသွားမှ တော်ကာကျမယ်၊ ကံဆုံယင်လဲ နောက်တစ်ကြိမ် ဆုံကြဦးမှာပေါ့၊ ကဲ....သွားပြီ မိတ်ဆွေရေ" ဟု မျက်နှာကို မပျက်စေဘဲ၊ ပြုံးလျက်ပင် ပြောယင်းက ဆားတောင်းကို ရှုတ်တရက် ထမ်းကာ အပြေး ကလေး သွားလေတော့သည်။

ငလက်တို့လည်း စိတ်ထဲကကျိတ်၍ ပြုံးရင်း "ဒီငနဲ သဲတောင်းကို ထမ်းပြေးတာ တမောလောက်ရောက်မှ နားတော့မှာပါ၊ ငါကတော့ ခပ်အေးအေးဘဲ၊ ဓားကိုရသမျှနဲ့ ရောင်းပြီး ခရီးစရိတ်လုပ်ကာ အောက်ပြည် အောက်ရွာ အရောက်သွားမယ့် လူဘဲ ကံကောင်းချင်တော့ တစ်ချက်ဘဲ" ဟု အောက်မေ့ပြီး ဆားတောင်းထမ်းသွားသူကိုမျက်စိအောက်မှပျောက်သွားသည့် အထိ ခပ်ပြုံးပြုံး ကြည့်နေသည်။ ဆားတောင်းထမ်းသူ ငညို ကလည်း "ငါ့ကို နောက်ကများ လှမ်းခေါ်လေမလား" ဟု စိတ်ထဲက တထိတ်ထိတ်ဖြင့် ဝေးသည်ထက် ဝေးအောင် နောက်ပြန် လှည့်မကြည့်ဘဲ ပြေးလေရာ၊ ငလက်တို့၏ မျက်စိ အောက်မှ မှုန်မွှားမွှားနှင့် ပျောက်၍သွားလေတော့သည်။

ငလက်တို့ကလည်း စိတ်ချလက်ချ ပွပေါက်တိုးပြီဟု နမူနာ ဓားအစစ်ကို အသေအချာ ကြည့်ပြီး ဓားထမ်းရှိရာ သစ်ပင် အောက်သို့ ဖြည်းညှင်းစွာသွား၍ ဓားထမ်းကို ကောက်ကာ မ လိုက်လျှင်ပင် ခပ်ပေါ့ပေါ့ပါလာသဖြင့် ထန်းလက် ဓားမှန်း သိ၍သွားကာ တဟားဟား ရယ်မိပြီး သစ်ပင်ခြေရင်းတွင် ထိုင်ချလိုက်မိလေသတည်း။



မကြာမီကာလ ချွေးသံရွှဲရွှဲနှင့် ဆားတောင်း မပါတော့ဘဲ ထမ်းပိုးကိုသာ လက်ကကိုင်ကာ မောကြီးပန်းကြီး ပြန်လာသော ငညိုကိုတွေ့လေသဖြင့် လက်ထဲက ဓားအစစ်ကို ကျစ်ကျစ် ပါအောင်ဆုပ်ရင်း ဉာဏ်ရည်တူချင်း ဒီတစ်ကွေ့တော့ တွေ့ကြ သေးတာပေါ့ဟု အံကိုခဲကာ စောင့်နေလေသည်။

ငညိုသည် အနီးသို့ မရောက်မီကပင် အားပါးတရ ပြုံးပြီး လှမ်း၍ ပြောသော စကားမှာ....

"ဝမ်းသာလိုက်တာမိတ်ဆွေ၊ ကျုပ်တို့ နှစ်ယောက် ဆုံမှ ဆုံတတ်ပလေ၊ ဓားနဲ့ဆား လဲကြကာ သူမနာ ကိုယ်မနာ ဉာဏ်သွားချင်း တူကြပေမယ့် ကျုပ်မှာတော့ ဆားတောင်း ထမ်းပြေးရတာ အမောအဖတ်တင် သွားတာပေါ့"

ဟု ပြောရင်း အနီးသို့ ရောက်လာသဖြင့် ငလက်တို့လည်း ပြုံးလာနိုင်ကာ....

"ဝမ်းသာတယ် မိတ်ဆွေ၊ ကျုပ်တို့ လူငယ်နှစ်ယောက် တစ်သက်လုံး မခွဲဘဲ ဉာဏ်ရည်တူချင်း ပေါင်းလိုက်ရရင် လောက ကြီးကိုခါးစောင်းတင်နိုင်မှာဘဲ" ဟု ပြောကာ နှစ်ယောက်သား ပွိုင်တူ ရယ်မောကြလေသတည်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှစ်ယောက်သားအပေးအယူတည့်ကြပြီး၊တစ်ယောက်၏ဘဝအခြေအနေကို တစ်ယောက်က ပြန်ပြောပြသောအခါ၊ အားကိုးရာမဲ့ ခြေသလုံး အိမ်တိုင် ဘဝမှာ နှစ်ယောက်စလုံးရောက်ရှိနေကြကြောင်း သိရသဖြင့် များစွာပင် တစ်ယောက်ကိုတစ်ယောက် ကြင်နာကြပြီး တစ်သက်လုံး မခွဲတမ်းတွဲကြရန် ကတိကဝတ်ပြုကြတော့သည်။

ဤသို့ နှစ်ဦးစလုံး စိတ်ချ၍ သွားကြမှ ဝမ်းထဲက တကြုတ်ကြုတ်မြည်ကာ သိလာကြပြီး....

"ကဲ....ကိုညိုရေ မနက်စာလဲ မစားရသေးဘူး၊ ဝမ်းထဲကလဲ ဆာလှပြီ၊ ညာဏ်ကြီးရှင်က ကြံစမ်းပါဦး"

"ဟုတ်တယ် ကျုပ်လဲ အခုမှ ဆာမှန်း သိတော့တယ်။ ဟိုရှေ့က တစ်တိုင်လောက် ကျုပ်ဆားတောင်းကြီး ထားခဲ့တဲ့ နေရာမှာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိလေရဲ့ ပိန္နဲသီးတွေက အပင်မှာဘဲ မှည့်နေတယ်"

"ဟာ.... ကျုပ် အလာတုန်းက တွေ့ခဲ့တယ်။ ကျုပ်တောင် ဝင်နားပြီး ဆွမ်းကျန် ဟင်းကျန်လေးများ ရမလားလို့ ကိုရင်



တစ်ပါးဆီ ချဉ်းကပ်တော့ ဘုန်းကြီးက အလှန် နှမြောတွန့်တိုသတဲ့၊ ဒေါ်သလဲကြီး စိတ်လဲတို၊ ဒါပေမယ့် အမြော်တော့ အလွန်ကြိုက်ဆိုပဲ၊ ဒါကြောင့် ကျုပ်လဲ မဝင်တော့ဘဲ အပြေးအလွှား ရှေ့နားမှာ ရွာတွေမလားလို့ ဆက်ခဲ့တာပဲ"

"အနီးအနားမှာရွာမရှိဘူး၊ဘုန်းကြီးကျောင်းရောက်အောင်သွားပြီး အခြေအနေကြည့် လုပ်ကြရအောင်၊ လာသွားကြစို့"

နှစ်ယောက်သား ဘုန်းကြီးကျောင်းသို့ အရောက်သွားကြလေသည်။

လိုလျှင်ကြံဆနည်းလမ်းရဆိုသကဲ့သို့ ထိုဘုန်းကြီး၏ ဝါသနာက အလွန်နှမြောသည်၊ အလွန်စိတ်တိုသည်၊ အလွန်အမြော်အပင့်ကြိုက်သည် ဟူသည့် အချက်အလက်တို့ကို သိရှိရသောကြောင့် နှစ်ယောက်သားမှာ မယောင်မလည်နှင့် သွားရောက်ကြည့်ရှုကြရာ၊ လှေကားရင်းတွင် ခွေးရုပ်ကြီးတစ်ရုပ် ရှိသည်။ ကြက်တူရွေးတစ်ကောင်ရှိသည်တို့ကို သိရှိခဲ့ကြလေသည်။

"ဟော ....ငါအကြံရပြီကွ"

ငလက်တိုက သူ့ရှိသော အကြံကို ညိုအား တိုင်ပင်ရာ ညိုကလည်း "အေး-ကောင်းတယ်၊ ကောင်းတယ်၊ ဒီအတိုင်းလုပ်ရအောင်"ဟု နှစ်ဦးနှစ်ဘက် သဘောတူကာ ကျောင်းပေါ်သို့ သွားရန် ဆုံးဖြတ်လိုက်ကြသည်။

သို့နှင့် နှစ်ဦးသားသွားကြရာ လှေကားရင်းသို့ ရောက်သောအခါတွင်"ဘုန်းကြီးဘုရား–ဘုန်းကြီးဘုရား၊ တပည့်တော်တို့ကို ခွင့်ပြုပါဘုရား"ဟု အော်ဟစ်လျှောက်ထားလေသည်။

ထိုအခါ ကျောင်းပေါ်ကဘုန်းကြီးက ထွက်လာပြီး "ဘာလဲကွ၊ တက်ခဲ့ပါလား"ဟု မိန့်ကြားလေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"လှေကားရင်းက အရှင်ဘုရား ခွေးကြီး ကိုက်မှာကြောက်တယ်ဘုရား"

"ဟဲ့....တက်သာလာခဲ့ပါကွ၊ အဲဒါ ခွေးအစစ် မဟုတ်ဘူး အရုပ်ပါကွ"

"ဪ....ဟုတ်လား၊ တပည့်တော်တို့က ခွေး အစစ်မှတ်နေတာ ဘုရား"ဟု လျှောက်ထားလိုက်ရာ၊ ဘုန်းကြီးမှာ မိမိထုလုပ်ထားသော အရုပ်ကို ခွေးအစစ်ဟု ထင်မှတ်လောက်အောင်ပင် ပြောင်မြောက်ပါကလားဟု ကျေနပ်သွားပြီး "ဒီကောင်လေးနှစ်ယောက်ဟာ အသက်သာ ငယ်တယ် ပညာအရှိသားပဲ" ဟု တွေးတောပြီး သဘောကျသွားလေသည်။

ကျောင်းပေါ်ရောက်၍ ကျောင်းသားတို့ ထုံးစံအရ ဘုရားကို ပထမ ဦးချကန်တော့ပြီးနောက် ဘုန်းကြီးကို ဦးချကန်တော့ကြလေသည်။

"ဟုတ်ပါ့ရဲဘုရား၊ လှေကားရင်းက ခွေးရုပ်က တကယ့်အသက်ရှိတဲ့ခွေးလိုပဲ ထကိုက်တော့မယ့်ဟန်ဆိုတော့တပည့်တော်တို့က ကြောက်တာပေါ့"ဟု ထပ်၍ ပို့ပေးလိုက်သောအခါ ဘုန်းကြီးမှာ အလွန်ပင် နှစ်ခြိုက်၍ သွားလေတော့သည်။

"အေး....အဲဒါ ငါကိုယ်တိုင်ထုတာကွ"ဟု ဂုဏ်ယူကြွားဝင့်လိုက်သောအခါတွင်....

"ဪ....ဟုတ်လား ဘုရား၊ တပည့်တော်တို့က ဘုရင့်ရဲ့ ပန်းပုဆရာကြီး ထုတာ မှတ်နေတာ" ဟု ပြန်ပြောလိုက်သဖြင့် ဘုန်းကြီး၏ မျက်နှာမှာ ဝင်းကနဲ လက်သွားသလိုပင် ထင်ရှားလောက်အောင် ဝမ်းမြောက်၍သွားလေတော့သည်။



"ဟော-ဟော ဟိုအရုပ်ကလေးကလဲ တယ်လှပါကလား ဘုရား၊ ဒါလဲ အရှင်ဘုရားကိုယ်တိုင် ထုထားတာပဲ ထင်တယ်"ဟု တန်းပေါ်တွင်ရှိသော ကြက်တူရွေးရုပ်ကို လက်ညှိုး ထိုးကာ ငလက်တို့က ပြောလိုက်ရာ၊ ငညိုကလည်း....

"ဟယ်.... ဟုတ်ပါ့ရဲ လှလိုက်တဲ့ အရုပ်ကလေးပါလား။ တပည့်တော်တို့ကို စွန့်ပါဘုရား"ဟု လျှောက်တင်လိုက်သောအခါတွင် ငလက်တို့နှင့် ငညို၏ စကားကြွင်းမိနေသော ဘုန်းကြီးမှာ အလွန်ပင် သဘောကျသွားပြီး....

"ဟဲ-ဟဲ အဲဒါက အရုပ် မဟုတ်ဘူးဟဲ့၊ ကြက်တူရွေး အစစ်ပါ"ဟု ပြောလိုက်လေသည်။

"ဟုတ်လား ဘုရား၊ တပည့်တော်တို့က အရှင်ဘုရားရဲ့ ပန်းပုပညာစွမ်း မှတ်နေတာ"ဟု လျှောက်တင်လိုက်သောအခါတွင်မူကား ဘုန်းကြီးမှာ အလွန်ပင် သဘောကျသွားပြီးလျှင် ငှက်ပျောသီးများ၊ ထန်းလျက်များ၊ မုန့်ဖက်ထုပ်များ ချ၍ ကျွေးလေတော့သည်။

ထိုအခါ ငလက်တို့နှင့် ငညိုသည် စားသောက်ကြရင်း ဝမ်းမဝသေးသဖြင့် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ် မျက်ခြည်ပြကာ ပိန္နဲသီးဘက်သို့ လှည့်ကြပြန်လေသည်။

"အရှင်ဘုရား၊ ကျောင်းခေါင်းရင်းက အသီးကြီးတွေက တယ်လှပေါ့ဘုရား၊ သီးလိုက်တာလဲ လွန်ရော ခွေးနို့စို့နေသလိုပဲ ပြွတ်နေတာပဲ"

ဘုန်းကြီးမှာ သူ၏ ပိန္နဲပင်ကို ချီးမွမ်း၍ သဘောကျသွားသည်ကို အကဲခတ်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်တော့ ဒီလောက်သီးလှတဲ့အသီးမျိုး တစ်ခါမှ မြင်လဲမမြင်ဖူးဘူး ဘုရား"

"ကဲ....ဒါဖြင့်စားကြည့်ကြစမ်းပေါ့၊ တစ်ခြမ်းပေးလိုက်မယ် ကြားလား၊ ငါပေးတာ လူမသိစေနဲ့၊ ငါက ဘယ်သူမှပေးတာ မဟုတ်ဘူး မင်းတို့နှစ်ယောက်တည်းသာ ငါပေးတာ"

"တင်ပါ့ဘုရား"

"ကဲ....မင်းတို့ဘာသာ တစ်ခြမ်းလှီးပြီးယူသွားကြပေတော့"

ငလက်တို့နှင့် ညီဟုတ္တိမှာလည်း ဝမ်းသာအားရစွာဖြင့် ဦးချ ကန်တော့ကာ ကျောင်းပေါ်မှဆင်းလာပြီး လက်ထဲက ပါလာ သော ဓားနှင့် တစ်ခြမ်းခွဲ၍စားသောက်ကြလေရာ၊ ပိန္နဲသီးမှာ အပင်မှည့်လည်း ဖြစ်ပြန်၊ အိမ်မာလည်း ဖြစ်ပြန်သောကြောင့် အလွန်ပင် စား၍ကောင်းကြလေသည်။

သို့ကြောင့် နောက်ထပ် စားသောက်ရန်ပင် တမ်းတမ်းတတ ဖြစ်ခဲ့ကြသောကြောင့် မည်သို့မည်ပုံ ဖန်တီးရမည်ကို အကြံထုတ် လျက် ကျောင်းပေါ်သို့ တစ်ဖန် ထပ်မံ သွားရောက်ကြရာ၊ ဘုန်းကြီးက မိမိ၏ ပိန္နဲသီး ချိုကြောင်း၊ ကောင်းကြောင်းကို ကြွားလိုသောကြောင့် "ဘယ့်နှယ်လဲဟေ့၊ စား လို့ ချိုကြ မွှေးကြရဲ့လား"

"ဘုန်းကြီး အသီးကတော့ ကောင်းမှာပါပဲ၊ ဒါပေမယ့် ဒီကောင် မချက်တတ်လို့ ခါးလိုက်တာဘုရား လွန်ရော"

"ဘယ်လိုကွ၊ ဘာသို့ခါးရတာလဲ"

"မချက်တတ်လို့ပေါ့ ဘုရား"

"ဟဲ့-ဟဲ့၊ ဘယ့်နှယ်ကြောင့်ချက်စားရတာလဲ၊ ဒီအသီးက ချက်စားရတာ မဟုတ်ဘူး"



"ဟာ....မချက်ဘဲစားဖြစ်ပါမလား ဘုရား၊ ကိုယ်တော့် ကြက်ဟင်းခါးသီးက အကြီးကြီးပဲဟာ"

"ဩော်....ခက်ပါဘိ၊ အဲဒါ ပိန္နဲသီးဟဲ့၊ ကြက်ဟင်းခါးသီး မဟုတ်ဘူး"

"တပည့်တော်ကတော့ ပြောပါတယ်ဘုရား၊ ဟောဒီကောင် က မယုံဘူးဆိုပြီး ချက်လိုက်တာ ဆီသာဆုံးတယ် လုံးလုံး စားမကောင်းပါဘူး"ဟု ငလက်တိုက ညီကို တရားခံလုပ်ကာ ပြောဆိုရာ ဘုန်းကြီးကလည်း ယုံကြည်နေလေသည်။ ဘုန်းကြီးက ပိန္နဲသီးချိုကြောင်း ကောင်းကြောင်းကို ကြွားဝါလို၍ပေးလိုက် ရာ အမှန်တကယ်လည်း ကောင်းလှ ချိုလှသဖြင့် ငလက်တို့ နှင့် ညီတို့မှာ နောက်ထပ် စားလိုသောကြောင့် ဉာဏ်ဆင် လျှောက်ထားကြရာ ဘုန်းကြီးကလည်း လူအ, ကလေးတွေဟု အမှန်ပင် ယုံကြည်သောကြောင့် ရှေ့တွင် ထပ်၍ စားကြရန် လမ်းပွင့်၍ နေပြန်လေသည်။

"ကဲ....ကဲ....မင်းတို့ ဒီတစ်ခါတော့ ငါ့ရှေ့မှာဘဲ စားကြ၊ မင်းတို့ပေးပြီးလို့ ကျန်တဲ့တစ်လုံးကို ခူးချကြ" ပြောဆိုကာ ပေးလိုက်ရာ ငလက်တို့နှင့်ညီသည် ထိုနေရာတွင်ပင် အဝအပြဲ စားသောက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## လေက်တို ညိုနှင့်

# စကားတောင်စား အကြောင်း

လေက်တို ညိုတို့၏ ဟာသပုံပြင်များတွင် စကားတောင်စား အကြောင်းမပါလျှင် ပြီးမည် မဟုတ်ချေ။ စကားတောင်စား မှာ ပုံပြင်များတွင် ပညာရှိ အမတ်ကြီးနေရာတွင် ပါဝင်နေ ပေသည်။ (စကားတောင်စားပုံပြင်) များတွင်လည်း လေက်တို ညိုတို့ကို ခွဲထုတ်၍မရပေ။ သူတို့ သုံးဦးမှာ ကျောင်းနေဘက် သူငယ်ချင်းများ ဖြစ်ကြသည်။

သို့သော် စကားတောင်စားမှာ လေက်တို၊ ညိုတို့ထက် ကျောင်းသို့ အရောက် နောက်ကျ သော်လည်း ပင်ကိုကပင် စကားတတ် စာတတ် ကုတ်ကုတ်ကတ်ကတ်နိုင်လှသူတစ်ဦးဖြစ်ရာ စကားတောင်စား၏ အကြောင်း ဖတ်ရှုပြီးလျှင် လေက်တို ညို နှင့် စကားတောင်စားတို့ ပညာစမ်းကြပုံကို ရယ်မောဖွယ်ရာ ဖတ်ရှုကြပါလိမ့်မည်။

နောင်အခါတွင် စကားတောင်စားအမတ်ကငယ်သူငယ်ချင်း လေက်တို ညိုတို့ကို ကယ်ဆယ်ရန် အခွင့်အလမ်း ပေါ်လာပုံ ကို တွေ့ရပါမည်။



## စာရေးတော်ကြီးအိမ်သို့

စကားတောင်စား ကလေးသည် စကား၌ရာ ကိုးကတ် နိုင်လွန်းသဖြင့် ငယ်နာမည်ပင်မရှိ၊ စကားတောင်စားဟုသာ သိရသည်။ စကားတောင်စားကလေးသည် စာရေးတော်ကြီး နေမျိုး ကျော်ထင်၏ အိမ်သို့ ၁၀ နှစ်သား အရွယ် ကပင် ရောက်ရှိခဲ့လေသည်။

စာရေးတော်ကြီး အိမ်သို့ ရောက်ရှိပုံ အကြောင်းရင်း မှာကား....

တစ်နေ့တွင် စကားတောင်စားတို့ မောင်နှမနှစ်ယောက်အား အမေက မုန့်သုံးယှက်ပေးခဲ့ပြီးဈေးသို့သွားခိုက် မုန့်သုံးယှက်နှင့် မောင်နှစ်မနှစ်ယောက်အဝေမတည့်ဖြစ်နေရာ၊ စာရေးတော်ကြီး နေမျိုးကျော်ထင်လမ်းလျှောက်လာခိုက်စကားတောင်စားလေး က မုန့်သုံးယှက်ကို ကျွန်ုပ်တို့ မောင်နှမ နှစ်ယောက်အား ဝေပေးပါရန် တောင်းပန်လေသည်။ စာရေးတော်ကြီးက မုန့် သုံးယှက်ကို အညီအမျှ ခွဲဝေပေးလိုက်ရာ စကားတောင်စား သည် စာရေးတော်ကြီးကို အတော်သဘောကျ၍ သွားလေ၏။

အမေဈေးမှ ပြန်လာလျှင် စာရေးတော်ကြီးအိမ်မှာ[illegible]ပေး ပါရန် ပူဆာလေသဖြင့် မိခင်မှာ မိမိသားလေးစာရေးတော်ကြီး အိမ်မှာနေလျှင် လိမ္မာရေးခြား၊ စကားချေင်၊ တိုးတက်ရန်လမ်း

www.burmeseclassic.com



မြင်သဖြင့် သား၏ ဆန္ဒအရ စာရေးတော်ကြီးထံ သွားရောက်အပ်နှံလေ၏။

စာရေးတော်ကြီးက စကားတောင်စားကလေး၏ နဖူးရေဒူးရေကို ကြည့်ပြီး....

"အိမ်း....ကောင်းပြီးထားခဲ့၊ နှစ်လတော့ အစမ်းထားကြည့်မယ်၊ကောင်းရင်လဲဆက်ထားမပေါ့၊ စိတ်ကြိုက် မတွေ့ရင်တော့ (နှစ်လပြည့်ရင်) ပြန်လွှတ်လိုက်မယ်"

ဟု အမိန့်ရှိ၍ မိခင်လည်း သားကိုထား၍ ပြန်သွားလေသတည်း။




## စကားကတ်ကတ် ပါးနပ်နပ်

စကားတောင်စားသည်စာရေးတော်ကြီးအိမ်တွင် နေလေရာ စာရေးတော်ကြီးလွှတ်ရုံးသို့ အသွားတွင်ကွမ်းအစ်ကိုအကိုင်ခိုင်းပြီး မြင်း၏နောက်မှ လိုက်ခဲ့စေရာ၊ မြင်းကို လမ်းအတိုင်းစီး၍ဖြည်းဖြည်းသွားသော်လည်း စကားတောင်စားက နောက်မှာအတော် အတန်ကျန်ခဲ့၍ စာရေးတော်ကြီးက လွှတ်ရုံးတံခါးမှအတန် ကြာ အောင် စောင့်နေရသဖြင့် စကားတောင်စားရောက်လာသောအခါ....

"မောင်မင်း အင်မတန် နောက်ကျသည်၊ သခင်သွားရာ (ထက်ကြပ်မကွာ)မြင်းမြီးကိုဆွဲ၍ လိုက်ရသည်"ဟု ပြောသောအခါ....



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မသိ၍ နောက်ကျပါသည်။ နောက်တစ်ခါ မြင်းနောက်က (ထက်ကြပ်မကွာလိုက်ခဲ့ပါမည်)"ဟု ရိုသေစွာ ပြောကြားလေသည်။

နောက်တစ်နေ့ လွှတ်ရုံးသို့ တက်ရာတွင် စကားတောင်စားသည် ကွမ်းအစ်နှင့် ဆေးလိပ်များကို ပဝါတွင်ချည်ပြီး ပခုံးနောက်တွင်ထမ်းကာ လက်တစ်ဘက်ကပဝါစကိုင်၊ လက်တစ်ဘက်ကမြင်းမြီးကိုကိုင်၍ ထက်ကြပ်မကွာအောင်လိုက်ခဲ့ရာ၊ လမ်းတွင်ပဝါစနှင့်ချည်ထားသောကွမ်းအစ်မှာပြေ၍ကျခဲ့တော့သည်။

စကားတောင်စားက ကွမ်းအစ်ကျကျန်ခဲ့မှန်းသိသော်လည်း (ကွမ်းအစ်ကို ကောက်နေလျှင် မြင်းကိုမမီမည်စိုးသောကြောင့်) မြင်းမြီးကိုမလွှတ်ဘဲလိုက်ခဲ့ရာ လွှတ်ရုံးလှေကားရင်း ရောက်လေလျှင် စာရေးတော်ကြီးက ကွမ်းစားလို၍ ကွမ်းအစ်ကို တောင်းလေတော့သည်။

စကားတောင်စားက....

"စာရေးတော်ကြီး အမိန့်အရ ထက်ကြပ်မကွာ လိုက်ပါရသောကြောင့် ကွမ်းအစ်မှာ လမ်းမှာပင် ကျခဲ့ပါကြောင်း"ဟု လျှောက်ထားလေလျှင် စာရေးတော်ကြီးကစိတ်ဆိုး၍....

"သခင်ပစ္စည်းဆိုတာ မစင်တစ်တုံးတောင် မပျောက်အောင် စောင့်ရှောက်ရမည်"ဟု ပြောသောအခါ....

"ကျွန်တော်မသိ၍ မကောက်ခဲ့ပါ၊နောက်တစ်ခါ မစင်တစ်တုံးမှ မပျောက်အောင် စောင့်ရှောက်ပါမည်"ဟု လျှောက်ထားလေသည်။

နောက်တစ်နေ့လွှတ်ရုံးသို့တက်သောအခါစကားတောင်စားသည် ကွမ်းအစ်ကိုတစ်ဘက်ကပိုက်၊ တစ်ဘက်ကမြင်းမြီးကိုဆွဲ၍



လိုက်ခဲ့ရာ လမ်းတွင် မြင်းက မစင်စွန့်လို၍ အမြီးကို မြှောက်လျှင်ပင်အပြေးလိုက်ရာက ကွမ်းအစ် အဖုံးကို ဖွင့်၍ မြင်းချေးများကို(တစ်တုံးမှ မပိတ်စင်ရအောင်ခံယူ၍)ကွမ်းအစ်ထဲ ထည့်ပြီး ယူခဲ့လေ၏။

လွှတ်ရုံးသို့ရောက်၍ ကွမ်းစားမည်ဟု စာရေးတော်ကြီးက ကွမ်းအစ်ကို ဖွင့်လေလျှင် မြင်းချေးများ ထွက်လာ၍ ပိုင်းပြီး ရယ်မောကြလေ၏။ စာရေးတော်ကြီးလည်း စိတ်ဆိုးလှသဖြင့် စကားတောင်စားကို ခေါ်ပြီးလျှင် မေးလေရာ....

"ကျွန်တော်မျိုးသည် စာရေးတော်ကြီး အမိန့်ရှိဖူးသည့်အတိုင်း(သခင်ပစ္စည်းဆိုလျှင် မစင်တစ်တုံးမှ မပျောက်မပျက်ရအောင်) စောင့်ရှောက်သိမ်းဆည်းခဲ့ခြင်းဖြစ်ပါသည်"

ဟု ပြောလေရာ၊ စာရေးတော်ကြီးမှာ စကားကတ်လှသော စကားတောင်စားကို ပြန်လည်မချေပတော့ဘဲ....

"နောင်ကို လွှတ်ရုံးမလိုက်နဲ့ အိမ်မှာနေတော့"

ဟု အမိန့်ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com




## နှစ်လရှိမှ သွားမယ်ဆို

စကားတောင်စား စကားကတ်လှသဖြင့်စာရေးတော်ကြီးက လွှတ်ရုံးသို့မခေါ်သဖြင့် စာရေးကြီးကတော်ထံတော့က်တိုမည့်ရ လုပ်နေရလေရာ၊ တစ်နေ့တွင် စာရေးကြီးကတော် မုန့်အိုး ကင်းကပ်ခေါ် မုန့်များသလက်လုပ်၍ စာရေးကြီးလွှတ်ရုံး အနားယူချိန်တွင် စားစေလိုသဖြင့် စကားတောင်စားကို အခေါ်ခိုင်းလိုက်သည်။

စကားတောင်စားသည် လွှတ်ရုံးသို့အပြေးအလွှား သွား၍ လွှတ်ရုံးနားချိန် စာရေးကြီးအဖော်များနှင့် စကားပြောနေစဉ် တံခါးဝမှနေ၍ ကျယ်လောင်သောအသံဖြင့်....

"စာရေးတော်မင်းဘုရား၊ အိမ်မှာ မုန့်အိုးကင်းကပ် လုပ်သွားတယ်၊ စားရန် ကြွတော်မူပါဘုရား"ဟု အော်၍ပြောလေရာ၊ လွှတ်ရုံးတစ်ခုလုံး ရယ်မောကြလေသည်။



စာရေးတော်ကြီးလည်း ရှက်ရှက်နှင့် ထလာပြီး စကားတောင်စားကို ကွယ်ရာသို့ခေါ်ကာ ထိပ်ကိုပုတ်၍....

"လွှတ်ရုံးထဲမှာ ကျယ်ကျယ်မပြောရဘူး၊ နောင်ကို ငါ့ကို လာခေါ်ယင် မျက်ရိပ်၊ မျက်ချည်၊ မျက်စ၊ မျက်နှနဲ့ အရိပ်အယောင်ပြခေါ်ရတယ် မှတ်ထား"ဟု သွန်သင်ခဲ့လေသည်။

## ပေါ့ပေါ့ပါးပါး ဆိုတော့လဲ

တစ်နေ့တွင် စာရေးတော်ကြီးအိမ်နှင့် မနီးမဝေး အရပ်၌ မီးလောင်သဖြင့် အိမ်ခေါင်ပရိဘောဂတို့ကို အိမ်ပြင်သို့ဆွဲထုတ်ကြရာတွင် စကားတောင်စားမှာ ဗီရိုကြီးကို ရွေ့ရာ နေရာမှ မရွေ့သဖြင့် စာရေးတော်ကြီးကတော်က အဖိုးတန်ပစ္စည်းများ ပရိဘောဂများကို သယ်ဆောင်စေလိုသဖြင့်"ဟဲ့ မနိုင်တာကြီး ရွေ့မနေနဲ့၊ ပေါ့ပေါ့ပါးပါး သယ်ချပါလား"ဟု ဆိုလေသဖြင့် စကားတောင်စားလည်း (ဖွဲတောင်း) များကို သယ်၍ ချလေသည်။ စာရေးကတော်ကြီးက....

"ဟဲ့.... အဖိုးမတန်တဲ့ ဖွဲတောင်း သယ်ရသလား" ဟု ဆိုလေရာ....

"နို့....အစ်မက ပေါ့ပေါ့ပါးပါးတွေသာ သယ်ဆို"

ဟု စကားကတ်လာသဖြင့် စာရေးကြီးကတော်ကလည်း....

"ကဲ.... ကဲ၊ မင်းသယ်မနေနဲ့တော့၊ စာရေးတော်ကြီးကို မြန်မြန်ပြေးပြီး ခေါ်ချေ"ဟု ခိုင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



## မျက်ရိပ်၊ မျက်ခြည်၊ မျက်စ၊ မျက်နှ

စကားတောင်စားလည်း လှတ်ရုံးသို့ပြေးကာ တံခါးဝရောက်လျှင် ရုံးတက်ချိန်ဖြစ်၍ စာရေးတော်ကြီး အလုပ်များနေခိုက် တံခါးဘက်သို့လှည့်မကြည့်မိ၊ စကားတောင်စားလည်း တံခါးဝမှနေ၍ စာရေးတော်ကြီးလှည့်ကြည့်နိုးနှင့် မျက်စကိုပစ်၍နေရာ နေ့လယ်ကစ၍ ညနေရုံးဆင်းချိန်သို့ တိုင်လေ၏။

စာရေးတော်ကြီးလည်း လွှတ်ရုံးပြီး၍ ပစ္စည်းများသိမ်းကာ ရုံးဆင်းရန် တံခါးဝသို့လှည့်လိုက်ရာ၊ မျက်စပစ်နေသော စကားတောင်စားကို မြင်သဖြင့် ကမန်းကတန်း တံခါးဝသို့ လာကာ ဘာကြောင့် မျက်စပစ်နေသနည်းဟု မေးလေလျှင်၊ စာရေးတော်ကြီး နားကပ်ကာ....

"အိမ်နားမှာ မီးလောင်နေလို့ မြန်မြန်လာပါတဲ့"

ဟု တိုးတိုးပြောလေသည်။ စာရေးတော်ကြီးလည်း စိုးရိမ်တကြီးဖြင့် ကမန်းကတန်း အိမ်သို့ လှည့်ကြည့်လေသည်။ မီးရောင်ကို မမြင်ရ၍....

"ဘယ်အချိန်က လောင်တာလဲ"

"နေ့လယ်ကပါ"

"မင်းက ဘယ်အချိန်က ရောက်နေတာလဲ"

"နေ့လယ်ကတည်းက ရောက်နေပါတယ်"

"ဘာကြောင့် ငါ့ကို ဝင်မခေါ်တာလဲ"

"ကျွန်တော်မျိုးသည် စာရေးတော်ကြီး အမိန့်ရှိဖူးသည့်အတိုင်း၊ လူအများကြားတွင် မျက်ရိပ်၊မျက်ခြည်၊မျက်စ၊မျက်နှ



နှင့်ခေါ်ရမည်ဆို၍ နေ့လယ်ကတည်းကပင် မျက်စပစ်၍ စာရေးတော်ကြီးကို ခေါ်ပါသည်။ စာရေးတော်ကြီး လှည့်မကြည့်၍ ညနေသို့ ရောက်ရပါသည်"ဟု ပြောလေလျှင် စာရေးတော်ကြီးလည်း စကားတောင်စားကိုပြန်၍မပြောတော့ဘဲ အိမ်သို့အမြန်ပြန်သွားလေသည်။

## နှစ်လ မရှိသေးပါ

အိမ်သို့ ပြန်ရောက်သောအခါ၊ စာရေးကြီး ကတော်က နေ့လည်ကတည်းက အခေါ်ခိုင်းတာ အခုမှလာရပါမည်လားဟု အပြစ်တင်လေလျှင် စာရေးတော်ကြီးက စကားတောင်စား၏ ဖြစ်ပုံကို ပြောပြလေသည်။ စာရေးကြီးကတော်က စိတ်ဆိုး၍....

"မောင်မင်းကြီးသား စကားကတ်ကလေး မြန်မြန်သာကြပေတော့"ဟု အိမ်မှ နှင်လေသည်။ စကားတောင်စားက....

"ကျွန်တော်မသွားနိုင်သေးပါ၊ မူလကတိ နှစ်လပြည့်မှသွားပါရစေ"

"အောင်မာ မင်းနေခဲ့တဲ့ ရက် တွက်ကြည့်ပါဦး၊ တစ်နှစ်တောင် နီးနေပြီလေ"

"ကျွန်တော်မူလ ပြောခဲ့တဲ့ နှစ်လကို မရောက်သေးပါဘူး၊ ကျွန်တော်ပြောခဲ့တဲ့ နှစ်လက ရက်အရေအတွက် မဟုတ်ပါ၊ ကောင်းကင်က လမင်းကြီး နှစ်လရှိယင်တစ်ရက်မဆိုင်းပါဘူး သွားပါမည်။ ယခုတော့ နှစ်လမပြည့်သေး၍ နေပါရစေဦး"

ဟုဆိုလေသဖြင့် စကားကတ်လှသော စကားတောင်စားကို လက်မြှောက်ကာ နေရရှာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကြည့်ပါဆိုလို့ ကြည့်တာပဲ

တစ်နေ့တွင် စာရေးကြီးကတော်သည် တစ်လစာဈေးဝယ်ရန်အတွက် ကလေးကိုပုခက်ထဲ၌သိပ်ခဲ့ပြီးလျှင်စကားတောင်စားအား "ကလေးကိုကြည့်ထားပါ"ဟု မှာကြား၍ ဈေးသို့သွားလေ၏။

စာရေးကြီးကတော် ဈေးသွား၍ အတော်ကြာလျှင် ကလေးမှာ ပုခက်ထဲမှနိုး၍ငိုလေတော့သည်။ စကားတောင်စားသည် ကလေးငိုသည်ကို မျက်တောင်မခတ် စိုက်၍သာ ကြည့်နေသည်။

ကလေးလည်းငိုနေ၍ ခေါ်သူမရှိသဖြင့် ပုခက်တွင်းမှ ရုန်းကန် ထရင်း ပုခက်အောက်သို့ ကျလေ၏။ ကလေးက ပိုမို၍ ကျယ်လောင်စွာငို၏။ စကားတောင်စားကမျက်တောင်မခတ်ဘဲ အသေအချာ ကြည့်နေ၏။

ကလေးလည်းငိုရင်းက လေးဘက်ထောက်၍ တံခါးဝဆီသို့ သွား၏။ စကားတောင်စားက သေသေချာချာ ကြည့်နေ၏။ ကလေးသည် တံခါးမကြီးမှလှေကားသို့လေးဘက်ထောက်ဆင်း၏။ လှေကားအောက်သို့ တလိမ့်ခေါက်ကွေးကျ၏။ လှေကားတောင်နှင့်ရိုက်မိ၏။ ကလေးခေါင်းကွဲ၍ သွေးချင်းချင်းနီသွား၏။ ကလေးတက်မတတ် မြောမတတ်ငို၏။ စကားတောင်စားကလည်း အသေအချာ လှေကားတွင် ရပ်၍ ကြည့်နေ၏။

ဈေးမှပြန်လာသော စာရေးကြီးကတော်သည် ကလေးငိုသံ အဝေးမှကြားရသဖြင့် ကမန်းကတန်းပြေးလာ၏။ ကလေး၏



အဖြစ်ကိုမြင်ရသောအခါ ရင်ကိုထု၍ ကမန်းကတန်းပွေ့ချီ၏။ စကားတောင်စားအား....

"ကလေး ဒီလောက်ဖြစ်နေကာ နင်ကြည့်နေရသလား" ဟု အပြစ်တင်၏။

"မှန်ပါသည်၊ စာရေးကတော်ကြီးမှာသည့်အတိုင်း ကလေးကိုကြည့်ပါဆို၍ ကျွန်တော်အသေအချာ ကြည့်ပါသည်။ ပထမ ကလေးမှာ အိပ်ရာမှနိုး၍ အမေကို မတွေ့သဖြင့် ငိုပါသည်။ ကျွန်တော် အသေအချာ ကြည့်ထားပါသည်။ ငိုပြီးနောက် အမေမလာသဖြင့် ပုခက်ပေါ်မှလူးလဲထ၍ လှမ်းဆင်းပါသည်။ ပုခက်အောက်သို့ ကျသောအခါ တက်မတတ် ချက်မတတ် ငိုပါသည်။ ကျွန်တော်လည်း မှာထားသည့်အတိုင်း အသေအချာ ကြည့်ထားပါသည်"

"တော်ပါတော့၊ ဆက်မပြောပါနှင့်တော့"

ဟု စာရေးကြီး ကတော်က ကြိမ်းမောင်းပြီး ကလေးကို သွေးဆေးများဖြင့် သိပ်၍ပေးနေလေသည်။

## နှစ်လ ရှိပါပြီ ခင်ဗျာ

စာရေးတော်ကြီး ပြန်ရောက်လာသောအခါ အကြောင်းစုံ ဟိုင်ကြားသဖြင့် စကားတောင်စားအား အလုန် စိတ်ဆိုးပြီး အိမ်မှ နှင်ချလေ၏။ နှစ်လမရှိသေးသဖြင့် မပြန်လိုသေးကြောင်း ပြောဆိုရာ စာရေးတော်ကြီးမှာ လက်မှိုင်ချ၍နေလေ၏။

စာရေးတော်ကြီးလည်း စကားတောင်စားအတွက် အကြံအိုက်နေလေရာ၊ ညမိုးချုပ်တွင် အကြံထုတ်ရင်း လမ်းလျှောက်

www.burmeseclassic.com



ရာမှ ရေအင်တုံတွင် လမင်းကြီး သာသာယာယာ ရေထဲတွင် ပေါ်နေသည်ကို မြင်ရာမှ အကြံရပြီး....

"ဟေ့-စကားတောင်စား၊ အိမ်အောက်ကို ဆင်းခဲ့ဦးကွ"

"ဟုတ်ကဲ့၊ လာပါပြီခင်ဗျာ"

"မင်း နှစ်လရှိယင် တကယ်သွားမလား"

"ကျွန်တော့်ကတိအတိုင်း နှစ်လဆိုယင် သွားပါ့မယ်"

"ကဲ-ဒါဖြင့် မိုးပေါ်မှာကြည့်စမ်း တစ်လ"

"ဟုတ်ပါတယ်၊ မိုးပေါ်မှာ တစ်လ ရှိပါတယ်"

'ကဲ....လာလာ၊ ဟောဒီ ရေအင်တုံမှာ ကြည့်စမ်း တစ်လ တွေ့ရဲ့လား"

"ဟုတ်ပါပြီ နှစ်လရှိပါတယ်၊ ကျွန်တော် ပြန်တော့မယ်"

ဆို၍ စာရေးကြီးနှင့် စာရေးကြီးကတော်တို့ကို ကန်တော့၍ အိမ်သို့ ပြန်သွားလေသည်။

❁

# ကျောင်းနေဘက် သုံးဦး

စကားတောင်စားသည် စာရေးတော်ကြီး အိမ်၌နေကာ ပညာလည်း ဆည်းပူးယင်း အိမ်ထက်သာသော ထမင်းများ ဟင်းများလည်း စားနေရသောကြောင့် စာရေးတော်ကြီးအိမ်သို့ သတိရ၍ နေလေသည်။

သို့သော်လည်း မိမိစကားကတ်များကို ပြုမူ ကျင့်သုံးခဲ့ပုံများကြောင့် ပြန်လည်၍ လက်ခံဖို့ဆိုသည်မှာ မဖြစ်နိုင်တော့သောကြောင့် အခြားတစ်နည်းတစ်လမ်း ကြံဆရလေသည်။

သူကြံဆ တွေးတောရသည်မှာ ၎င်းမိခင် ဆွမ်းပို့နေသော ဘုန်းကြီးကျောင်းတွင် နေထိုင်လိုပေသည်။ ထိုကျောင်းမှာ စာပေပညာနှင့်တကွ လောကီ လောကုတ် နှစ်လီသော ပညာများကိုသင်ကြားပေးသောကြောင့် နာမည်ကျော်ကြားလှလေရာ၊ ရွာနီးချုပ်စပ်နှင့်တကွ အနယ်နယ် အရပ်ရပ်မှလာရောက်ခိုလှုံကြသူများ ပေါများသောကျောင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် စကားတောင်စားသည် မိမိကိုယ်တိုင်လည်း ကောင်းမွန်စွာ စားသောက်ရလေအောင်၊ နောက်တစ်ချက်ကလည်း ပညာတတ်မြောက်မှ စာရေးတော်ကြီးကဲ့သို့ ကောင်းမွန်စွာနေရမည်ကြောင့် ထိုကျောင်းတွင် အပ်နှံပေးပါရန် သူ၏အမေအား ပူဆာပြန်လေသည်။

သူ့အမေကလည်း အိမ်မှာထားလျှင် ပညာလည်းမရှိ၊ လက်ကူလက်လှည့်လည်းမရ၊ အလုပ်ကလည်းပျင်း၊ စကားကလည်းကတ်၊ အစားကလည်းကြီး၊ ဆန်ကလည်းရှားသောကြောင့် ဝန်ပိုနေ၍ သဘောတူလိုက်လေသည်။

ကျောင်းအပ်ပြီးသောအခါ ပထမ ရောက်နှင့်နေကြသော ကျောင်းသားငလက်တို့နှင့် ငညိုတို့က စကားတောင်စားအား ပညာစမ်းကြ၊ တီးကြ ခေါက်ကြလေသည်။

သို့သော်လည်း စကားတောင်စားမှာ ကျောင်းသားသစ်ဖြစ်သော်လည်း ညံ့သူမဟုတ်သောကြောင့် စကားပြောရာ၊ ကျောင်းလုပ်ငန်းများလုပ်ရာ၊ ခိုပုံကဗျာ်ပုံ၊ စကားနိုင်လုကြပုံတို့မှာလည်း မှတ်လောက်သားလောက်အောင်ပင် ဖြစ်လေသည်။

တစ်ယောက်နှင့် တစ်ယောက်အား တစ်လှန့်တင်မခံ၊ သေးသေးတင်မခံကြဘဲ အကြိတ်အနယ်ပင် အပြိုင်အဆိုင် အနိုင်ကြဲနေကြလေသည်။

သို့ကြောင့် ဘုန်းကြီးလည်း သူတို့သုံးယောက်အား ချစ်ခင်၍ အပျော်သဘောဖြင့် စကားနိုင် ပြောခိုင်းတတ်လေသည်။



## စကားနိုင် ပြိုင်ပွဲ (၁)

ဘုန်းကြီးက ဤသို့စကားနိုင်ပြောခိုင်းသည့်မှာ ရယ်ရွှင်လို၍ သူတို့သုံးယောက်ကလည်း တစ်ယောက်နှင့် တစ်ယောက် နည်းနည်းမှ အညံ့မခံ အရှုံးမပေးကြသောကြောင့် စကားနိုင်ပြောရန် စဉ်းစားကြလေသည်။

"ကဲ…ပထမ ငလက်တို့စပြော"

"ငါမြင်ဖူးတဲ့ ခွေးကောင်းတစ်ကောင်ဟာ သိပ်ပြီးတော့ကို မြန်တယ်၊ ဘယ်လောက်မြန်သလဲဆိုယင် တစ်ခါကယုန်လိုက်ဖို့ရာ တောထဲကိုခေါ်သွားတယ်၊ တောစပ်ရောက်တော့ ယုန်ကလေးသုံးကောင် ဖြုတ်ခနဲ ပြေးတာလဲမြင်လိုက်ရော ခွေးက မုဆိုးနားကပျောက်သွားတယ်၊ ခဏကြာတော့ ယုန်သုံးကောင်ကို တစ်ပြိုင်တည်းကိုက်ချီလာတာကိုတွေ့ရတော့တာဘဲ၊ ဒါလောက်ထိအောင်ဘဲမြန်တယ်၊ လိုက်တာ မမြင်ရတာကို ထောက်ယင်ယုန်ထက်ဆယ်ဆမက မြန်တယ်" ဟု ငလက်တိုက သူ့စကား သူဟုတ်လှပြီဟု ယူဆကာ ကြွားဝင့်ပြောဆိုလိုက်သည်။

ထိုအခါ အနီးအနားဥ္စနားထောင်နေကြသော ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားများကလည်း တအံ့တသြ ဖြစ်ကြပြီး ဘုန်းကြီးကိုယ်တိုင်ကလည်း ပြုံးလျက်သဘောကျနေလေသည်။

"ကဲ…ကဲ ငညိုပြောစမ်းပါဦး" ဘုန်းကြီးကပြောရာ ငညိုကလည်း ငလက်တို့ထက်သာအောင် ပြောဆိုလေတော့သည်။

"အောင်မာ မင်းခွေးကောင်းတယ်ဆိုတာ ဘာဟုတ်သေးလဲကွ၊ ငါတွေ့ဖူးတဲ့ နွားတစ်ရှဉ်းကမှ တကယ်ကောင်း၊ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်အထိ ကောင်းသလဲဆိုယင် အမရပူရက နေပြီးတော့ မန္တလေးတောင်ကို လှည်းနဲ့သမီးယောက္ခမနှစ်ယောက်ဘုရားဖူး သွားကြတယ်။ ယောက္ခမက နောက်ကထိုင်လို့၊ သမက်က လှည်းမောင်းလို့၊ ဒါနဲ့ မန္တလေးတောင်ခြေရောက်လို့ သမက်က နောက်ကို လှည့်ကြည့်လိုက်တယ်၊ ယောက္ခမကြီး ပါလာတာ မတွေ့ရတော့၊ ဟ....ငါ့ယောက္ခမကြီး လှည်းဆောင့်လို့ ကျခဲ့ပြီ ဆိုပြီး ပြန်လှည့်မောင်းလာတာ အနားရောက်တော့ ယောက္ခမ ကြီးဟာ မြေကြီးပေါ်မရောက်သေးလို့ သမက်က ဆင်းပြီးပွေ့ လိုက်နိုင်သတဲ့။ ကဲ...မင်းခွေးထက် ငါ့နွားက မမြန်ဘူးလား” ဟု ဝင့်ကြွားစွာပြောဆိုရာ ၊ “ငလက်တို့ရဲ့ခွေးထက် မြန်ပါပေ တယ်”ဟု ကြားရသူများက ချီးမွမ်းကြ၏။ ညိုမှာ ပြုံးပြုံး ပြုံးပြုံးနှင့် ပီတိဖြစ်၍နေလေသည်။

ဘန်းကြီးမှာမူကား စကားတောင်စား ပြောမည့်စကားကို နားစွင့်လျက်ရှိလေသည်။

စကားတောင်စားကလည်း အပွဲပွဲနွဲလာသူဖြစ်၍ ဤနေရာ တွင်မှ နှုပ်ပစ်ခံရမည်မဟုတ်ရကား “အဟမ်း”ဟုပင် ချောင်းဟန့် လိုက်ပြီးမှ “မင်းတို့နှစ်ယောက်ရဲ့ ခွေးကောင်း၊ နွားကောင်းက ဘာဟုတ်သေးလဲကွ၊ ငါတွေ့တဲ့ထမ်းပိုးကောင်းပုံကမှ အံ့လောက် အောင်ကောင်းတာ၊ ဘယ်လောက် ကောင်းသလဲဆိုယင် လူ တစ်ယောက်ထမ်းပိုးကိုထမ်းပြီးသွားလိုက်တာဟာ တဖြည်းဖြည်း နဲ့ ပခုံးနဲ့ ထမ်းပိုးနဲ့ တစ်လက်မလောက် ကွာလာတယ်၊ နောက် တော်တော်လှမ်းလှမ်းရောက်တော့ တစ်ထွာလောက် ကွာလာ တယ်၊ နောက်ကျတော့ ထမ်းပိုးက လူနဲ့ လွတ်ထွက်သွားတော့



လူက ၊ တောင်းထဲ တက်ထိုင်ပြီး လိုက်သွားတော့တာဘဲ”ဟု ပြောရာ ကြားရသူများ အားလုံးကပင် “အင်း.... စကား တောင်စားရဲ့ ထမ်းပိုးက ကောင်းလှပေတယ်”ဟု ဆုံးဖြတ်လိုက် ကြသည်။

## စကားနိုင် ပြိုင်ပွဲ (၂)

စကားနိုင်ပြိုင်ပွဲကို ရှုံးရသဖြင့် ငလက်တို့နှင့် ညိုတို့မှာ မကျေမနပ်ဖြစ်နေလေသည်။ စကားတောင်စားကို စကားအရာ မှာ မနိုင်လေသဖြင့်အကွက်ကောင်းကိုချောင်းနေလေရာ၊တစ်နေ့ တွင် ဆရာတော်သည်လည်း ပျင်းပျင်းရှိသည်နှင့် စကားတောင် စားနှင့် ငလက်တို၊ ညို သုံးယောက်စလုံးကိုခေါ်၍ စကား အနိုင် ပြိုင်စေပြန်သည်။

ထိုအခါ ငလက်တိုက ဒီတစ်ချက်ဖြင့်အကွက်ပေါ်ပြီ၊ စကား တောင်စား မလှန်နိုင်အောင် ပြောခွင့်ရလေပြီဟု အားရဝမ်းသာ စ၍ ပြောသည်မှာ....

“တို့ဘကြီးယာထဲက ရွှေဖရုံသီးဟာ ဘယ်လောက်စေးသလဲ ဆိုယင် အလှူတစ်ခုမှာ ရွှေဖရုံသီးချက် ဟင်း အိုး မွှေတဲ့ ယောက်မနုတ်မရလို့ လူပေါင်း ၂၀ ဝိုင်းနှုတ်မှ ယောက်မ ပြုတ်ထွက်လာသတဲ့၊ အဲဒါ မင်းယုံရဲ့လား”

“ယုံပါသော်ကောမောင်ရာ၊ အဲဒီမင်းဘကြီး ယာတောမှာ စိုက်တဲ့ ရွှေဖရုံပင်ဟာ တို့ခြံထဲကထွက်တဲ့ ရွှေဖရုံမျိုးစေ့ မို့ ယုံ ရောမရှိပါဘူး”ဟု ဆိုလေသဖြင့် ငလက်တို့မှာ ပြန်၍မချေပ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲဝိုင်ကျသွားရာ ဆရာတော်နှင့်တကွ ရဟန်းသာမဏေများပါ ရယ်မောကြရသတည်း။

ငလက်တို့အရှုံးပေါ်၍ ညိုကာမခံချင်ဖြစ်လာပြီး....

"ကဲ ဘူးသီးဘယ်လောက်ကြီးတာ မင်းမြင်ဖူးသလဲ"ဟု မေးရာ စကားတောင်စားက ပြုံးပြုံးပင်....

"မင်းပြောမယ့်ဘူးသီးထက် ပိုကြီးတာ ငါမြင်ဖူးတယ်"ဟု ဆိုသဖြင့် ငညိုမှာ သူ့ဘူးသီး ဘယ်လောက်ကြီးသည်ကိုပင် မပြောလိုက်ရဘဲ အရှုံးပေးလိုက်ရသဖြင့် မကျေမနပ်ဖြစ်၍ သွားလေသတည်း။

## စကားနိုင် ပြိုင်ပွဲ (၃)

တစ်နေ့သော် ဆရာတော်ကခေါ်သည်။ စကား တောင်စား နှင့် ငလက်တို့၊ ငညိုတို့ ယုံတမ်းစကားပြောရမည်။ ကျောင်းရှိ သာမဏေ၊ ကျောင်းသားအများ မှတ်သားနာယူရမည်ဟု အမိန့်ရှိသည်။ စကားတောင်စားက....

"မှန်ပါ၊ ဒီတစ်ခါတော့ ပွဲကြီးပွဲကောင်းမို့ တစ်ဘက်သား ယုံအောင် ယုတ္တိရှိရှိ ပြောရပါမည်။ ရှုံးသူက တပည့်ခံစတမ်း၊ လောင်းတန်းထားပါဘုရား"ဟု လျှောက်ထားရာ....

ငလက်တို့၊ ငညိုတို့ကလည်း စကားတောင်စား အပေါ် နိုင်ကွက်ချောင်း၍ နေရာမှ ဒီတစ်ချီ အနိုင် ကြဲတော့မည်ဟု အားခဲကာ....

"မှန်လှပါဘုရား၊ တပည့်ခံစတမ်း အလောင်းအစားပြုပေးပါဘုရား"



"ကဲ.... ကောင်းပြီ၊ လက်တို့ကစပြီး ယုံတမ်းစကားပြော"

"ကဲ.... စကားတောင်စားရေ၊ ကျုပ်တို့ဘကြီး နွားတစ်ကောင် ဘယ်လောက် ကြီးသလဲဆိုရင် ရေစကြို ဆိပ် ကမ်းရေဆင်းသောက်တာ ရှေ့ခြေနှစ်ချောင်းက ညောင်ဦးဘက် ရောက်နေပြီး၊ နောက်ခြေနှစ်ချောင်းက ရေစကြိုဘက်မှာ ရှိနေတယ်။ အဲဒီလောက်ကြီးတယ် ယုံရဲ့လား"

စကားတောင်စားက....

"မင်းနွားက မင်းပြောလို့သာ ကြားရတာ ယုတ္တိမရှိဘူး"

"ယုတ္တိရှိရင် ယုံမလား"

"ယုတ္တိရှိရင် ယုံမှာပေါ့"

"အဲဒီလို ငါ့ဘကြီးရဲ့နွားကြီး ရေသောက်နေတုန်း ဖြုန်းဆို ညောင်ဦးကမ်းပါး ပြိုကျလိုက်တော့ ရေစကြိုဘက်မှာရှိနေတဲ့ ခြေထောက်နှစ်ချောင်းဟာကားကနဲဖြစ်ပြီးပေါင်ပဲ့သွားတယ်။ တို့ဘကြီးနွားကို အကြောင်းပြုပြီး (ညောင်ဦးကမ်းပါးပြိုတာနဲ့ ရေစကြိုက နွားပေါင်ပဲ့ရတယ်) ဆိုတဲ့ စကားပုံဖြစ်လာတာပေါ့"

ငလက်တို့၏စကားကို ဆရာတော်နှင့်တကွ ရဟန်းသာမဏေ ကျောင်းသားများအစ (ယုတ္တိရှိပါပေသည်)ဟု ချီးမွမ်းစကား ပြောကြားရာ ငလက်တို့မှာ "ဒီတစ်ချီတော့ အနိုင်ရပေပြီ" ဟူသော မျက်နှာထားနှင့်စကားတောင်စားကိုလှမ်းကြည့်သည်။ စကားတောင်စားကမူ ဣန္ဒြေမပျက် ပြုံးလျက်နေသည်။

ရတနာ့ဂုဏ်ရည် (၃)

www.burmeseclassic.com

www.burmeseclassic.com



"ကဲ.... ညိုအလှည့်" ဟု ဆရာတော်အမိန့်ရှိရာ၊ ညိုက စကားတောင်စားဘက်လှည့်၍....

"တို့အိမ်ခေါင်မိုးမှာ ရောနှံ့ မန်ကျည်းပင်ကြီး တစ်ပင်ရှိတယ်၊ ဘယ်လောက်ကြီးသလဲဆိုရင် ငါ့အမေဗိုက်ထဲမှာ ငါ ကိုယ်ဝန်ရှိနေတော့....မန်ကျည်းသီး စားချင်တာနဲ့ ဗိုက်ထဲကနေ အမေ့ပြောတော့"

ကိုရင် တစ်ပါးက....

"ဟေ....ဟေ့၊ မန်ကျည်းသီး စားချင်တာ ဗိုက်ထဲကနေ အမေ့ကို ဘယ်လိုပြောသလဲ" ဟု သရော်သေသဖြင့် ညိုက....

"အဲဒီကစပြီး ကိုယ်ဝန်ဆောင်တွေ ချင်ခြင်းတပ်တယ်လို့ ပြောကြတာမယုံရင် ရွာထဲက ဒကာမကြီးတွေ မေးကြည့်" ဟု ဆိုသဖြင့် စကားတောင်စားက....

"ထားပါတော့၊ ဆက်ပြောပါဦး"

"အမေက မန်ကျည်းသီးစားရအောင် မန်ကျည်းပင်ပေါ် တက်ခူးနေတုန်း၊ ငါကလဲ အမေမန်ကျည်းသီးခူးတာ မစောင့်နိုင်လို့ ဗိုက်ထဲက ခုန်ဆင်းလိုက်တာ အောက်ကိုရောက်ရော၊ အမေလဲ ငါသား ဝမ်းကကျက်သွားပြီဆိုပြီး မန်ကျည်းပင်ပေါ်က မြန်မြန်ပြန်ဆင်းတာတောင် ငါ ငါးနှစ်သားရောက်မှ အမေ မန်ကျည်းပင်ပေါ်က အောက်ကိုရောက်လာတယ်"

ဆရာတော်နှင့်တကွ ကျောင်းသား၊ သာမဏေ များပါ ရယ်မောကြလေရာ၊ ညိုက....

"မယုံဘူးလား၊ မယုံရင် ငါ့အမေပြန်လာတော့မေးကြည့်ကြ..."



"မင်းအမေ ဘယ်သွားလို့လဲ"

"ငါဆယ်နှစ်သားက သေသွားတယ်။ မသေခင် ငါ့မှာသွားတယ်။ ငါ့သား အမေ လူ့ပြည်ပြန်လာခဲ့ဦးမယ်တဲ့" ဟု ပြောသဖြင့် ရဟန်း၊ သာမဏေ ကျောင်းသားများမှာ ဟားတိုက်၍ ရယ်မောကြလေရာ၊ စကားတောင်စားက....

"ထားပါတော့ ထားပါတော့။ ညို့ရဲ့ မန်ကျည်းပင်ကြီး တကယ်ရှိတယ်ဆိုတာ တပည့်တော် ယုံမှဖြစ်မယ်ဘုရား"

"ကဲ....ငလက်တို၊ ညိုအလှည့်ပြီးပြီ။ မင်းအလှည့်ပဲ၊ ယုံလောက်အောင် ကြံဖန်ပြောပေတော့၊ ငလက်တို၊ ညို တပည့်ခံရရင် မင်းသက်သာမှာ မဟုတ်ဘူး"

"မှန်လှပါ၊ တပည့်တော် ထူးထူးခြားခြား စိတ်ကူးထားတာ ရှိပါတယ် ဘုရား။ ဒီအင်းဝမြို့ရဲ့ အကျယ်အဝန်းလောက် မျက်နှာဝရှိတဲ့ စည်တော်ကြီးတစ်လုံးလုပ်ပြီး ဘုရင်မင်းမြတ်ကို ဆက်သဖို့ စိတ်ကူးထားပါတယ်ဘုရား"

ပရိသတ်များက ဟားတိုက်၍ ရယ်လိုက်ကြသည်။ ညိုက ထ၍-

"အင်းဝမြို့လောက် မျက်နှာဝရှိတဲ့ စည်တော်ကို ဘာနဲ့လုပ်မှာလဲ"

"မင်းပြောတဲ့ ရောနှံ့ မန်ကျည်းပင်ကြီးလှဲပြီး စည်ထွင်းမှာပေါ့"

ငလက်တိုက တစ်ဖန်-

"စည်ကြက်ဖို့ အဲဒီလောက်ကြီးတဲ့ သားရေကော ဘယ်က ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရေစကြိုက ပေါင်ပွဲသွားတဲ့ မင်းဘကြီး နွားကရဟတ်သွားရေနဲ့ စည်ကြက်မှာပေါ့"

ဟုဆိုလေရာ ပရိတ်သတ်များမှာ စကားတောင်စား၏စကားကို အံ့သြတနန်း ချီးကျူးကြလေ၏။ ဆရာတော်က....

"ကဲ....လေက်တို့နဲ့ ငညို၊ မင်းတို့ပြန်ပြီး ချေပခွင့် ရှိသေးတယ်၊ ပြောပေတော့"

"မှန်ပါ့ဘုရား၊ စကားတောင်စားဟာ တပည့်တော်တို့ထက် စကားအရာ ဉာဏ်ပညာသာတာ အမှန်ပါ၊ တပည့်တော်တို့က အမြဲတမ်း ဆရာတင်ပါတော့မယ် ဘုရား"

ဆရာတော်က အမိန့်ရှိလေသည်။

"မင်းတို့နှစ်ယောက်ကိုလည်း ကိုယ့်ထက်သာသူကိုဆရာတင်နိုင်သော နှိမ့်ချသည့်မာနကို ငါချီးကျူးသည်။ စကားတောင်စားသည် မမှန်သော အကြောင်းအချက်ပင် ဖြစ်သော်လည်း ယုတ္တိရှိရှိဖြင့် တိတိကျကျ၊ မိမိရရ ပြောနိုင်ပေသည်။ တစ်ဘက်သား၏ စကားကို ကိုင်၍ အနိုင်ရအောင် ပြောနိုင်သော တခဏုပ္ပတ္တိဉာဏ်လည်း ရှိ၍ ကြီးပွားနိုင်သူ ဖြစ်ပေသည်"ဟူ၍ ချီးကျူးတော် မူလေသတည်း။

## ထင်ပေါ်၍ စင်တော်ကောက်ခံရပုံ

စကားတောင်စားတို့၏စကားပြိုင်ပွဲသတင်းမှာကျောင်းသားကိုရင်တို့မှတစ်ဆင့် ရပ်ရွာအတွင်းပျံ့နှံ့၍ သွားသလောက်စကားတောင်စားမှာ ထင်ရှား၍ လာလေသတည်း။ အထူးသဖြင့်



စကားတောင်စား၏အင်းဝမြို့လောက်ကြီးသော စည်တော်ကြီးဘုရင့်ထံ ဆက်သမည့် သတင်းကြောင့် ပို၍ ထင်ရှားလာခြင်းဖြစ်ပြီး ဘုရင့်နန်းတော်အထိ ပေါက်ကြား၍သွားလေရာ အင်းဝဘုရင်က ထူးခြားသော သူငယ်ကိုခုံတော်မင်းက ခေါ်ယူဆင်ကြားပြုစုကျွေးမွေးရမည် အမိန့်ရှိလေသဖြင့် စကားတောင်စားမှာ ခုံတော်မင်း၏ရုံးတွင် ခုံရုံးစာရေးအဖြစ် ပညာသင်ကြားခွင့် ရလေတော့သည်။


## တစ်လိမ် နှစ်လိမ် ပွေလိမ်ရှုပ်

နှစ်ပေါင်းများစွာ ပညာသင်ဘက် စကားတောင်စားကျောင်းထွက်သွားသောအခါ၊ လေက်တို့နှင့် ငညို မှာလည်း ကျောင်းမှထွက်ရန် ဘုန်းတော်ကြီးထံ ခွင့်တောင်း၏၊ အခွင့်ရသဖြင့် ဆရာတော်အား ကန်တော့၍ ရပ်ရွာသို့ ပြန်ကြလေ၏။

လမ်းတွင် လေက်တို့နှင့် ငညိုတို့ နှစ်ယောက်သားတိုင်ပင်ကြသည်။ စီးပွားမရသော်လည်း ပညာရခဲ့ကြသည်။ သို့သော် ရပ်ရွာသို့ လက်ချည်းပြန်၍မတော်၊ ရပ်ရွာမှာ ခိုကိုးစရာလည်း မိဘဆွေမျိုးဟူ၍မရှိ၊ လက်ချည်း ပြန်သွားလျှင်လည်း သူများအိမ် အခစားလိုက်နေရဦးမည်။ သို့ဖြစ်၍ ငွေရအောင် တစ်နည်းတစ်ဖုံ ကြံကြစို့ဟု အကြံထုတ်ကာ အလုပ် အကွက် စနည်းနာခဲ့ကြသည်။ ထို့ကြောင့် နှစ်ဦးသဘောတူ အလုပ် တစ်ခုခု လုပ်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com




## ကောက်ရိုးပုံနှင့် ကျွဲခလောက်

လက်တို့နှင့် ညိုတို့သည် ဇရပ်တစ်ခုကို တွေ့သောကြောင့် ထိုဇရပ်မှာပင် တည်းခိုရန် ဆုံးဖြတ်လိုက်လေသည်။

အမောအပန်းဖြေပြီးနောက် ယခုရရှိလာသော ငွေများကို မည်သို့မည်ပုံ ခွဲဝေကြမည်ကိုညှိနှိုင်း လိုက်ကြလေသည်။

"ကဲ....ဒီကိစ္စကို ငါကပဲ စတင်ကြံစည်ခဲ့ရတယ်၊ မင်းကတော့ ငါစီစဉ်တဲ့အတိုင်းသာလုပ်ရတယ်၊ ဒီတော့ ရလာတဲ့ ငွေထွေကို သုံးပုံပုံပြီး နှစ်ပုံကို ငါယူမယ်၊ တစ်ပုံကို မင်းယူ"

ဟု လက်တိုက သူကြံစည်ခဲ့ရသည်ကို တန်ဖိုးထားလျက် တွက်ချက်ပြကာ ဝေစုခွဲပေးလေတော့သည်။

"အံမယ်၊ ဘာရမလဲ၊ တစ်ယောက်တစ်ဝက်ညီတူမျှတူ ယူရမှာပေါ့"



"ဘာတုန်းကွ၊ ငါကပဲ မတရားလုပ်နေသလိုလို ဘာလိုလိုနဲ့ ငါမှာ ဒီငွေတွေရအောင် အကြံအစည်လုပ်ရတယ်၊ ပြီးတော့လဲ သျှောင်တစ်လုံး အဆုံးခံပြီး ခေါင်းတုံးအဖြစ်နဲ့ အနစ်နာခံရပါကွ၊ ဒီတော့ ငါကနှစ်ပုံ မင်းက တစ်ပုံ ဒါလောက်တရားတာ ဘာရှိသေးလဲကွ"

ဟု တစ်ဖက်စီးနင်းပြောဆိုကာ သူ့စကား ပိုင်လှပြီဟူသည့် အနေပြင့် ဒူးနှံ့၍နေလေသည်။

ဆေးပေါ့လိပ်ကို မီးနှိုးကာဖွာရင်း နားထောင်နေသော ညိုက ပြုံးလိုက်ပြီးနောက် နှုတ်ခမ်းကိုပြင်၍ ထိုင်လိုက်ကာ ပြန်လည်၍ ချေပလိုက်လေသည်။

"ကဲ....ကဲ၊ ကိုရင်ပြောသလို ကြံစည်ရ ခေါင်းတုံး တုံးရ ဆိုတာတွေကတော့ ဟုတ်ပါပြီ၊ သူဌေးကလေးမောင်ကောင်းဇံ ဆီရောက်တော့ မင်းက ဦးပြောင်ဆီမှာ အပ်ခဲ့တဲ့ငွေဟာ တင်းကောင်းနဲ့ ကစ်တောင်းပါလို့ ပြောရုံနဲ့ ဟိုက ဒီငွေတစ်ပြားမှ ပေးမှာမဟုတ်ဘူးလို့ ငြင်းတယ်မဟုတ်လား"

"အေး... အဲဒါ ဘာဖြစ်သလဲ"

"ကောင်းပြီ၊ အဲဒီလို ငြင်းလိုက်တဲ့ အတွက် သက်သေ အထောက်အထားဆိုလို့ ဘာတစ်ခုမှ မပြနိုင်တော့ ထပြီးပြန်ရှုံ အခြေအနေရောက်နေတယ်၊ အဲဒီအခါမှာ ငါက ဝင်ပြီးဖျန်ဖြေ တဲ့ သဘောနဲ့ သဘာဝကျကျ ပြောလိုက်တဲ့ စကားကြောင့် ပေး လိုက်တာ၊ ဒီတော့ မင်းရဲ့အကြံအစည် ဘယ်လိုကောင်းပေမယ့် နောက်ဆုံးမှာ ငါ့ကြောင့်ရတာ၊ ဒီတော့မင်းကတစ်ပုံ ငါကနှစ်ပုံ ရထိုက်တယ်" ဟု ပြောဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါငလက်တို့မှာ မျက်လုံးပြူးပြူးမျက်ဆန်ပြူးပြူးနှင့် မျက်နှာကြီးနီကာ ဖြန်းခနဲဖြစ်သွားပြီး "ဟော့.... ဘယ်နည်းနဲ့မှ မပေးနိုင်ဘူး၊ အညီအမျှတောင် မပေးနိုင်ဘူး၊ ဒီတရားကို ဘယ်မှာပဲသွားပြီး ဆုံးဖြတ်ခံခံ ငါနိုင်မှာ အသေအချာပဲ၊ ဒီတော့ ဒီတင်ပဲ ငါပေးသလောက် ယူချင်ယူ၊ မယူချင်လဲ တစ်စုံတစ်ယောက်ရဲ့ အဆုံးအဖြတ်ကို ခံရုံရှိတာပဲ" ဟု တင်းတင်းမာမာ ပြောဆိုလိုက်လေသည်။

ငညိုကလည်း မည်သူပင် ဆုံးဖြတ်စေကာမူ မိမိပင် အနိုင်ရမည်သာ ဖြစ်သည်ဟု တွေးတောကာ "အေးပါမောင်၊ ဘယ်သူဆီပဲသွားသွား၊ သွားပါ၊ ပညာရှိခဲ့တမ်းကတော့ ငါ့ကိုပဲ နှစ်ပုံယူလို့ ပေးကြမှာပဲ" ဟု ပြောဆိုလိုက်လေသည်။

"ကဲ...ဒါဖြင့်ကောင်းပြီ၊ ဒီငွေကို ဒီအတိုင်းပဲထား၊ မင်းရောငါပါ သဘောတူတဲ့လူရဲ့ အဆုံးအဖြတ်ကိုရမှပဲ ခွဲကြစတမ်း၊ ဒီတော့ ကနေ့တော့ပြီကွာ၊ ဒီမှာပဲ တစ်ညအိပ်ပြီး တဖြည်းဖြည်းနဲ့ ရွာဘက်ကိုပြန်ကြရင်း ဆုံးဖြတ်ပေးမည့် လူကို ရှာကြတာပေါ့" ဟု ငလက်တို့က စကားပြောဆိုကာ နှစ်ဦး သဘောတူလိုက်ကြလေသည်။

ဤသို့ဖြင့် နှစ်ယောက်သား ငွေထည့်သော ပစ်တောင်းမှ အိတ်တစ်ခုရှာကာ ငွေအိတ်ကို တစ်ယောက်တစ်လှည့် ထမ်း၍ လာကြရာမှ ငလက်တို့ ထမ်းလာသည့်အလှည့် တောလမ်းတစ်နေရာတွင် ငညိုက တပိုတစ်ပါးသွားလိုရာ၊ ငလက်တို့ကိုလည်း စိတ်မချသဖြင့် နှစ်ဦးသား အတူတကွ အခင်းကြီး သွားကြရန် တိုင်ပင်လေသည်။ ငလက်တို့က ရှက်တတ်သည်။ချုံတစ်ခုတည်းမှာ တစ်ယောက်တစ်ဖက်ထိုင်ကြရန် အကြံပေးသဖြင့် ငညိုက သဘောတူလေသည်။



ကိစ္စပြီး၍ ထွက်လာသောငညိုသည် ငလက်တို့ ဝင်သွားသောချုံကို ကြည့်ကာ ထွက်လာနိုင်ခဲသဖြင့် အော်၍ ခေါ်ကြည့်သော်လည်း ပြန်၍ထူးသံ မကြားသောကြောင့် "ဟေ့.... ကောင် ထွက်ရင်ထွက်နော်၊ မထွက်ရင် ငါ ခဲနဲ့ထုလိုက်မယ်" ဟု ပြောဆိုခြောက်လှန့်သော်လည်း မထွက်လာသဖြင့် ငလက်တို့ ငွေထုပ်ယူကာ ထွက်ပြေးသည်ကိုသိသောကြောင့် နောက်မှလိုက်သွားသော်လည်း မတွေ့ရသောကြောင့် အတွေးရ ခက်နေလေသည်။

သို့သော်လည်း ခရီးအတန်ကွာတွင် ကောက်ရိုးပုံ တစ်ပုံကို တွေ့ရှိသောကြောင့် "တန်တော့ ဒီနားမှာ ရှားရှားပါးပါး ဒီကောက်ရိုးပုံတစ်ပုံပဲရှိလေတော့ ဒီကောင်ဒီမှာပဲပုန်းရမယ်" ဟု တွေးတောကာ ဟေ့....ငလက်တို့ ထွက်ခဲ့ ထွက်ခဲ့ဟု တွေးကာ အော်၍ခေါ်သော်လည်း ဘာမျှပြန်ပြောသံမကြားရသောကြောင့် အစဉ်းစားရခက်နေလေသည်။

ထို့နောက် "ကြည့်ကြသေးတာပေါ့ကွာ" ဟု ကြိမ်းကာ အနီးအနားတွင် လိုက်၍ရှာရာ ကျွဲနွားများ၏လည်ပင်းတွင် ချိတ်ဆွဲသော ခလောက်တစ်ခုကို တွေ့ရလေသည်။ ဤတွင်ငညိုသည် ခလောက်ကိုကိုင်ကာ ကျွဲနွားများ လာ၍လှုပ်သကဲ့သို့ လှုပ်ကာ လာလေရာ ဂလောက်ဂလောက်နှင့်မြည်၍ တကယ်ပင် ကျွဲနွားများနှင့် တူလေသည်။

ကောက်ရိုးပုံအတွင်း ပုန်းအောင်းနေသော ငလက်တို့မှာ "အင်း....ညိုတော့ထွက်သွားပြီ၊ အခုကြားရတဲ့ အသံကကျွဲနွားနဲ့တူတယ်၊ ကျွဲဆိုရင်တော့ ကောက်ရိုးပုံကိုစားရင်းနဲ့ နင်းတော့

www.burmeseclassic.com


www.burmeseclassic.com



မှာပဲ၊ ငါတော့ကျွန်နင်းခံရတော့မယ်''ဟု တွက်ကာ ကောက်ရိုးပုံထဲမှ ''ဟဲ့ ကျွဲ....ဟဲ့ကျွဲ....''ဟု အသံပေးလိုက်သဖြင့်....

''ကဲ....ကဲ၊ မင်းလွတ်သေးရဲ့လား''

အောင်ပွဲရလိုက်သော ညိုက ဝင့်ကြွားစွာ ပြောဆိုလိုက်သော်လည်း မျှက်တတ်သော လေက်တိုက ''အံမယ်....ငါက မင်းကို ဉာဏ်စမ်းတာပါကွာ''ဟု ပြောဆိုလိုက်ပြီး ရှေ့ခရီးသို့ နှစ်ဦးသားအတူတကွ သွားကြလေတော့သည်။



သေသူကို ရှင်အောင်ကုသူ

''ကဲ....ငါတဲ့စ်လှည့်ထမ်းဦးမယ်''ဟု ညိုက ပြောဆိုကာ လေက်တိုထံမှ ငွေထုပ်ကိုတစ်လှည့်ယူ၍ထမ်းသွားရာ စိတ်မချသော လေက်တိုက နောက်မှလိုက်၍ လာပြန်လေသည်။



လေက်တိုသည် ပထမချုံ ဝင်စက ငွေထုပ်ကို ခိုးချင်သဖြင့် ကောင်းကောင်း မသွားခဲ့သောကြောင့် ရွာတစ်ရွာသို့ မဝင်ခင်မှာပင် ဖြေရှင်းရန် လိုသဖြင့် လေက်တိုမှာ ချုံတစ်ချုံသို့ဝင်၍ သွားလေသည်။

လက်စားချေလိုလှသော ညိုမှာ ချက်ချင်းပင်ရှေ့မှ ခပ်သုတ်သုတ်သွားလေရာ ရွာထဲသို့ ရောက်သောအခါတွင် မိန်းမတစ်ယောက်တည်းသာရှိသော အိမ်တစ်အိမ်သို့ ဝင်သွားပြီးလျှင်

''ဒီမှာဗျာ ကျုပ်ကိုကူညီပါ၊ အောင်မြင်ရင် ခင်ဗျားကို ဟောဒီအထုပ်ထဲကပါတဲ့ငွေတစ်ကျော်ကို ပေးပါမယ်၊ ဒီငွေဟာ တစ်တင်းအပြည့်ရှိပါတယ်''ဟု ပြောရာ ထိုမိန်းမက....

''ကောင်းပြီ၊ တော့ကတိသာ မပျက်စေနဲ့''ဟု ပြောဆိုပြီး ညိုပြောသည့်အတိုင်း ငွေထုပ်ကိုယူလျက် ဝှက်ထားလိုက်လေသည်။

ညိုသည် အစီအစဉ်များကို မိန်းမအား ပြောပြပြီးနောက် အိမ်ရှေ့ခန်းတွင် ပက်လက်လှန်အိပ်ကာ လူသေဟန်ဆောင်လေရာ၊ မိန်းမကလည်း တကယ့်မသာကဲ့သို့ ခြေမ, ကြိုး, လက်မ, ကြိုး ချည်ခြင်း၊ အပေါ်မှာ ပုဆိုးလွှမ်းခြင်းတို့ကို ပြုလုပ်ထားလိုက်ရာ တကယ့်လူသေမသာကဲ့သို့ ဖြစ်သွားလေတော့သည်။

လေက်တိုမှာ ရွာထဲသို့ဝင်လာပြီး ဟိုအိမ် သည်အိမ်တို့တွင် အကဲခတ်ကြည့်သော်လည်း ညို၏အစအနကို မတွေ့ရဘဲ ရှိရာ ဆက်၍ လျှောက်လာခဲ့လေသည်။

ရွာအစွန်နားရောက်လာတော့မှ မိန်းမတစ်ဦးငိုယိုနေသည်ကို မြင်ရသဖြင့် ထူးခြားပါသည်ဟု တွေးတောကာ အသာအကဲခတ်၍ ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ကိုအဝ့ါရယ်....အသေစောလို့ နှမြောလှချည်ရဲ့တော့၊ မင်းတို့တွေ ဝတ်ကောင်းစားလှနေနိုင်ဖို့ ငါအောက်ပြည်၊ အောက်ရွာသွားဦးမယ်ဆိုပြီးသွားလိုက်တာ အံမယ်လေး လူစွမ်းကောင်းကြီးရဲ့၊ မတည့်တာတွေစားလာပြီး အခုတော့ ကောင်းသေးရဲ့လားတော့၊ တော်သေတာ ဟုတ်ပါပြီ၊ ကျုပ် ဘယ်သူနဲ့ နေခဲ့ရမှာတုန်း ပြောခဲ့ပါဦးလား"ဟု တတ်သမျှ ဖွဲ့နွဲ့၍ ငိုလေသည်။ သို့သော် ငလက်တို့က စဉ်းစားသည်မှာ....

ထိုမိန်းမ ငိုသံဟာ လျှာဖျားသံနဲ့ ငိုနေတာပဲ၊ ရင်ထဲက ဖြစ်လာတဲ့ လှိုက်လှဲတဲ့အသံတော့ မဟုတ်ဘူးဟု ငလက်တို့က တွေးတောကာ အိမ်ထဲသို့ ဝင်သွားပြီး မသာကို အကဲခတ်၍ ကြည့်လိုက်လေသည်။

သို့သော် မသာ၏မျက်နှာကိုပါ ပုဆိုးက ဖုံးလွှမ်းထားသဖြင့် ဘယ်သူဘယ်ဝါဟုမသိရဘဲရှိသော်လည်း ထိုမိန်းမငိုနေပါလျက် အိမ်နီးချင်းများ မလာကြခြင်း၊ မသာအလောင်းကို ယင်မအုံခြင်းတို့ကို ထောက်ရှုလျက်၊ သည်မသာသည် တကယ့်မသာ မဟုတ်၊ ဟန်ဆောင်မသာမျှသာ ဖြစ်လိမ့်မည်ဟု တွက်ချက်လိုက်လေ၏။

"အစ်မရဲ့၊ အစ်မယောကျ်ားက ဘယ်တုန်းက ဆုံးတာလဲ"

"ခုမနက်တင်ပါတော်"

"ဘာရောဂါနဲ့လဲ"

"ပြောမတတ်ပါဘူးတော်ရယ်၊ အိပ်ရာက ထ,လာပြီး ဗုန်းကနဲ လဲပြီး သေတာပါပဲ၊ ပြောပဲ့ မပြောတတ်တော့ပါဘူး"



"ဟာ....ဒါဖြင့် ရုတ်တရက်သေ၊ ချက်ချင်းသေ၊ အစိမ်းသေ လဲပြီးသေပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်တော်၊ ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျားယောကျ်ား ပြန်မရှင်စေချင်ဘူးလား"

"မရှင်စေချင်ပါဘူး"

မိန်းမသည် ငလက်တို့ကမေး၍သာ ဖြေနေရသော်လည်း သူစိတ်ဝင်စားနေသည်မှာ ငညိုပြောသည့်အတိုင်း အောင်မြင်လျှင် ရမည့်ငွေတစ်ဝက်ကိုသာ မြင်နေသောကြောင့် မရှင်ချင်ပါဘူးဟု ပြောလိုက်လေသည်။

"ဘယ့်နှယ် ကိုယ့်ယောကျ်ားကို မချစ်ဘူးလား" ဟု ငလက်တို့က ခပ်မာမာမေးတော့မှ မိန်းမမှာသတိရကာ....

"ဩော်....ယောင်လို့ပါတော်ရှင်၊ ချစ်တာပေါ့"ဟု ပြောလိုက်လေသည်။

"ကဲ....ဒါဖြင့် အခုလိုချက်ချင်းသေမျိုးကို ပြန်ရှင်အောင် ကျုပ်လုပ်လာတာ ၁၀ ယောက်ရှိပြီ၊ ဒါအမှန်တကယ်သေတာ မဟုတ်ဘူးဗျ၊ မေ့နေတာ၊ ဒီတော့ ကျုပ်ဆေးတန်ခိုးနဲ့ ပြန်ရှင်အောင် လုပ်မယ်"

"လုပ်ပါတော် လုပ်ပါ"

"ဒါဖြင့် ပေးစမ်းပါဗျာ အပ်တစ်ချောင်း"

မိန်းမသည် မျက်ရည်သုတ်ရန် ကိုင်ထားသော သဘက်ကလေးကို ပခုံးပေါ်တင်ကာ အခန်းထရံတွင် ထိုးထားသော အပ်ချည်တန်းလန်းနှင့် အပ်ကိုယူ၍ ပေးလိုက်သော အခါ ငလက်တို့သည် အပ်ကိုကိုင်ကာ ဥုံအကြွမ်ကြွမ်ခံလျက်မန်းမှုတ်ပြီးနောက် "ကဲ....အစ်မရေ၊ ကြည့်သာနေ ကျုပ်ဆေးအပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကပြမယ်”ဟု ပြောဆိုကာ သေဟန်ဆောင်နေသော ညို၏ ခြေမကို အပ်ဖျားနှင့် ထိုးဆွလေတော့သည်။

ထိုအခါ အပ်ဖျား၏ စူးဝင်ချက်ကို မခံနိုင်သော ညိုမှာ ကြာကြာမအောင့်နိုင်တော့ဘဲ အမလေးဗျ၊ နာလိုက်တာဟု ပြောဆိုကာ သေရာမှထ၍ ထိုင်ရလေတော့သည်။

“မင်း တော်တော် ယုတ်မာတဲ့ အကောင်”

ငလက်တိုသည် မသာအဖြစ်မှ ထလာသော ညိုအား အပြစ်တင်လိုက်ရာ၊ မသာလူထွက် ညိုကလည်း လက်မ ကြိုးကြီး တန်းလန်းနှင့်ပင် “ဟဲ ဟဲ ယုတ်မာတာ မဟုတ်ပါဘူးကွာ၊ မင်းကို ငါက ကျီစားတာပါကွ”ဟု ပြောဆိုကာ မိန်းမကြီးအား လက်ထိုးပေး၍ လက်မ ၂ ခု၌ ချည်ထားသောကြိုးကို ဖြေပေးလိုက်လေသည်။

ငလက်တိုကလည်း “အေးပါကွာ၊ မင်းနဲ့ငါကတော့ ငယ်ပေါင်းတွေပဲ၊ မင်းကျီစားတာပါဆိုတော့လည်း ငါက ကျေနပ်ရတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့....ငါ ကျီစားတော့လဲ မင်းက သည်းခံပေတာကိုး၊ ထားပါတော့လေ၊ ဒီတော့ ဒီအိမ်မှာပဲ တစ်နေ့နားပြီး ထမင်းလေးဘာလေးချက်ခိုင်းပြီး စားရအောင်၊ ကိုနှစ်ယောက်စပ်ထဲက ငွေနည်းနည်းပါးပါး အိမ်ရှင် ပေးလိုက်ပါလား”ဟု ပြောဆို၍ ညိုကလည်း သဘောတူကာ ဝှက်ထားသော ငွေထုပ်ကို ထုတ်စေလျက် အနည်းငယ်ပေးကာ ၂ ရက်စာမျှ ဆာခံနုံသောဝမ်းကို ဖြည့်စွက်ရင်း နားနေလိုက်ကြလေတော့သည်။




## အလိမ်နှင့်အလိမ်တို့ လိမ်ကြပုံ

နောက်တစ်နေ့ နံနက်လင်းသောအခါတွင် အိမ်ရှင်မိန်းမအား နှုတ်ဆက်ကာ ထွက်သွားကြလေရာ သည်တစ်ခေါက်တွင် ငလက်တိုက ငွေထုပ်ကို ထမ်းရမည့်အလှည့် ဖြစ်သောကြောင့် ရှေ့မှ သွားသဖြင့် ညိုမှာ နောက်မှလိုက်ရလေတော့သည်။

သို့ကြောင့် ငလက်တိုက သူ့ အကြံအတိုင်း ဇာတိရပ်ရွာ ပခန်းဘက်သို့ဦးတည်ခဲ့၍ ညနေမိုးချုပ်ချုပ်တွင် ရောက်သွားကြလေတော့သည်။ ငလက်တိုက သူ့ဖခင်အား ညို မသိအောင် တိတ်တဆိတ် တိုင်ပင်ထားပြီး နောက်တစ်ရက်မှ ညိုအား တိုင်ပင်လေ၏။

“ကဲ....သူငယ်ချင်း၊ တို့နှစ်ယောက်ကိစ္စကတော့မပြတ်မသားနဲ့ အချိန်ကုန် လူပန်း ဖြစ်နေကြရင် မကောင်းဘူး၊ ဒီတော့ ဒီငွေကို ဘယ်သူက နှစ်ဆရထိုက်တယ်ဆိုတာကို ရွာဦး ညောင်ပင်က တန်ခိုးကြီးရုက္ခစိုးဆီသွားပြီး အဆုံးအဖြတ်ခံရအောင်”ဟု

www.burmeseclassic.com



ပြောဆိုရာ၊ ညိုကလည်း "အေးလေ…မင်း စိတ်ထဲမှာ ယုံကြည်ရင် ငါလဲ ယုံပါတယ်ကွာ၊ လုပ်ပေါ့"ဟု သဘောတူလိုက်လေတော့သည်။

"ဒါထက် မင်းအဖေ မမြင်ပါလား"

"သြော်…သူ့ နွားမတစ်ယောက် နေမကောင်းလို့ ဟိုရွာကရွာသွားပြီး ဆရာပင့်တယ်"

"သြော်…အေးအေး"

သို့နှင့် နောက်တစ်နေ့နံနက်စောစောတွင် ငလက်တိုနှင့် ညိုတို့သည် ရွာဦးညောင်ပင်သို့ သွားကာ ဆွမ်း၊ ပန်း၊ ဆီမီး စသည်များ ကပ်လှူပြီးနောက် ငလက်တိုက တိုင်တန်း ပြောဆိုလေသည်။

"တန်ခိုးကြီးလှတဲ့ အရှင်ရုက္ခစိုးမင်း၊ ကျွန်ုပ်တို့ နှစ်ယောက် အတူတစ်ကွ စီးပွားရှာလာတာ အညီအမျှ ဖြစ်အောင် ခွဲစိတ်ဝေခြမ်းပေးတော်မူပါ"ဟု နိဒါန်းချီကာ ၎င်းတို့နှစ်ဦး သူဌေးမောင်ကောင်းဇံထံမှ လိမ်ညာခဲ့ပုံတို့ကို အသေးစိတ် လျှောက်တင်ပြောဆိုလေသည်။

ညောင်ခေါင်းထဲမှရုက္ခစိုးမင်းကလည်း ငလက်တိုပြောဆိုပြီးသည့်နောက် အသံသြကြီးနှင့်ပင် ပြောဆို မေးမြန်းလေတော့သည်။

"သည်အတိုင်း အမှန်ပဲလား"

"အမှန်ပါပဲ နတ်မင်း"

"မလိမ်ကြနဲ့နော်"

"မလိမ်ဝံ့ကြောင်းပါ"



"အေး…ကောင်းပြီ၊ ငါ သိကြားမင်းထံ အမိန့်ခံဦးမယ်၊ ခဏစောင့်ကြ"

ညောင်ခေါင်းထဲမှ ရုက္ခစိုးသည် ငလက်တိုနှင့် ညိုတို့နားမလည်နိုင်သော မည်သည့်ဘာသာမှန်းမသိသည့် စကားလုံးများကို ဗလုံးဗထွေး ရွတ်ဖတ်၍ နေလေသည်။

ထိုအခိုက်တွင် ငလက်တိုက ရုက္ခစိုးသို့ သိဒ္ဓိတင်သောအားဖြင့် "ကြည့်ကွ၊ ဒီရုက္ခစိုးက သိပ်ပြီး စေ့စပ်သေချာတာ၊ ဒါကြောင့်လဲ သိကြားမင်းက သူ့ကိုဆိုရင်သိပ်ယုံဘာ၊ သူ့ဘမိုးကြီးပစ်ခိုင်းရင် ပစ်တာပဲ၊ သူပြောတာ နားမထောင်ရင် မိုးကြီးနဲ့ပစ်ထည့်လိုက်တာပဲ"ဟု ညိုအား ပြောဆိုကာခြောက်လှန့်၍ နေလေသည်။ ထိုအခါ "ဟုတ်လား၊ ဒီလိုဆိုရင် ကြောက်စရာကြီးမပါလားနော်"ဟု ပြောလိုက်သောအခါ ငလက်တိုမှာ ဒီကောင် ငါ့ကျော့ကွင်းထဲဝင်လာပြီဟု အောက်မေ့ကာ ဝမ်းသာ၍နေလေသည်။

"အသင် လူသားတို့"

"ဘုရား"

"ဘုရား"ဟူသောထူးသံမှာ ငလက်တိုသာဖြစ်၍၊ ညိုက မထူးဘဲနေရာ ငလက်တိုက "ဟေ့ကောင် ထူးလိုက်၊ ထူးလိုက်"ဟုဆိုမှ "ဘုရား"ဟု အော်ဟစ်ကာ ထူးလိုက်ရာ ငလက်တိုမှာ လန့်၍ပင် သွားလေတော့သည်။

"ကဲ—ကဲ… အသင်လူသား နှစ်ယောက် အငြင်းပွားတဲ့ကိစ္စကို သိကြားမင်းက အဆုံးအဖြတ်ပေးလိုက်တယ်၊ ဒီအတိုင်းပဲ နားထောင်ကြ၊ နားမထောင်တဲ့ လူ့ရဲ့ ဦးခေါင်းကို မိုးကြိုး ချစ်စိတ် ခွဲမယ်တဲ့ ကြားလား"ဟု မေးရာ ငလက်တိုက ငညို



www.burmeseclassic.com

www.burmeseclassic.com



အား တံတောင်နှင့်တွက်ကာ "ကြွားပါတယ် နုတ်မင်း" ဟု ပြောလိုက်ကြလေသည်။

"အေး…. ဒါဖြင့် ကောင်းပြီ၊ သိကြွားမင်းချတဲ့ အမိန့်ကို ချမှတ်မယ်၊ နာခံကြပေတော့။ သိကြွားမင်းရဲ့ အမိန့်ကတော့ ဒီအကြံကိုပထမကြံတာဟာလဲလေက်တို၊ သျှောင်တစ်လုံးအဆုံးခံ တာလဲ လေက်တိုမို့ လေက်တိုကနှစ်ဆယူပြီး ညိုကတစ်ဆသာ ယူစေတဲ့၊ ကဲ…. ဒါပဲ" ဟုအသံသြသြကြီးနှင့်ပြောလိုက်လေသည်။

"ကဲ…. ဘယ်နှယ်လဲ" ဟုသောသဘောဖြင့် လေက်တိုသည် ညိုကိုလှည့်ကြည့်ရာ ညိုက "ဟာ…. ဒါမတရားဘူး၊ မနာခံနိုင်ဘူး၊ တဘက်သတ်ဆုံးဖြတ်တာပဲ၊ ဒီရက္ခစိုးလာဘ်စားတယ်။ ငါမခံဘူး၊ နားမထောင်နိုင်ဘူး" ဟု ကဲကဲဆတ် ငြင်းဆန်ရလေတော့သည်။

ဤသို့ညိုက ဒေါသတကြီးငြင်းဆန်နေရာ၊ လေက်တိုက "ဟေ့ကောင် မလုပ်နဲ့လေ၊ တော်တော်ကြာ မင်းကိုမိုးကြိုးနဲ့ ပစ်လိမ့်မယ်ကြားလား" ဟု တစ်ချက်လှန့်လိုက်လေသည်။

ထိုအခါ ညိုမှာ ဒေါသတကြီးနှင့် ပုဆိုးကို ခါးတောင်း ကျိုက်ကာ "ဒီဆုံးဖြတ်ချက်ကိုလက်မခံဘူး၊ ဒီတော့သိကြွားမင်း မိုးကြိုးနဲ့ ပစ်မှာကြောက်တယ်၊ ဒီတော့ သူက မိုးကြိုးနဲ့မပစ် နိုင်ခင် ကိုယ်ကစပြီး လေင်မီးနဲ့ရှို့မှပဲ" ဟု ပြောဆိုလျက် အနီးရှိကောက်ရိုးပုံမှ ကောက်ရိုးများကို ပွေ့ယူလာလေသည်။

ယူလာသော ကောက်ရိုးများကို သစ်ခေါင်းထဲထိုးသိပ်ပြီး နောက် မီးရှို့ရန် ကြံလေရာ လေက်တိုမှာ ပျာပျာသလဲနှင့် တားမြစ်ရလေတော့သည်။



"ဟေ့ကောင်၊ မရှို့ပါနဲ့ကွ"

"ဘာလို့ မရှို့ရမှာလဲ၊ ရှို့မယ်"

"ဒီရက္ခစိုးက သိပ်တန်ခိုးကြီးတယ်"

"တန်ခိုးမကလို့ နှစ်ခိုး၊ သုံးခိုးပဲ ကြီးကြီး ရှို့မှာပဲ"

"တစ်ရွာလုံး ကိုးကွယ်နေတဲ့ ညောင်ပင်ကွ"

"တစ်ရွာလုံးမကလို့ တစ်ပြည်လုံးပဲ့ ကိုးကွယ်- ကိုးကွယ်၊ ငါ့ကို မတရားဆုံးဖြတ်တဲ့ ရက္ခစိုး ချမ်းသာမပေးနိုင်ဘူး"

လေက်တိုက မည်သို့ပင်ပြောစေကာမူ ညိုကမူကား မီးနှင့် ရှို့မည် တကဲကဲလုပ်ကာ အသင့် ပါလာသော မီးခတ်ကို ခြစ် လျက် မီးရှို့ရန် လုပ်တော့ရာ လေက်တိုမှာ မနေနိုင်တော့ဘဲ ညိုအား ဆွဲ၍ တားရလေတော့သည်။

သို့တိုင်အောင် ညိုမှာ ဆွဲမရနိုင်အောင် အတင်းရုန်းကန်၍ နေရာ လေက်တိုမှာ မနိုင်မနင်းဖြစ်၍ နေလေသည်။

ထိုသို့ လေက်တိုက ကျိတ်၍ဆွဲနေသော်လည်း အကယ်၍ လွတ်သွားပါက အမှန်ပင် မီးရှို့တော့မည်ကို သိသော ညောင်ခေါင်းထဲမှ ,ရက္ခစိုး ဟန်ဆောင်နေသည့် လေက်တို၏ ဖခင်မှာ ကြောက်လှသဖြင့် "ကယ်ကြပါဦးဗျို့၊ လာကြပါဦး ကျုပ်ကို မီးနဲ့ရှို့နေပါတယ်" ဟု အော်ဟစ်အကူအညီတောင်း တော့မှ ရွာထဲမှ လူများထွက်လာကြလေသည်။

ဤသို့အကြံပိုင်ခဲ့သော လေက်တို "အဲ…. အဲဒီလူဗျ၊ ကျုပ်ရဲ့ အဖေကို မီးရှို့မယ့်လူ" ဟု ပြောရာမှ လူအများက ညိုကို ဝိုင်း၍ ဖမ်းကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com




## ငွေထုတ်ကြီး၊ ရေထဲကျသွားပြီ

နောက်တစ်နေ့ နံနက်တွင် အဆာပြေ ထမင်းကြမ်းစားကာ ညီက သူ့အလှည့်ကျသော ငွေထုပ်ကိုထမ်းရသဖြင့် လေက်တို က နောက်မှလိုက်ရသည်။ ၎င်းတို့နှစ်ယောက်သည် တစ်ယောက် ကို တစ်ယောက်မယုံကြည်ကြသောကြောင့် ငွေထုပ်ကို စခန်း အလိုက် တစ်လှည့်စီထမ်းကြရာတွင် ငွေထုပ်ထမ်းသူက ရှေ့က သွား၍ တစ်ယောက်က နောက်မှ နေရခြင်းဖြစ်လေသည်။

ယခုသွားကြရမည့်ခရီးမှာ အခြားမဟုတ်ပေ၊ စကားဟောင် စား တစ်ယောက်သည် ခုံအဖြစ်အဆုံးအဖြတ်ပေးရာတွင် အလွန် တရားမှန်ကန်တိကျ၍ မျှတလှသည် ဟူသော သတင်းကြောင့် သွားရောက် အဆုံးအဖြတ်ခံရသော် ငယ်သူငယ်ချင်း ဖြစ်၍ ပိုကောင်းမည်ဆိုကာ သွားကြခြင်းဖြစ်လေသည်။

"ကဲဟေ့....ခရီးတလဲ စကောကျနေပြီ၊ ကနေ့ည ဒီဇရပ်မှာပဲ နားကြစို့၊ ရေလဲရတယ်၊ အေးလဲအေးတယ်" ဟု ညီက အကြံ



ပေး၍ လေက်တိုလည်း သဘောတူလိုက်၍ အိပ်ကြလေတော့ သည်။

သည်ငွေအိတ်ကိစ္စမှာ တစ်ယောက်နှင့်တစ်ယောက်မယုံကြည် ကြဘဲရှိရာ၊ အိပ်၍မပျော်ကြအောင်ပင် ရှိနေကြလေသည်။ သို့ သော်လည်း မည်သူက မည်သို့ ကြံမည်ကို သိလိုသောကြောင့် မျက်စိမှိတ်လျက် အိပ်ချင်ဟန်ဆောင်၍ နေကြလေရာ၊ သန်း ခေါင်ကျော်လောက်အရောက်တွင် ညီသည် ငွေထုပ်ကိုယူကာ ဇရပ်ပေါ်မှ ဆင်းသွားလေသည်။

လေက်တိုမှာ မျက်စိအသာဖွင့်ပြီး မည်သို့ လုပ်မည်ကို အကဲ ခတ်ကြည့်ရှုနေရာ ညီသည် တံတား၏ ခြေရင်း၌ ငွေထုပ်ကို 'သွန်ကာ' မြှုပ်ထားပြီး၊ အနီးရှိ ကျောက်ခဲများကိုပြန်၍ ထုပ် ထားသည်ကို မြင်ရလေတော့သည်။ ကျောက်ခဲထုပ်ကြီးကိုထမ်း ကာ ဇရပ်ပေါ်သို့ ပြန်တက်လာပြီး ဣန္ဒြေမပျက်အိပ်၍နေသည် အထိ လေက်တိုမှာ ဘာမှမပြောခဲ့ပေ။

နောက်တစ်ရက် မိုးလင်း၍ခရီးဆက်ကြသောအခါ ငွေထုပ်ကို ညီထမ်းကာ တံတားပေါ်မှ ဖြတ်သွားစဉ် ရေအလွန်နက် သောနေရာသို့ အရောက်တွင် တံတားပေါ်မှ မတော် တဆ ခြေချော်၍လဲသည့်ဟန်ဖြင့် လဲကာ ငွေထုပ်ကို ရေထဲသို့ချလိုက် လေသည်။

ညီသည် တကယ်ပင်ချော်လဲဟန်ဖြင့် ပစ်လွှဲချလိုက်သဖြင့် ဒူးနှင့်တံတောင်ဆစ်များပါပွန်းပဲ့သွားလေသည်။

ညီကငိုကာ "ဒီတစ်ခါတော့ဆုံးပါပြီ၊ ရေကလဲနက်၊ ဘေး မှဲ့လွှတ်ထားတဲ့ ငါးကြီးတွေကလဲ ကျဲကိုယ်လုံး နားကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိတော့ ရေထဲဆင်းပြီးရှာရင် ငါးစားခံရမှာ အမှန်ပဲ သူငယ်ချင်းရယ်၊ လူမသေ ငွေမရှားတဲ့၊ ငွေထက် အသက်က တန်ဖိုးရှိတာ မနေ့လို့ဆုံးတာ ဆုံးပါစေတော့၊ တို့နှစ်ယောက် ကြံရင် ဟန်ဟန်ပန်ပန်နဲ့ ရနိုင်တာပဲ၊ ရှာပြန်ကြစို့ သူငယ်ချင်း”

ဟု ပြောနေရာ၊ လက်တိုက....

“ဟုတ်တယ်သူငယ်ချင်း၊ လူမသေ ငွေမရှား၊ ဆုံးတဲ့ပစ္စည်းလဲ ဆုံးပါစေတော့၊ မင်းနေရပ်ကို ပြန်ပေတော့၊ ငါတော့ ဒီဇရပ်မှာပဲ လေး-ငါးရက် နေဦးမယ်”

ညိုက စဉ်းစားသည်၊ လက်တိုမှာ ဒီတစ်ခါ ဣန္ဒြေရလှသည်၊ ငါ့ငွေဝှက်ထားသည်ကို သိမည်ထင်သည်၊ ငါအစ်၍ ကြည့်ဦးမည်ဟု စိတ်ထဲက ကြံစည်၍....

“သူငယ်ချင်းရယ်.... ရေထဲကျတဲ့ ငွေလဲဆုံးပါပြီ၊ ဒီငွေတွေကြောင့် စိတ်ညစ်ပြီး မနေခဲ့ပါနဲ့ ငါကလဲ မခွဲဖူး မင်းတစ်ယောက်တည်းလဲ ငါပစ်မထားရက်ပါဘူး၊ မနေခဲ့ပါနဲ့ သူငယ်ချင်း”ဟု တောင်းပန်လေရာ၊ လက်တိုက ညို ဒီတစ်ခါ အသင့်ထူးသည်၊ အကြံအစည်ရှိရိုးအမှန်ဖြစ်သည်ဟု ဒိဋ္ဌသိပြီးဖြစ်၍....

“ဒီငွေတွေမရရင် ငါဒီဇရပ်က မပြန်တော့ဘူး သူငယ်ချင်း၊ ကမ်းနားတစ်လျှောက် တံတားအောက်တွေမှာ ငွေစ ကြေးစလေးများ ရလိုရငြား လိုက်ပြီးရှာလိုက်ဦးမယ်၊ မင်းသွားနှင့်ပေတော့ သူငယ်ချင်း”

ဟု ဆိုရာ ညိုက စဉ်းစား မိသည်။



“ဒီကောင် ငါ့ကြံစည်သမျှ သိဟန်ရှိသည်။ တံတားအောက် သွားရှာလို့တွေ့ရင် သူကောက်ရတာဆိုပြီး၊ ငါ့ကို ထစ်ပြားမှ ပေးတော့မှာမဟုတ်ဘူး၊ သူဒီအကြံနဲ့ ငါ့ကို ပြန်လွှတ်နေတာ၊ ဒီတော့ ငါဖော်ပေးမှ တော်တော့မယ်” စိတ်က ကြံစည်ပြီး၊ ကပျာကယာ တံတားအောက်ငွေထုပ်ရှိရာသွားပြီး ဖော်ယူထမ်းလာပြီး....

“သူငယ်ချင်း စိတ်ပူမနေပါနဲ့၊ မင်းကို ငါကျီစားတာပါ၊ ရေထဲကျတာ ငွေထုပ်မဟုတ်ဘူး၊ ကျောက်ခဲထုပ်ပါ”ဟု ပြောကာ ငွေထုပ်ကိုဖြေ၍ ပြလေသည်။

သူငယ်ချင်း နှစ်ယောက်လည်း အားရပါးရ ရယ်ကြပြီး၊

“အေးမင်းနဲ့ငါဟာ အခြောင်းသိချင်းပဲ၊ မင်းကငါ့မစမ်းနဲ့၊ ငါကမင်းကိုမစမ်းတော့ဘူး၊ကဲတို့သူငယ်ချင်း စကားတောင်စားဆီ မင်းနဲ့ငါ အဆုံးအဖြတ်ခံရအောင် အရောက်သွားကြစို့” ဆိုကာ ခရီးဆက်ကြပြန်လေသည်။

## ငွေထုပ် ခွေးချီပြန်ပြီ

ဤသို့ ခရီးဆက်ပြန်ရာ၊ မလှမ်းမကမ်းတွင် မြစ်တစ်ခု ခြားနေသဖြင့် တစ်ဘက်ကမ်းသို့ကူးရန်မှာ ကူးတို့နှင့် ကူးမှဖြစ်သောကြောင့် လှေမရှိသေးသဖြင့် ကမ်းနားရှိတဲတွင် စောင့်နေစဉ် ညိုမှာ အိပ်ပျော်သွားလေ၏။ အလစ်ကို စောင့်နေသော လက်တိုက ငွေထုပ်ကို ဝှက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အနီး၌ရှိသော တင်ငါသည် နှစ်ဦးအား ငွေထုပ်ကို ခွေးချီသွားသည်ကို မြင်ရပါသည်ဟုပြောပါ၊ အောင်မြင်ပါက ကောင်းစွာ ကျေးဇူးဆပ်ပါမည်ဟု စကားထည့်ထားလေသည်။

စကားထည့်ထားပြီးနောက် လေက်တိုက "ဟေ့ သူငယ်ချင်း ထ,ပါဦး၊ ထ,ပါဦး"ဟု လှုပ်နှိုးကာ ငွေထုပ်ကို ခွေးချီသွားပြီ"ဟု ပြောလိုက်လေသည်။



"ယုံပါဖူးကွာ"

ငညိုမှာ အိပ်မှုန်စုံမွှားနှင့်ပင် "ယုံပါမူးကွာ"ဟု ချက်ချင်း ပြောဆိုလိုက်ရာ၊ လေက်တိုက တင်ငါသည်နှစ်ယောက်ကိုသက်သေ ထူကာ "သူတို့မျက်မြင်ပါပဲ"ဟု အခိုင်အမာဆိုလေသည်။

"ဒါဖြင့် ဒီလူတွေကို ငါကိုယ်တိုင် မေးကြည့်မယ်"ဟု ပြောဆိုကာ တင်ငါသည်နှစ်ယောက်အား တစ်ယောက်တစ်နေရာ စီခွဲကာ မေးမြန်းလေရာ၊ တစ်ယောက်က "ခွေးနက်ကြီး တစ်ကောင်သည် ငွေထုပ်ကိုတောင်ဘက်သို့ချီသွားသည်"ဟု လည်း ကောင်း တစ်ယောက်က "ခွေးနီကြီးတစ်ကောင်သည် မြောက်အရပ်သို့ ချီသွားသည်"ဟု လည်းကောင်း အလွဲလွဲအချော်ချော် ထွက်ဆိုကြလေသည်။

ထိုအခါတွင် ငညိုက လေက်တိုအား အကြပ် ကိုင်ကာ ပြောဆိုသည်တွင် လေက်တိုက....

"ပညာစမ်းတာပါ၊ စိတ်မဆိုးပါနဲ့ကွာ"ဟု ပြောဆို၍ "အေးပါကွာ၊ အဆုံးအဖြတ်တော့ မကြာတော့ပါဘူး၊ နီးပါပြီ"ဟု ပြောလိုက်လေသည်။

ထိုအခိုက် တစ်ဘက်ကမ်းမှ ပြန်လာသော ကူးတို့လှေရောက်လာသဖြင့် နှစ်ဦးသားကူးသွားကြလေတော့သည်။

# စကားတောင်စားထံ ရောက်ကြပြီ

စကားတောင်စားသည် ခုံမင်းကြီးအိမ်တွင် နေရာမှ ပညာဉာဏ်ရည် ကောင်းသဖြင့် ခုံမင်းကလေးအဖြစ် နာမည်ကြီး၍ နေတော့သည်။

"ဟယ်....လေက်တိုနဲ့ ငညိုပါလား၊ လာကြ—လာကြ၊ ထိုင်ကြ၊ အေး....အေး၊ မင်းတို့ အထုပ်ကြီးလဲ ချပါဦး"ဟု စကားတောင်စားက သူဆုံးဖြတ်ပေးရသော အမှုများကို ရပ်နားကာ အားရစွာ ဆီးကြိုနှုတ်ဆက်ရင်း လက်ယပ်ခေါ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်တို့နှင့် ညိုတို့လည်း ငွေထုပ်ကို နှစ်ယောက်ကြားမှာချကာ ဝင်လာ၍ထိုင်ကြပြီး စကားတောင်စား အမှုစစ်သည်မှာ မပြီးသေး၍ စောင့်နေကြရလေသည်။

"ကဲ....ဆိုစမ်းပါဦး၊ ဘယ်ကလာလို့ ဘယ်သွားကြမှာလဲ"

"ဒီကိုလာတာပါပဲ သူငယ်ချင်းရာ၊ သူငယ်ချင်းကတော့ နာမည်ကြီးနေတာကိုး၊ စကားတောင်စား-စကားတောင်စားနဲ့ ကျော်ကြား လိုက်တာ ဟိုးလေးကိုကျော်လို့၊ ဒါကြောင့် တို့နှစ်ယောက်ရဲ့ကိစ္စလဲ ဆုံးဖြတ်ဖို့ လာတာပါ"

"ဆိုပါဦး၊ အမှုကိစ္စက"

ထိုအခါ လက်တို့က သူဌေးဦးကောင်းဇံထံမှ ငွေလိမ်ခဲ့ပုံကို ပြောပြရင်း လမ်းတွင် တစ်ယောက်တစ်လှည့် တစ်လိမ်နှစ်လိမ် လိမ်ခဲ့ပုံတို့ကို စကားတောင်စားနှင့် တွေ့ဆုံသည်အထိ ငယ်စဉ် ကျောင်းသားဘဝကလိုပင် အားပါးတရ တစ်လုံးမကျန် အကုန်ပြောပြလိုက်လေသည်။

စကားတောင်စားသည် မေးစေ့ကို ဘယ်ဘက်လက်ဖြင့် ပွတ်သပ်ရင်း နားထောင်နေရာ၊ ညိုက စကားတောင်စား၏ လက်ကိုကြည့်ရင်း "ဒီကောင် သူ့ ဆရာပေးလိုက်တဲ့ လက်စွပ်ကလေးကို တရိုတသေ ထိန်းသိမ်းထားပါလားကိုး" ဟု တွေးတောကာ မည်သို့မည်ပုံ ဆုံးဖြတ်မည်ကို နားစွင့် နေလေသည်။

"ကဲ...ဟုတ်ပြီ၊ အမှုကို ဆုံးဖြတ်ပေးရတာပေါ့"



"ဟုတ်ပါတယ်၊ သာတူညီမျှ ဖြစ်အောင်သာ ဆုံးဖြတ်ပေးပါ"

"နှစ်ယောက်စလုံး နာခံကြမယ် မဟုတ်လား"

စကားတောင်စားသည် တရားသူကြီးပီပီ စေ့စပ်သေချာသူဖြင့်ရကား၊ သူငယ်ချင်းများပင် ဖြစ်သော်လည်း တိကျစေမှုအတွက် ချည်လိုက်တုပ်လိုက်ရခြင်း ဖြစ်သေသည်။

"ဆုံးဖြတ်ရာကို နာခံပါ့မယ်"

"ညိုကရော နာခံမှာလား"

"နာခံပါ့မယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် အမှန်တရားကို ထုံးဟောင်း သာဓကများနဲ့တကွ ရာဇသတ် ဓမ္မသတ်များနှင့်အညီ ဆုံးဖြတ်ပေးမယ်၊ နားသာ ထောင်ကြပေတော့" ဟု စကားပလ္လင်ခံ လိုက်လေသည်။

ထို့နောက် လူသိမ်လူကောက် နှစ်ယောက်တို့အား တရားစီရင်ရန်အတွက် ထုံးဟောင်း သာဓကပုံပြင်တစ်ရပ်ကို ထုတ်နုတ်ပြောဆိုလေတော့သည်။

## ထုံးဟောင်းသာဓက

"ဟိုး....ရှေးရှေးတုန်းက ဧဝဒိပ္ပ အမည်ရှိတဲ့ကောင်းကင်နက္ခတ်တာရာတွေရဲ့ အသွားအလာ အခွင့်ကောင်းအခါကောင်းကို သိနားလည်တဲ့ပုဏ္ဏားကြီးတစ်ယောက်ရှိသတဲ့၊ အဲဒီပုဏ္ဏားကြီးဟာ တပည့်တစ်ယောက်နဲ့ အတူ တောလမ်းခရီးစခုကို သွား

www.burmeseclassic.com

www.burmeseclassic.com



ကြသတဲ့၊ အဲဒီလိုသွားရင်းက နက်လှတဲ့တောထဲကဖြတ်အသွား မှာ ခိုးသားငါးရာနဲ့ တွေ့ကြသတဲ့၊ ခိုးသားငါးရာဟာ ပုဏ္ဏား ဆရာတပည့် နှစ်ယောက်ကို ဖမ်းပြီး ငွေအသပြာ တောင်း ကြသတဲ့၊ ဒါပေမယ့် 'ဆရာတပည့်နှစ်ယောက်မှာ အသပြာဆိုလို့ မပါလာတာကြောင့် မပေးနိုင်တော့ ဖမ်းဆီး တုပ်နှောင်ပြီး ရိုက်နှက်ကြသတဲ့''

အဲလို ရိုက်ကြနှက်ကြ၊ညှဉ်းပန်းကြတာ မခံနိုင်တော့ အိမ်ပြန် ပြီး ငွေရှာပေးပါမယ်လို့ ပြောသတဲ့၊ဒီတော့ ခိုးသား ငါးရာရဲ့ ခေါင်းဆောင်ကြီးက "ကောင်းပြီ၊ ဒီ လို ဆို ရင် တ ပည့်



ထားခဲ့၊ ခင်ဗျားသွားပြီး ငွေရှာချေ၊ ငွေမပါရင် မပြန်ခဲ့နဲ့ လို့ မှာလိုက်သတဲ့"

"ခုခေတ်စကားဆိုရင်တော့ လူပြန်ပေးလုပ်တာလို့ ခေါ် မလားပဲပေါ့၊ ဒါနဲ့ပဲ တပည့် ပုဏ္ဏားလေးကို အပေါင်ထားပြီး ပုဏ္ဏားကြီးက ငွေရှာဖို့ သဘောတူလိုက်သတဲ့၊ မသွားခင်မှာ တော့ သူ့ရဲ့ ချစ်လှစွာသော တပည့်ကို မှာခဲ့သတဲ့၊ "တပည့်



ဆရာ့ စကားကို မြေဝယ်မကျ ကောင်းစွာနားထောင်ရစ်မှု ါ၊ မကြာမီ ရက်အတွင်း ကောင်းကင်မှာ နက္ခတ်ကောင်း ကြုံလိမ့် မယ်၊ အဲဒီအခါမှာ အရင်က ဆရာပေးထားတဲ့ ဂါထာကို ရွတ် ရင် ရွှေမိုးငွေမိုး ရွာလိမ့်မယ်၊ ဒါပေမယ့် မရွတ်ဖတ်လေနဲ့၊ အဲ့ လိုတုန်းဆိုတော့ အဲဒီရွှေငွေတွေဟာ ငါတို့မရဘဲ ခိုးသားတွေ ရကုန်လိမ့်မယ် ကြားလား၊မြဲမြဲမှတ်ပြီး မှာတဲ့အတိုင်း ကျင့်သုံး ပါနော်"လို့ အထပ်ထပ် မှာကြားပြီးသွားသတဲ့၊ ပုဏ္ဏားကြီး သွားလို့ မကြာခင်မှာပဲ ကောင်းကင်မှာ နက္ခတ်ခါးပတ်ကောင်း ကြုံသတဲ့၊ ဒီအခါမှာ ဂါထာကို ရွတ်ရင် ရွှေမိုးငွေမိုး ရွာ မှာကိုး"

ဒီတော့ ပုဏ္ဏားကလေးမှာ ခိုးသားတွေ ဖမ်းထားရာက လွတ်ချင်ဇောနဲ့ ဆရာမှာသွားတဲ့ စကားကို သွေဖည်လိုက်ပြီး ခိုးသားခေါင်းဆောင်ကြီးကို ပြောသတဲ့၊ "အသင် ခိုးသားကြီး အကျွန်ုပ်ကို ဖမ်းထားလို့ ရွှေငွေရတနာ ရမည်မဟုတ်ပါ၊ ရွှေ ငွေရတနာကို အလိုရှိပါက အကျွန်ုပ်ကိုလွှတ်ပါ၊ လွှတ်မည်ဆို ပါက ရွှေမိုးငွေမိုး ရွာစေပါမယ်"လို့ ပြောသတဲ့။

သူခိုးကြီးဟာသည်း ပထမတော့ မယုံဘူး၊ဒီကောင် ငါတို့ကို လိမ်တာပဲ၊ ဒါပေမယ့် သူ တစ်ယောက်တည်း တို့လက်က လွတ် မသွားနိုင်ပါဘူး၊ ဟုတ်လို့ဟုတ်ငြား စမ်းကြည့်သေးတာပေါ့ လို့ တွေးတောပြီး ငါခဏလွှတ်ပေးမယ်၊မင်းဂါထာကိုသာ ရွတ် ပေတော့ဆိုပြီး လွှတ်ပေးသတဲ့။

ပုဏ္ဏားလေးလည်း လွတ်ချင်လှတဲ့ ဇောက ဆောင်နေလို့ ဂါထာကို ရွတ်လိုက်တော့ သူ့ဆရာ ဝေဒိပ္ပ ပုဏ္ဏားကြီး မှာတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အမှန်ပဲ ရွှေမိုး ငွေမိုး ရွာချသတဲ့၊ ဒီတော့ နဂိုက လောဘဇောတိုက်နေလို့ ကောင်းရောင်းကောင်းဝယ် မလုပ်ဘဲ သူခိုးလုပ်စားနေကြတဲ့ ကောင်တွေဟာ ဝမ်းသာ အားရနဲ့ ကောက်ယူလိုက်ကြတာ ရွှေတွေ ငွေတွေ အများကြီး ရလိုက်ကြသတဲ့။

အဲဒီအချိန်မှာ ပုဏ္ဏားလေးဟာလည်း ထွက်ပြေးသွားရောတဲ့၊ အင်း....ပစ္စည်းဥစ္စာဆိုတာ လူရဲ့စိတ်ကို အလွန်တရာမှ တုန်လှုပ်ချောက်ချားပြီး ဖောက်ပြားစေတဲ့ သဘော ရှိတော့ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်ခြင်းမရှိကြတာနဲ့ အချင်းချင်းစကား များကြသတဲ့။

ဒီတော့ ခေါင်းဆောင်လုပ်တဲ့လူက "အံမယ် ဒါက ငါတို့ အုပ်စုက ရထားတာ၊ မင်းတို့အုပ်စုကို ခွဲမပေးနိုင်ပေါင်၊ မင်းတို့ လိုချင်ယင် ပုဏ္ဏားကလေးနောက် လိုက်ကြပါလား"လို့ ပြောတော့ ကောင်းပြီဆိုပြီး တစ်အုပ်စုက လိုက်သွားကြသတဲ့။

ပုဏ္ဏားကလေးတွေ့လို့ ဂါထာကို ရွတ်ခိုင်းပေမယ့် နက္ခတ် ခါးပတ်ကောင်းမကြုံတော့ ရွှေမိုး ငွေမိုး မရွာတာနဲ့ ခိုးသား အုပ်စုက "ဟယ်....ဒီကောင်လေး၊ တို့များအတွက်တော့ ရွှေမိုး ငွေမိုး ရွာအောင်မလုပ်ဘူး"ဆိုပြီး သတ်ပစ်လိုက်ကြသတဲ့။

ရွှေမိုးငွေမိုးမရွာတော့ ရပြီးသားရွှေငွေတွေ အကုန်ရအောင် ကျန်ခဲ့တဲ့အုပ်စုကိုကြပြီးသတ်လိုက်ကြတာ ခိုးသား ၂၅၀ ဟာ သေသွားရောတဲ့၊ ကျန်တဲ့ခိုးသား ၂၅၀ လည်း ရသမျှရွှေတွေ ငွေတွေကို လောဘ မသတ်နိုင်တာနဲ့ ငြင်းကြ ခုံကြယင်းက



တစ်အုပ်စုကွဲသွားပြန်ပြီး တစ်ယောက်နှင့်တစ်ယောက်သတ်လိုက်တာ ခိုးသား ၁၂၅ ယောက်ပဲ ကျန်တော့သတဲ့၊ ကျန်တဲ့ ခိုးသားတွေဟာလဲ သူရဆိုက်တယ်၊ ငါရထိုက်တယ် ငြင်းကြရင်းက တစ်ခါထပ်ပြီး သတ်လိုက်ကြတာ တစ်ဝက် ကုန်သွားပြန်တော့ ၆၂ ယောက်ကျန်ပြန်သတဲ့။

အဲဒီ ၆၂ ယောက်လဲ ၂ အုပ်စုကွဲပြီး သတ်လိုက်ကြတာ ၃၁ ယောက်ပဲကျန်တော့သတဲ့၊ အဲဒီလိုနဲ့ တစ်အုပ်စုပြီးတစ်အုပ်စု သတ်လိုက်ကြတာ နောက်ဆုံးကျတော့ ၂ ယောက် တည်းပဲ ကျန်ရစ်တော့သတဲ့၊ အဲဒီတော့မှပဲ ကိုနှစ်ယောက်တည်းပဲ ရှိတော့တယ်၊ တစ် ယောက် တစ် ဝက် ခွဲဦးတော့ နည်းတဲ့ ရွှေတွေ ငွေတွေ မဟုတ်ဘူး၊ ဒီတော့စားဖို့သောက်ဖို့ကလေးများ ရှာကြဦးစို့လား၊ လူသတ်နေရတာနဲ့ ထမင်းကောင်း ဟင်းကောင်း များလဲ မစားရတာ ကြာလှပြီလို့ ပြောတော့၊ တစ်ယောက်ကလဲ အေး ဒါဖြင့်ကောင်းပြီ၊ မင်းကရွှေတွေငွေတွေကို စောင့်နေ၊ ငါက ထမင်းဟင်း သွားရှာဦးမယ်၊ သဘောတူရဲ့လားဆိုတော့ တစ်ယောက်ကလဲ သဘောတူပါတယ်ကွ၊ မင်းသွားပြီး ရှာချေပါ။ ငါစောင့်ရစ်ပါ့မယ်။ စိတ်ချလို့ပြောတော့ တစ်ယောက်က သွားပြီး ထမင်းဟင်းရှာသတဲ့။

အဲဒီလူကလဲ ထမင်းဟင်းတွေ ချက်ပြုတ် စားသောက်ပြီး ကျန်ခဲ့တဲ့ လူအတွက်တော့ အဆိပ်ခတ်ပြီး ယူသွားသတဲ့၊ ရောက်တဲ့အခါကျတော့ စောင့်ရတဲ့လူက ဒီရွှေတွေငွေတွေဟာ သူ့ကို တစ်ဝက်ခွဲပေးရမှာ နှမြောစရာကြီး၊ သူသာသေရင် ငါအကုန် ရမှာပဲလို့ တွေးတောပြီး ထမင်းထုပ်ယူလာတဲ့လူကို သတ်ပြီး သတ်ပစ်လိုက်ပါရော။

www.burmeseclassic.com

www.burmeseclassic.com



အဲ...အခုမှ များပြားလှတဲ့ ရွှေတွေ ငွေတွေ အများကြီး ရပြီ၊ အံမယ်...ငါက ရှင်ဘုရင်ထက်တောင်မှ ချမ်းသာနေမပါ ပေါ့ကလား၊ အင်း....မိန်းမတွေ အများကြီးယူပြီး ခြွေရံသင်းပင်းတွေနဲ့ သူဌေးကြီးလို စံရဦးတော့မှာပဲလို့ တွေးတောပြီး ဝမ်းသာရှာသတဲ့။ အဲဒါနဲ့ပဲ စိတ်ထဲက ဝမ်းသာတော့ ဝမ်းကလဲဆာလာပြီး သေသွားသူ ယူလာတဲ့ အဆိပ်ခတ်ထားတဲ့ ထမင်းထုပ်ကိုဖြေပြီး စားလိုက်သတဲ့။ အဲဒီတော့ အဆိပ်သင့်ပြီး ဆန့်ငင်ဆန့်ငင်နဲ့ သေလေရော၊ ဒီတော့ ဒီရွှေတွေ ငွေတွေဟာ ဘယ်သူမှ မရလိုက်ကြတော့ဘူးတဲ့။

မကြာခင်ပဲ သစ္စာရှိစွာနဲ့ ငွေတွေရှာပြီး တပည့်ကို ရွေးဖို့ ပြန်လာတဲ့ ဝေဒဗ္ဗပုဏ္ဏားကြီးဟာ လူသေတွေတွေ့ရပြီး ရွှေတွေ ငွေတွေကို ရသွားသတဲ့၊ ဒါကြောင့် စီးပွားဆိုတာ လောဘကြီးတိုင်း ရတာ မဟုတ်ဘူး၊ ထိုက်တဲ့သူသာ ရတယ်တဲ့၊ အဲဒီ ပုံထုံးသာဓကကို မှတ်ထားကြ" ဟု ပြောဆိုလိုက်လေ၏။

ထိုနောက် စကားတောင်စားသည် မော သွား သည့် ပမာ ခဏတဖြုတ် နားနေကာ လက်တို့နှင့် ညို၏ မျက်နှာကို ကြည့်လိုက်လေသည်။



## စကားတောင်စား၏ အဆုံးအဖြတ်

လက်တို့နှင့် ညိုမှာလည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ အကဲခတ်လိုက်ကြလေသည်။

"ကဲ...ကဲ လက်တို့နှင့် ညိုတို့ကိစ္စကို ဆုံးဖြတ်တော့မယ်" ဟု စကားတောင်စားက ကြေညာလိုက်သည်။

"မင်းတို့နှစ်ယောက် ပြောဆိုကြသည့် အဖြစ်အပျက်များကို ထောက်ထားကြည့်ရှုပြီး ဆုံးဖြတ် ကောက်ချက် ချရပါမယ်၊ အထက်ပါ ခိုးသားငါးရာတို့ရဲ့ ပုံပြင်ကို ကြည့်လျှင် မင်းတို့နှစ်ယောက်လဲ ဒီငွေတွေနဲ့ ပျက်စီးဖို့မြင်တယ်။

"နောက်တစ်ချက်ကလဲ အကျယ် အကျယ် မငြိမ်းဖြယ်တို့ သလို ဖြစ်နေကြရင် သူဌေး မောင်ကောင်းငကြားလို့တိုင်တန်း ပြန်ရင်လဲ မြို့ဝန်ရုံး ရောက်သွားရင် ထောင်တန်းကျဦးမယ်၊ ဒီတော့ ဒီမှာတင်ပဲ နှစ်ဦးနှစ်ဘက်ကျေနပ်ကြရင် ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အခုရလာတဲ့ငွေဟာ ဘယ်သူက ကြံစည်လို့ ဘယ်သူက ပင်ပန်းခံလို့ ဆိုတာတွေ ထည့်တွက်မနေကြဘဲ နှစ်ဦး နှစ်ဝ အတူတူ ယူကြပေတော့”

စကားတောင်စားက ဆက်၍ပြောသည်မှာ “ငါတို့ တရားသူကြီးထုံးစံမှာ ဤကဲ့သို့သော အမှုများကို မြို့ရှင်မြို့စား နှစ်ဦးသားတို့က တရားစရိတ် ပေးကြရမှာ ဖြစ်တယ်၊ ဒါပေမယ့် အခုအမှုကတော့ နှစ်ဦးစလုံးက မြို့ရှင်ဖြစ်နေတော့ နှစ်ဦးစလုံးက ပေးရမှာဖြစ်တယ်၊ ဒီတော့ တရားရုံးထုံးစံအရ၊ တရားသူကြီးဖြစ်တဲ့ ငါ့ကို တစ်ယောက်လျှင် ငွေသား နှစ်ပြည်စီ ပေးကြရမည်”ဟု အမိန့်ချမှတ်လိုက်ရာ၊ လေက်တို့နှင့် ညိုမှာ မျက်လုံးပြူးသွားလောက်အောင် နှမြောသွားကြလေသည်။

မင်းစေတို့က အမိန့်အတိုင်း တစ်ယောက်လျှင် ၂ပြည်စီချင်၍ ယူလိုက်ကြလေရာ၊ လေက်တို့နှင့် ညိုမှာ မဲ့သွားကြလေတော့သည်။

“ကဲ...ကောက်ချက် ဖြတ်စာရေးတဲ့ စာရေးဟာ အလွန်အရေးကြီးတဲ့သူ ဖြစ်တဲ့အတွက် လေက်တို့နဲ့ညိုက ငွေ တစ်ပြည်စီ ပေးလိုက်ကြ”

မင်းစေတို့သည် စက်ရုပ်ကဲ့သို့ပင် အမိန့် ကျသည်ဆိုက ချက်ချင်းပင် ခြင်လိုက်ကြသည်။

“ဝန်စာရေးကလဲ ကောက်ချက် စာရေးနဲ့ တစ်ညီတည်း ရရိုးရှိတဲ့အတွက် ငွေတစ်ပြည်စီပေးလိုက်”...

လေက်တို့နှင့် ညိုတို့မှာ စကားတောင်စား အမိန့် ချလိုက်တိုင်းချလိုက်တိုင်း မဲ့၍မဲ့၍သွားကြသော်လည်း အကယ်၍ဤကိစ္စ



သူဌေးမောင်ကောင်းဇံကြားသွားလျှင် အမှုရောက်မည်စိုးသောကြောင့် ကျန်သမျှ အမြတ်ပဲဟု တွေးမိကာ ဘာမှမပြောသာဘဲ မဲ့၍မဲ့၍သာ ခံလိုက်ရတော့သည်။

“ကဲ...မင်းစေလုလင်နဲ့ သက်သေများကိုလဲ ပေးရရိုး ထုံးစံရှိလို့တစ်ယောက်တစ်ခွန်းစီပေးလိုက်ပါ”ဟုပြောဆို၍ ပေးလိုက်ရာ၊ လေက်တို့နှင့် ညိုတွင် ရထားသည်ကမှ တစ်ယောက်၇-ပြည်မျှရှိ၍ ယခုကဲ့သို့ ပေးလိုက်ရသောကြောင့် အပြီးသတ် တစ်ယောက်လျှင် ၃စလယ်မျှလောက်သာ ကျန်ရှိလေတော့သည်။

လေက်တို့နှင့် ညိုမှာ အပွဲပွဲနှဲကာ အချင်းချင်း အပြန်အပြန်အလှန် ကြံစည်ပြီး ရှာဖွေထိန်းသိမ်းခဲ့ရသော ငွေများကို အချင်းချင်း ခွဲယူလျှင် တစ်ယောက်တစ်ဝက် ရမည်ဖြစ်သော်လည်း သူတို့၏သူငယ်ချင်း စကားတောင်စား ဆုံးဖြတ်မှုကိုခံပါမှ ငွေ တစ်ပြည်ဟောက်ပက် ၃စလယ်မျှသာရရှိလေတော့ရာ နှစ်ဦးသားမှာ မျက်နှာမဲ့ကလေးများ ဖြစ်သွားကြလေတော့သည်။

စကားတောင်းစား၏ အဆုံးအဖြတ်ကို ငြင်းပယ်ပြန်လျှင် သူဌေးမောင်ကောင်းဇံ ကြားသိပါက၊ မိမိတို့ နှစ်ယောက်မှာ ထောင်ကျ,တန်းကျပင် ခံရလေတော့မည်ဖြစ်သည်။

သို့သော်လည်း နှစ်ယောက်သားသည် ငါးထမ်းရွက်ကဲ့သို့ တစ်ယောက်တည်းနေ၍ မဖြစ်၊ နှစ်ကောင်ပေါင်းမှ တစ်ကောင်ဖြစ်သည် ဆိုသကဲ့သို့ နှစ်ယောက်ပေါင်းမှ အကြောင်းသင့်သည့်ကြောင့် မခွဲဘဲ ဆက်လက် ကြံ စည် ရန် ဆုံး ဖြတ် လိုက် ကြလေသည်။




## မခါကြီးနှင့် မကျေးဥ

ပန်းရွာ ချည်ပါရွာတည်းဟူသော အညာဒေသမှလေက်တို ညီိုနှင့်အသက်အရွယ်တူသောအောက်မြို့ကျေးရွာတွင်မခါကြီး နှင့် မကျေးဥဆိုသော သားအမိ နှစ်ယောက်ရှိလေသည်။ ပိုင်း လုံးများဖြစ်သည်။

မကျေးဥဆိုသောမိန်းကလေးမှာ မခါကြီးကအထက်အညာ က ငွေသုံးပိသာနှင့် ဝယ်လာပြီး သမီးဟုဗန်းပြကာ၊ ရသမျှ သိုက်တူးနေကြသူများ ဖြစ်လေသည်။ လေက်ဘိုနှင့် ညီိုတို့မှာ မခါကြီးနှင့် မကျေးဥသတင်းကို ကြားရသဖြင့်....

"ကဲ....ဆရာညိုရေ၊တို့နှစ်ယောက်တော့ ပွပေါက်တိုးပြီထင် တယ်ဟေ့"ဟု စကားစလိုက်လေသည်။

"ဘာတုန်းကွ ဆရာတိုရ...."

"မကြားဘူးလားကွ၊ လှေသမားတွေ ပြောနေကြတာ"

"ဘာတဲ့တုန်း ဆိုစမ်းပါဦး"



"ကွာ ဒီမြို့မှာ မခါကြီးနဲ့မကျေးဥဆိုတဲ့သားအမိနှစ်ယောက် ရှိသတဲ့၊ မအေက မုဆိုးမကွ၊အသက် ၃၅ နှစ်လောက် ရှိသတဲ့ ကွာ၊ သမီးကတော့ လင်မရှိသေးတဲ့ အပျိုတဲ့၊ရုပ်ရည်ကလဲ ချော သတဲ့၊ ဥစ္စာကလဲပေါသတဲ့ကွာ"

"ဒါဖြင့် ရပါ့မလား"

"ရပါတယ်ကွာ၊ မိန်းမဆိုတာ နဂိုကမှ မဟုတ်တရုတ် နှုတ်ကတော်တွေက ပြောတာတောင် ယုံသေးတာ၊ တို့လို ပညာ ရှိများဆိုရင် ဘာ မယုံရမှာလဲ၊ ငါကြံပါ့မယ်"

"အေးလေ....ကြံချင်ကြံပေါ့"

ဤသို့ဖြင့် အောက်ပြည်အောက်ရွာသို့ ရောက်သွားကြသော လေက်တို ညီိုတို့သည် လှေဆိပ်မှ ကြားသိရသော လှေသမား များထံမှ သတင်းကို အခြေပြုလျက် တိုင်ပင်ကြပြီးနောက် မခါ ကြီးနှင့် မကျေးဥတို့ နေရာအိမ်ကို မေးမြန်း သွားရောက်ကာ အခြေအနေကို အကဲခတ်ထားကြလေသည်။

မခါကြီးနှင့် မကျေးဥတို့ သားအမိမှာ တော်ရုံတန်ရုံ လူများ ကို လက်ခံလေ့မရှိဘဲ အောက်ဆုံးထစ် လှေသူကြီးလောက်ကိုမှ လက်ခံကာ အထူးသဖြင့် မင်းမှုထမ်းသော ဂုဏ်သရေ ရှိသော အရှိန်အ ါ ပိုင်ရှင်ကို ပိုမိုလိုလားသောကြောင့် လေက်တိုနှင့် ညီိုတို့မှာ ထိုသတင်းကို ဘောင်ဝင်အောင် မည်သို့ လုပ်ကြရ မည်ကိုပါ တိုင်ပင်စီစဉ်ထားလေသည်။

ငှင်းတို့နှစ်ယောက်၏ အစီအစဉ်မှာ တစ်ယောက်ကသူကြီး ဟန်ဆောင်လျက် အမေ မခါကြီးကို ရအောင်ပိုးပြီးလေယောက် က မြင်းခေါင်းတည်းဟူသော ဘုရင့်အမှုတော်ထမ်းတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com



သဖွယ် ဟန်ဆောင်ကာ သမီးကျေးဥကို ပိုးရန်ဖြစ်ရာ လေးတို့က တိုက်သူကြီးအဖြစ် လည်းကောင်း၊ ညီက မြင်းခေါင်းမင်းတစ်ယောက်အဖြစ်လည်းကောင်း၊ ဟန်ဆောင်ရန်အတွက်လိုအပ်သည့် အဝတ်အစားကို ပါလာသော ငွေဖြင့် ဝယ်လိုက်ကြပြီး မြင်းများကိုမူ အခကြေးငွေ ပေး၍ ငှားရမ်းထားလေသည်။

ထိုခေတ်က မြင်းစီးသူသည် ယခုခေတ် မော်တော်ကားစီးသူကဲ့သို့ပင် ဖြစ်လေရကား၊ သူတို့နှစ်ယောက်မှာ သဏ္ဍာန်လုပ်သရုပ်နှင့်တူစေရန်အတွက် စေ့စပ်သေချာ စီစဉ်ပြီး လိုအပ်သည့် ဟန်ဆောင် စာရင်းအင်းများကို လွယ်အိတ်ထဲ၌ ထည့်ပြီးလျှင် မည်သို့မည်ပုံ ပြောဆိုရမည်ကို သေချာစွာ ဇာတ်တိုက်၍ ထားကြလေသည်။

## အရုပ်နှင့် အလည် တွေ့ကြရာဝယ်

မြင်းခွာသံတစ်ခွပ်ခွပ်နှင့်အိမ်ဝင်းထဲဝင်လာသံကြားကတည်းက မခါကြီးသည် တို့အိမ်ထဲတော့ ဂုဏ်သရေရှိတစ်ယောက် ဝင်လာပြီဟူ၍တွေးတောကာ မခါကြီးသည် အိမ်ဝမှထွက်၍ ကြိုဆိုလေသည်။

လေးတို့၏ ဝတ်ဆင်ထားသော အဝတ်အထည်မှ အစ စီးလာသောမြင်း စသည်များကို အကဲခတ်မိသော မခါကြီးမှာ ရှုတ်ခြည်းပင် မည်သို့ခေါ်ရမည်ကိုကြံစည်ကာ "မောင်မောင်" ဟု ခေါ်ရန် ဆုံးဖြတ်လိုက်လေသည်။

"ဩော်....မောင်မောင်....ကြွပါကြွပါ"



လေးတို့သည် မြင်းပေါ်မှ[illegible]ရုံမျှပြုံးကာ နှုတ်ဆက်လိုက်ပြီး မြင်းပေါ်မှ ဆင်းလျက် အိမ်ဝင်းအတွင်းရှိ မြင်းဇောင်းတွင် မြင်းကို ချိတ်ထားခဲ့ပြီးမှ အိမ်ပေါ်သို့ တက်သွားလေသည်။

အိမ်ပေါ်တွင်ကား အိမ်ဦးခန်းတွင် သင်ဖြူးဖျာကြီး ခင်းလျက် မှိုအုံး၊ ကွမ်းအစ်၊ ထွေးခံ၊ ဆေးပေါ့လိပ် စသည်များဖြင့် အသင့်ပြင်ဆင်ကာ လေးတို့လွယ်၍လာသော လွယ်အိတ်ကိုပါ မခါကြီးက ဆီးယူပြီး တိုင်မှာ ချိတ်ထားလိုက်လေသည်။

"မောင်မောင်တို့မျာ၊ အိမ်ရှေ့မှာ မြင်းဖြတ်ဖြတ်စီးသွားတာ မြင်ပါလျက်နဲ့ ကနေ့မှပဲ ရောက်လာတော့တယ်"

ဟု ယခင်ကပင် သိကျွမ်း ရင်းနှီးသယောင် မခါကြီးက ပြောလိုက်ရာ....

"အင်း....ဟုတ်ပါရဲ့၊ စိတ်ကတော့ဝင်ချင်နေတာ ကြာပြီ ပေါ့လေ၊ ကိစ္စက ရှုံးကိစ္စဆိုတော့ မြို့ဝန်ဆီမှာ ငွေတော်ချိန်ဖို့ စောင့်ရပ်ရတာက တစ်မျိုး၊ ရွာပြန်ပြီး ကိုယ်ပိုင်တဲ့ နယ်ပယ်အတွင်းမှာ သဿမေဓ ကောက်ဖို့ကလဲများ၊ ရွာသူ ရွာသားများရဲ့ အသက်စည်းစိမ်အတွက် လူဆိုး သူခိုးတို့ မထကြွရလေအောင် ထိန်းသိမ်းရတာက တစ်ဘက်ဆိုတော့ ဒီနားရောက်ပြန်တော့ အချိန်မရတာနဲ့မို့ပါ၊ ကနေ့တော့ဖြင့် နေကလဲ နည်းနေတော့ နမ်ဆီမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို ဝင်ခဲ့တာပါပဲ" ဟု ပြောဆိုလိုက်လေရာ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဟူသော စကားကို သုံးနှုန်း၍ ရပ်လိုက်ခြင်း ဖြစ်လေသည်။

ဤသို့ လေးတို့နှင့် မခါကြီးတို့ အိမ်ဦးခန်းတွင် စကားပြောဆို အဆင်ပြေနေခိုက်တွင် နောက်ဖေးအဆောင်တွင် နေသော

www.burmeseclassic.com

www.burmeseclassic.com



သမီးမကျေးဥမှာချောင်းကြည့်ကာအကဲခတ်ယင်း "အင်း....အမဲတစ်စီးတော့ မိလုပြီ" ဟု တွေးတောကာ သနပ်ခါးနှံ့ သာများကို ပြုံးပြုံး၍ နေလေသည်။

"ဟဲ့....သမီး၊ ညည်းအစ်ကိုတိုက်သူကြီးမင်းရောက်လာတယ်၊ ရေနွေးအိုး မပွက်သေးဘူးလား"

"ပွက်ပါပြီ အမေ"

အမှန်ကား ရေနွေးအိုးသည် ဆူပြီးပွက်ပြီးဖြစ်သည်ကို မခါကြီးလည်း သိ၍ မကျေးဥလည်း သိလေသည်။ ထိုသို့ပြောခြင်းမှာ ဧည့်သည်ရှေ့သို့ ရှပ်ပြလာရန် အစီအစဉ် ဖြစ်လေသည်။

မကျေးဥသည် ရေနွေးလင်ပန်းကို လက်နှစ်ဘက်ဖြင့် မ,ကာ ခါးလော့ကာ နေရာတွင် ထားလျက် ခပ်ကော့ကော့ကလေး လာလေရာ၊ လေက်တိုမှာ မျက်လုံးကစားခြင်းကို လုံးဝမပြုဘဲ နှင့် မခါကြီးကိုသာ အာရုံထားနေဟန်ပြုလိုက်ရာ မကျေမနပ်ဘဲ စိတ်ထဲမှ အလကား လူကြီးဟုပင် တွေးလိုက်မိတော့သည်။

တစ်ဖန် အိမ်ရှေ့မှမြင်းဖြတ်စီးသွားသံကြားသဖြင့် လေက်တိုက လှမ်းကြည့်ကာ ဝမ်းသာအားရဖြင့် "ဟာ....မြင်းခေါင်းမင်းပါလား၊ ကြွပါဦးဒီကို" ဟု နှုတ်ဆက်လိုက်ရာ မြင်းခေါင်းဟန်ဆောင်ထားသော ညိုလည်းဝင်၍ လာသေတော့သည်။

"အခု ဘယ်ကလာလို့ ဘယ်ကိုကြွမှာလဲ မြင်းခေါင်းမင်းရဲ့...."

"ဩော်....ဩော်၊ တိုက်သူကြီးမင်းပါလား၊ ဘယ်သူများလဲလို့ အချိန်ကလဲ နည်းနေလို့ ဘယ်မှာ တည်းရမလဲဆိုတာ စဉ်းစားရင်း မြင်းကို ဖြည်းဖြည်းစီးလာတာပါ"





ထိုသို့ မြင်းခေါင်းမင်းဟူသော စကားကြောင့် မခါကြီးမှာ သဘောကျ၍သွားပြီး တည်းခိုရန်အတွက် ဖိတ်ခေါ်ရန် စိတ်ကူးလိုက်လေသည်။သို့သော် ဟန်ကောင်းသော ညိုက "ကဲ....တိုက်သူကြီးမင်းနဲ့ စကားကောင်းနေလို့ တည်းမည့် အိမ်မှာ ချက်ရပြုတ်ရနဲ့ အားနာစရာ ဖြစ်နေမှာမို့ သွားတော့မယ်" ဟု ပြောလိုက်ရာ၊ လေက်တိုက မခါကြီးအား လှမ်း၍ကြည့်လိုက်၏။ ချက်ဆိုလျှင် နားခွက်က မီးတောက်ဆိုသကဲ့သို့ ပါးလှ လုပ်လှသော မခါကြီးက "အို ..မောင်မောင်ရယ်၊မောင်မောင့်မိတ်ဆွေ မြင်းခေါင်းမင်းကို တခြားမှာလဲ သွားမတည်းပါစေနဲ့လား။ ဒီအိမ်မှာပဲ တည်းပါစေ၊ အားနာစရာ မရှိပါဘူး၊ စားစရာ,သောက်စရာ,အိပ်စရာ အားလုံးအသင့်ပဲဟာ" ဟု ပြောလိုက်၏။လေက်တိုကလည်း ဆင်ထားသောအကွက်ကို ဝင်လာပြီဖြစ်၍ လျှာသွက်အာသွက်ဖြင့် ညိုအား ဖိတ်လိုက်လေသည်။

"အားတော့ နာတာပဲ၊ ဒါပေမယ့် တိုက် သူကြီး မင်းနဲ့ စကားပြောရအောင်လို့သာ" ဟု ပြောဆိုပြီး၊ လေက်တို၏ မြင်းထားရာသို့ သွား၍ မြင်းကို ထားလိုက်ပြီးမှ အိမ်ပေါ်သို့ ပြန်တက်ခဲ့လေတော့သည်။

## အထင်ကြီးအောင် လုပ်ကြပုံ

မခါကြီးသည် ဧည့်သည် နှစ်ယောက်အား ကျွေးမွေးရန်အတွက် နောက်ဖေးခန်းသို့ သွားရောက် ပြင်ဆင်နေခိုက်တွင် လေက်တိုနှင့် ညိုတို့သည် စကားကြီး စကားကျယ်များကို ပြောလျက် ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုက်သူကြီးမင်းအနေနဲ့ဆိုရင် သာသာမေမ အခွန်တော်တွေ ရဲ့ ခိုင်ငွေဟာ တစ်နှစ်တစ်နှစ်မှာ တော်တော်ရမှာပဲနော်"

"အင်း....မြင်းခေါင်းမင်းတွေးသလိုတော့ဟုတ်ပါရဲ့၊တစ်နှစ် တစ်နှစ်ဆိုရင် ခိုင်ငွေကိုကာ၃–၄ထောင်ခင်းပါပဲ၊နယ်ကလဲ ကျယ် သကိုး၊ ပြီးတော့ ကိုယ်ပိုင်လယ်ယာတို့က ရတာနဲ့ ဆိုရင်တော့ တစ်နှစ်တစ်နှစ်မယ် စုစုပေါင်း ၁၀၀၀၀ဝ ခင်းဟာ အနည်းပေါ့ လေ၊ ဒါပေမယ့် ခြွေရံသင်းပင်းတွေကလဲ မနည်းတော့ အကုန် အကျလဲ မနည်းဘူးပေါ့၊ တစ်ခုခက်တာက အိမ်သူ မရှိတာဟာ ပစ္စည်းပစ္စယ ပိုပြီးဟာတယ်၊ ပိုပြီးလဲကုန်တယ်ပေါ့ဗျာ၊ စီးတဲ့ ရေ ဆည်တဲ့ ကန်သင်းကမရှိတော့ အဖိတ်ဖိတ်အယိုယိုပေါ့"

"အင်း ဒါလဲဟုတ်ပေတာပေါ့၊အခုလို အိမ်ထောင်ကြီးတစ် ခုမှာဆိုရင် မိန်းမ တစ်ယောက်တော့ ရှိမှလဲ ကောင်းတာပဲ၊ အရင် ကွယ်လွန်သွားတဲ့ သူကြီးကတော် ရှိတုန်းကတော့ စည်းနဲ့ ကမ်းနဲ့ပေကိုး၊ အင်း....သူကြီးမင်းလဲ နောက်ထပ် အိမ်ထောင် ကလေးဘာလေး ပြုဦးလေ"

"ဟာ.... မြင်းခေါင်းမင်း၊ ကျုပ်ဆီကို ဆိုရင် လာလာပြီး စပ်ကြှဟပ်ကြတာ အသက်ငယ်ငယ် အပျိုအရွယ်ကလေးတွေ ချည်းပဲ၊ ကျုပ်လိုချင်တာက မုဆိုးမတို့၊ တစ်ခုလပ်တို့ဗျ၊ဒါမှလဲ အိမ်ထောင်အထိန်းအကျောင်းမှာ ကျွမ်းကျင်တာဗျ"

"အင်း....ဒါတော့ သူကြီးမင်း၊ ကျုပ်နဲ့ သဘောချင်း မတူ ဘူးဗျ၊ ကျုပ်ကတော့ အပျိုမှ လိုချင်တာ"

"ဟာ....ဟုတ်ပေတာပေါ့၊မြင်းခေါင်းမင်းက လူပျိုဆိုတော့ အပျိုကိုပဲ လိုချင်မှာပေါ့၊ မြင်းခေါင်းမင်းလဲ ယူထိုက်ပါပြီ



လေ၊ ဘာလို့လဲဆိုတော့ မြင်းခေါင်းမင်း အဖြစ်နဲ့ ဆိုတော့ လစာရိက္ခာကလဲ နည်းတာမဟုတ်ဘူး၊ ဒါပေမယ့် အပြင်ကမိန်း မတွေ ပေးရကမ်းရနဲ့ ဖြစ်နေ မှ ကိုး.... ဟဲ....ဟဲ....ဟဲ"

"ကုန်ချင်ကုန်ပါစေဗျာ၊ ကိုယ့်ရှိလို့ကုန်တာပဲဟာ၊ ဒါပေ မယ့် အဲဒီလို မနေချင်ဘူးဗျာ၊ ရုပ်ကလေးလှလှနဲ့ အရွယ်ကလေး ငယ်ငယ်နဲ့ တင့်တောင်းတင့်တယ် နေချင်ပါတယ်၊ မြင်းခေါင်း မင်း ကူတော်ပေါ့လေဗျာ ဟား....ဟား....ဟား"

ထိုသို့ ၎င်းတို့နှစ်ယောက် လေကြီးမိုးကြီး၊စကားကြီး,စကား ကျယ် ပြောနေသံများကို နောက်ဖေးခန်းတွင် ထမင်းစားပွဲပြင် ဟန်ဖြင့် ဝင်သွားသော သားအမိနှစ်ယောက်တို့သည်ထရံကွယ်မှ နေ၍ နားထောင်နေရင်း သဘောကျ၍ နေလေတော့သည်။

ခဏကြာမှ ထမင်းပွဲပြင်ရန်အတွက် ဒေါင်းလန်းနှင့် လက် ဆေးအင်တုံ၊သောက်ရေတကောင်း၊ စသည်များတို့ကို ယူလာ သဖြင့် စကားပြတ်သွားလေတော့သည်။

မိန်းမတို့သည် ယောကျ်ားများကို နှစ်သက်ပြီဆိုလျှင်ထမင်း ဟင်း ချက်ပြုတ်ရာမှစ၍ ပညာစွမ်းရည်ပြကာ ဖွယ်ဖွယ်ရာရာနှင့် မှုလုပ်တတ်လေရာ၊ ယခုလည်း ထိုနည်းအတိုင်း လက်စွမ်းပြထား သော ဟင်းများမှာ မင်းပွဲတမျှ စုံလင်လှပေသည်။

"ကဲ....ကဲမောင်မောင်တို့၊ဘာမှ အားနာမနေကြပါနဲ့၊ဖြည်း ဖြည်း သုံးဆောင်ကြပါ၊ ကိုယ့်အိမ် ကိုယ့်ရာမှာ သုံးဆောင်သလို ပေါ့၊ ဒီအိမ်ကိုလဲ ကိုယ့်အိမ်လို သဘောထားကြပါ"စသည်ဖြင့် ပြောဆိုနေသည့် အခိုက်တွင် မကျေးဉကလည်း ဒူးတုပ်၍ထိုင် ကာ ယပ်တောင် တစ်ချောင်းနှင့် ခတ်လျက် ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငလက်တို့နှင့် ညီတို့မှာ ဟင်းများမွှေးကြိုင်သောသစ်ကြံပိုး ကရဝေး၊ စပါးလင်၊ ပင်စိမ်းစသည့် အမွှေးအကြိုင် အနံ့များနှင့် မကျေးဥကိုယ်မှထွက်သော အကျော်စမွှာ၊ ကရမက်နံ့သာဖြူ၊ သနပ်ခါးတို့ဖြင့် ရောသွေးနေရာ တစ်ခါဖူးမှမခံစားဖူးသော အရသာကို ခံစား၍ နေမှုလေသည်။

"မြန်မြန် သုံးဆောင်ကြပါ၊ ဒါကတော့ မေမေ့လက်ရာ၊ ဟောဒီဟင်းကတော့ ဥဥလက်နဲ့ချက်တဲ့ ဟင်းပါပဲ၊ အပေါ့အငံ့ တော်တန်ကောင်းပါစ"

စသည်ဖြင့် ပီယဝါစာ စကားများကို ပြောဆိုနေကြပြန်လေသည်။

ငလက်တို့နှင့် ညီမှာ ဘုန်းကြီးကျောင်းသားများလည်း ဖြစ်၍ နဂိုကမှ အစားသန်ရသည့် အထဲတွင် ထမင်းကောင်း ဟင်းကောင်း ပေါပေါများများ မစားရသည်မှာ ကြာပြီဖြစ်ရကား အားမနာဘမ်း စားလိုက်ကြသည်မှာ ဟင်းလိုက်နေသော မခါကြီးပင်လျှင် တစ်မျိုးဖြည့်လိုက်၊ တစ်မျိုးကုန်လိုက် ဖြစ်နေသောကြောင့် မီးဖိုနှင့် အိမ်ရှေ့ခန်းမှာ ခေါက်တုံ့ ခေါက်ပြန် ဖြစ်၍နေလေတော့သည်။

ထမင်းဟင်းစားသောက်ပြီးနောက် အချိုအချဉ်၊ လက်ဖက်ရည်ကြမ်း၊ လက်ဖက်စသည်များဖြင့် ဧည့်ခံထားပြီး မခါကြီးနှင့် မကျေးဥတို့ သားအမိ နှစ်ယောက်သား မီးဖိုဆောင်တွင် ထမင်းစားကြရာ မှန်းထားသည်ထက် ပို၍ ကုန်နေသောကြောင့် မလောက်မငနှင့် ပြီးလိုက်ရလေသည်။



"မေမေ့လူက ထမင်းစား ဟင်းစား ကြိုးလိုက်တာနော်" ဟု မကျေးဥက ပြောဆိုလေရာ "ဒါတော့အေ.... ယောကျ်ားတွေလဲဖြစ်ပြန်၊ ပြီးတော့ မြင်းစီးပြီး ခရီးသွားတဲ့လူဟာ ဝမ်းကဟာတော့ ထမင်းစားနိုင်တာပေါ့ အေ" ဟု တိုးတိုးတိတ်တိတ် ကျိတ်၍ ပြောလိုက်လေသည်။

အိမ်ရှေ့ခန်းမှ ဧည့်သည် နှစ်ယောက်သားမှာလည်း အချိုပွဲ အချဉ်ပွဲများဖြင့် မှီအုံးကိုမှီကာ ဇိမ်ခတ်၍ နေရင်းက မိမိတို့ အကြံအစည် အောင်တော့မည်ဟု ယူဆကာ ဝမ်းသာလျက်ရှိကြလေတော့သည်။

## သမီးထံ တစ်ယောက်သွားတော့

မခါကြီးမှာ မီးဖိုဆောင်တွင် သိမ်းဆည်း ဆေးကြောပြီးသည့်နောက်တွင်မှ အိမ်ရှေ့သို့လာကာ ဧည့်ခံစကား ပြောကြားနေသော်လည်း၊ မကျေးဥသည် နောက်ဖေးတွင် သနပ်ခါးသွေး၍ နေလေသည်။

အိမ်ရှေ့တွင် စကားပြော၍ ခဏအကြာတွင် ညီသည် ငလက်တို့နှင့် မခါကြီးတို့ စကားလက်ဆုံ ကျနေသည့် အခိုက်တွင် ငလက်တို မသိစေချင်လေဟန်ဖြင့် တိုင်၌ ချိတ်ထားသော လွယ်အိတ်ကို ဖြုတ်ကာ ထိပ်မှချီလျက် နောက်ဖေးဘက်သို့ ထွက်သွားလေသည်။

သနပ်ခါးသွေးနေသော မကျေးဥထံသွားကာ အနားသို့ကပ်လျက် အသံခပ်တိုးတိုးဖြင့် "ညီမလေးကို စကား တစ်ခွန်းပြော

www.burmeseclassic.com

www.burmeseclassic.com



ပါရစေ''ဟု ပဏာမခံလိုက်ရာ၊ သည်ကဲ့သို့သော ပဏာမခံလာလျှင် မည်ကဲ့သို့သော နိဂုံး ရောက်တတ်သည်ကို သိပြီးသော မကျေးဉမှာ တစ်ထွာပြုလျှင် ဘစ်တောင်မြင်လိုက်မိလေသည်။

သို့ကြောင့်''ဪ....ဒါကတော့မောင်မောင်ရယ်၊မောင်နှမချင်းလိုပဲ သဘောထားပြီး ပြောတာဟာ တစ်ခွန်းမကပါဘူး၊ သုံးခွန်းပြောလည်း ဉဉ်ကနားထောင်ရမှာပါ''ဟု ပြောလိုက်ရာ ညီမှာ ဝမ်းသာလွန်း၍ ခွိကနဲဖြစ်မသွားရန် မနည်းကြီးပင် ထိန်းသိမ်းထားရလေဟော့သည်။

''ဪ.... တခြားမဟုတ်ပါဘူး၊ အစ်ကိုမှာ ငွေထုပ်ပါလာလို့ အကြောင်းကတော့ ညဧရးညတာကိစ္စပေါ့၊တစ်ချက်ကတော့ တိုက်သူကြီးကအလွန်ငွေလှည့်တတ်တယ်၊ ပြန်မရတော့မရှိဘူး၊ ရတာချည်းပါပဲ၊ ဒါပေမယ့် အခုပါလာတဲ့ငွေကို ဉဉ်ဆီအပ်ထားချင်လို့ပါ''ဟု မကျေးဉ အထင်ကြီးစေရန်အတွက် တမင်သက်သက် ဖန်တီးကာ ပြောဆိုလေသည်။

''ဪ....ဉဉ်ထင်တာကတော့ မောင်မောင်စကားတစ်ခွန်းလောက် ပြောချင်တယ်ဆိုတော့ ဘာစကားများလဲလို့ ရင်ထဲမှာ ထိတ်ကနဲသွားတာပဲ၊ လက်စသပ်တော့ ငွေထုပ်အပ်တာပဲ၊ ဒါနဲ့များ စကားပလ္လင်ခံနေရသေးတယ်၊ ရော့ဟော့....ငွေထုပ်သိမ်းထားလိုက်စမ်းလို့ ပြောရင်ပြီးတာပဲ''ဟု မူရာမာယာကြွာတွေဗျာပါတွေနှင့် မျက်စချီကာပြောလိုက်လေရာ၊ ညီမှာ ရင်ခေါင်းထဲတွင် ဖိုးကျိုင်းတုတ်၊ ဖိုးကျိုင်းတုတ် မြည်သွားသကဲ့သို့ ဝမ်းသာသွားလေတော့သည်။



## မခါကြီးနှင့် နှစ်ပါးကြည်

ကိုသို့ ညီနှင့် မကျေးဉတို့ အတွင်းခန်းတွင် စကားလက်ဆုံကျနေသည့်အခိုက်တွင် အိမ်ရှေ့ခန်းမှ လေက်တိုနှင့် မခါကြီးတို့မှာလည်း ရေပက်မဝင်နိုင်လောက်အောင် တစ်ယောက်နှင့်တစ်ယောက် မညာပြုံး၍နေကြလေသည်။

''ဪ....မေ့နေလို့ မခါကြီးရယ်''

''ခါခါလို့ ခေါ်ပါလို့ဆိုနေ၊ မောင်မောင်ကလဲ''

''ဟုတ်ပါရဲ့၊ မောင်မောင်မေ့သွားလို့ပါ ခါခါရယ်၊ ဘွာဇိုက်....ဘွာဇိုက်''

''အမယ်လေး ...ဘွာဇိုက်တွေ ဘာတွေနဲ့ ကလေးကလား''

''ကလေးမဟုတ်လို့ မောင်မောင့် အသက်က ဘယ်လောက်များ ကြီးသေးလို့လဲ၊ ထားပါတော့ ခါခါရယ်....မောင်မောင်တိုးတိုးလေးပြောချင်တာပဲ''

''ဟင်းနှော်....ဘာစကားလဲ တိုးကိုးပြောရမှာက''

မခါကြီးသည် ငယ်ရာမှ ကြီး၍ ကြီးရင်းက ကူလီကူမာနေထိုင်ခဲ့သူဖြစ်ရာ၊ ဟင်းနှော်....ဆိုသောစကားတစ်လုံးနှင့်အတူ မျက်လုံးကလေး ထောင့်ကပ်ကာ ကြွာဗျာပါကလေးများနှင့် မူလိုက်ရာ လေက်တိုမှာ နှလုံးခွေ့ သဘောကျ၍ သွားလေတော့၏။

''ဪ....တိုးတိုးပြောချင်တာကတော့ မောင်မောင့်ငွေထုပ်ကို ခါခါသိမ်းထားစေချင်တယ်၊ ဘာလို့လဲဆိုတော့ မြင်းခေါင်းမင်းက သူငယ်ချင်းဆိုတော့ သူကပေးစမ်းပါ ၅၀၀ ဆိုလဲပေးရမှာ၊ ပေးပါဦး ၁၀၀၀ ဆိုလဲ ပေးရမှာပဲ၊ ဆုံးတော့ဆုံးဘူးပေါ့၊ သူ့မှာလဲ လယ်တွေ၊ ယာတွေရှိတာပေါ့၊ ဒါပေမယ့် အခု

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်သုံးဖို့ နည်းမှာစိုးလို့ပါ၊ ဒါကြောင့် ခါခါ သိမ်းထားစမ်းပါ''ဟု ဆိုကာ ငွေထုပ်ကို အပ်လိုက်လေသည်။

''အံ့မယ်လေး ငွေထုပ်အပ်တာများ ပြောနေရသေးသလား၊ ဒီမှာ ငွေထုပ်ဆိုရင် ဒီက ခါခါက သိမ်းရမှာဆိုတာ နားလည်ပါတယ်၊ သမီးတို့ ဖခင်ရှိစဉ်က ဒီအတိုင်းပဲ သိမ်းရတာပဲ'' ဟု တည့်တည့်ကြီး ချိတ်လိုက်တော့သည်။ ငလက်တို့မှာ ဝမ်းအသာကြီး သာသွားကာ ''အဲဒီလို လိမ္မာတဲ့ မိန်းမမျိုး ရှာနေတာ ကြာလှပြီ'' ဟု ခပ်တိုးတိုးပြောလိုက်ရာ၊ မခါကြီးက မကြားသကဲ့သို့ ငွေထုပ်ကိုသာ ဘုရားစင်အောက်တွင် ဝှက်ထားလိုက်လေသည်။

''ကဲ....စကား ကောင်းနေလိုက်တာ၊ ညဉ့် တော်တော်နက်ပြီ'' ဟု မခါကြီးက သန်းဝေဟန်ပြုရင်း ပြောလိုက်သည်။ ငလက်တိုကလည်း ''ဟုတ်ပါရဲ့၊ အားနာလို့သာ မပြောတာ'' ဟု ပြောလိုက်၍ မခါကြီးမှာ ထိုင်နေရာတွင်ပင် ခေါင်းအုံးချပေးကာ အိပ်ယာပြင်လိုက်၍ ငလက်တိုက မိမိတို့ နှစ်ယောက်အိမ်ရှေ့ခန်း အိပ်ရမည်ထင်သော်လည်း မခါကြီးမှာ လှဲ၍အိပ်လိုက်သောကြောင့် ငလက်တိုက....

''မြင်းခေါင်းမင်းက ဘယ်မှာအိပ်မှာလဲ''

''အမယ်လေး ကိုယ့်ကိုယ့်ကိုယ်လုပ်ပါ၊ သူလဲ အတွင်းမန်းဝင်သွားတာ ကြာပြီ၊ ဟိုမှာပဲ အိပ်လိမ့်မပေါ့''ဟု ပြောဆိုပြီး တစ်အိမ်လုံး မှောင်၍ သွားလေသတည်း။



## လည်လွန်း၍ အထိခံရသော သားအမိ

လောကနိဗ္ဗာန်များရောက်နေကြရော့လားဟု ထင်မှတ်သွားလောက်အောင် ကြည်နူး သာယာခဲ့ကြသော သားအမိနှစ်ယောက်မှာ နောက်တစ်နေ့နံနက်တွင်ကား ဒူးနှင့် မျက်ရည်သုတ်နေကြရလေတော့သည်။

အဘယ့်ကြောင့်ဆိုသော် သူကြီးမင်းဦးလက်တိုက မခါကြီးအား အပ်နှံထားသောငွေထုပ်သည်လည်းကောင်း၊ မြင်းခေါင်းမင်း ဦးညိုက မကျေးဥအား အပ်ထားသော ငွေထုပ်သည်လည်းကောင်း ပျောက်ဆုံးလျက်ရှိသောကြောင့်ပေတည်း။

ငလက်တိုရော၊ ညိုပါ သူတို့ငွေများကို ဖျောက်ဖျက်ပစ်ပါသည်ဟု စွပ်စွဲပြောဆိုလေရာ သားအမိနှစ်ယောက်မှာ ကြံရာမရတော့ဘဲ ရှိုးတောင်းပန်နေရလေသည်။

''အေး.... ဒီငွေတွေက ဘုရင့်ဘဏ္ဍာတော်တွေပဲ၊ ဒါကို မြို့ဝန်မင်းဆီသွင်းရမှာ၊ မသွင်းနိုင်ရင် ဒုက္ခဖြစ်မယ်၊ မင်းတို့ သားအမိ သက်သာမှာမဟုတ်ဘူး၊ ဒီတော့ဘယ်လိုလုပ်ကြမလဲ'' ဟု ခြောက်လှန့်လိုက်ရာ အခြားကိစ္စများတွင် လူလည်လုပ်ကာ ယောကျ်ားတွေအပေါ် ပိုင်းခဲ့ဖြတ်ခဲ့သမျှ ငလက်တိုနှင့် ညိုတို့ကျမှ အထိခံလိုက်ရသော သားအမိမှာ မကြံတတ်တိုင်း ငို၍နေကြတော့သည်။

''ကဲ....အခုမှတော့ ငိုမနေကြနဲ့တော့၊ ဖြစ်သလိုစီမံရမှာပဲ အဲဒါကိုသာ နားထောင်ပေတော့၊တို့လဲနှစ်ယောက်စလုံး အသုပ်ပြုတ်ရုံသာမကဘူးမင်းဒဏ်သင့်ကြလိမ့်မယ်၊ ဒီတော့ဒီမှာမနေနဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့တစ်ရွာသွားကြမယ်၊ ပါတဲ့မြင်းကိုရောင်းပြီး စရိတ်လုပ်မယ်ဟုတ်လား”ဟု ပြောဆိုစီမံလေသည်။

ထိုအခါ လေက်တိုရောင့်ညိုပါ မြင်း နှစ်ကောင်ကို ရောင်းမည်ဟုဆိုကာ ထွက်သွားပြီးနောက်၊ နေ့လယ်ခင်းတွင် ပြန်လာကြရာ မခါကြီးနှင့် မကျေးဥတို့က ထမင်းပွဲအသင့်နှင့် စောင့်နေကြလေတော့သည်။

အမှန်မှာ လေက်တိုနှင့်ညိုသည် မူလကပင် သူတို့မြင်းများမဟုတ်ဘဲ ငှားလာသော မြင်းများဖြစ်၍ ယမန်နေ့ညက ကိုယ်အပ်သော ငွေများကို ကိုယ့်ဘာသာကိုယ် ပြန်ခိုးပြီး မြင်းများအနီးတွင် မြင်းချေးများ ဖုံးထားခဲ့၏၊ ယခု နံနက်မှ မြင်းသွားရောင်းမည်ဆိုလျက် ငွေကို ပြန်၍ ဖော်ယူပြီး မြင်းများကို ငှားသူထံ ပြန်ပို့ကာ မြင်းရောင်း၍ရခဲ့လေဟန်ဖြင့် ငွေများကို ပြကာ တစ်မြို့တစ်ရွာသို့ပြောင်းရန် ညနေတွင် လှေဆိပ်သို့ ဆင်းခဲ့ကြလေတော့သည်။

မခါကြီးနှင့် မကျေးဥတို့မှာ ယောကျ်ားပေါင်း များစွာတို့အပေါ် ရှုပ်ရည်ကိုပြလျက် လည်းကောင်း၊ ကိုယ်ကာယ ပေးအပ်လျက် လည်းကောင်း နည်းအမျိုးမျိုး ပရိယာယ် အသွယ်သွယ်ဖြင့် လည်ချင်တိုင်းလည်၊ ပတ်ချင်တိုင်းပတ်၊ ပိုင်းချင်တိုင်း ပိုင်းလာခဲ့လေသမျှ ချည်ပါသားညိုနှင့် ပခန်းသား လေက်တိုကျမှ ဘာမျှ မတတ်နိုင်တော့ဘဲ အမိခံလိုက်ရခြင်း ဖြစ်လေသည်။




## လေးယောက်ပေါင်း လောင်းကျော်

လေက်တိုနှင့်ညိုသည် အကယ်ပင် မင်းပြစ်မင်းဒဏ် သင့်တော့မည်ကို ကြောက်သကဲ့သို့ပင် လှေကြုံကိုမှမစောင့်နိုင်တော့ဘဲ လှေတစ်စင်းကိုငှားကာ ဆန်တက်လာကြရာ၊ မိမိတို့ရွာနှင့်လည်းမနီး၊ မခါကြီး၊မကျေးဥတို့မြို့နှင့်လည်းမနီးသော လမ်းခုလတ်ဆိပ်ကမ်းတစ်ခုတွင် ဆင်းကာ စခန်းချ၍နေလေသည်။

မခါကြီးနှင့် မကျေးဥတို့မှာ အပွဲပွဲတွင်နွှဲလာပြီး သည်တစ်ပွဲကျမှ နှပ်ပစ် ခံလိုက်ရကြလေရာ၊ စိတ်ထဲမှ ကျေနပ်လှသည်မဟုတ်ဘဲ အကျိတ်အခဲဖြစ်၍ နေလေသောကြောင့် တွေးတောငေးမောလျက် “နေနှင့်ဦးပေါ့”ဟု ကျိတ်၍ ကြိမ်းထားလိုက်လေသည်။ သို့သော်လည်း ယခုမူကား လေက်တိုနှင့် ညိုတို့လက်ခုပ်တွင်းမှ ရေကဲ့သို့ ပြုသမျှခံရတော့မည်သာ ဖြစ်လေဖြင့် လေက်တိုနှင့် ညိုတို့ပြုသမျှ နုနေကြရပြီး တစ်ယောက်နှင့်တစ်ယောက် ပေါင်းစပ်မိကြ၍ အကြောင်းသိပြီး နောက်တွင်

www.burmeseclassic.com



ကြွား မထူးတော့ပြီဖြစ်၍ သူတော်ချင်းချင်း သတင်းလေ့လေ့ ပေါင်းဖက်တွေ့ကြလေသည်။

လေက်တို့နှင့် ညီတို့သည် ငွေဆိုမှ ငွေဆိုသောသူများ ဖြစ်လေသည်။ ငွေရမည်ဆိုက မိမိ၏မိန်းမ စသည်ကို မဆိုထားဘိ၊ မိမိတို့ကိုယ်တိုင်ပင်ဖြစ်စေ၊ သို့မဟုတ် မိမိသွေးရင်းသားရင်းကိုပင် ဖြစ်စေ၊ ညာတာထောက်ထားကြမည့်သူများ မဟုတ်ရကား ယခုလည်း ငွေရဲပေါက် လမ်းတစ်ခု မြင်ရခဲ့ပြီ၊ မကျေးဉကို အသုံးချကာ ကြံစည်ရန် စိတ်ကူးထုတ်လိုက်လေသည်။

သို့ကြောင့် ချက်ချင်းပင်အစီအစဉ်လုပ်ကာ မခါကြီး၊ မကျေးဉ၊ ငညိုတို့အား အသေးစိတ် တိုင်ပင်ထားလေသည်။ ထိုအစီအစဉ်မှာ လှေဆိပ်တွင်ရှိသော အညာမှလာသည့် ကုန်သည်လှေသူကြီးတစ်ဦးအား လိမ်ရန်ပင် ဖြစ်လေသည်။

မကျေးဉသည် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားရာမှ ခပ်စုတ်စုတ် ခပ်နွမ်းနွမ်း အဝတ်များကို လဲလှယ်ရပြီး လှေသူကြီးသို့ သွားကာ ငိုယို၍ နေလေသည်။

လေက်တို့မှာကား မကျေးဉ၏ အဖေသွယ် ဟန်ဆောင်ကာ အနီးမှ မာန်မဲပြောဆိုလျက်ရှိလေသည်။

"ဒါကြောင့် ငါ အစကပြောသားပဲ၊ဒီကောင်ကို မယူလေနဲ့ ငါပေးစားတဲ့ဟာကို ယူပါဆိုတော့ ခုတော့ ကောင်းသေးရဲ့လားဟင်၊ ငါပေးစားတဲ့လူကျတော့ အသက်ကြီးသလေး ဘာလေးနဲ့ အခု လှတာမက်တော့ ညစာခက်သလို ရှိက်လားပုတ်လားနဲ့ ငါရင်နာတယ်ဟဲ့၊ ငါပေးစားတဲ့လူက အသက်ကြီးပေမယ့် ငွေကြေးလဲ ပြည့်စုံတယ်၊ ဂုဏ်သရေလဲ ရှိတယ်"ဟု မိမိ



ပေးစားသူကို မယူသော သမီးအား ပြောဆို ဆုံးမနေသည့်ပမာ ဟန်နှင့်ပန်နှင့် ပြောဆိုဆုံးမ၍ နေလေသည်။

"ကဲပါတော် ခုတော့ ပြောမနေပါနဲ့၊ ပြီးတာကို ပြီးပါစေတော့၊ ရှေ့ဆက်ပြီး ဘယ်လို စီစဉ်မယ်ဆိုတာသာ ပြောပါ"ဟု မခါကြီးကလည်း မိမိလင်ကို မိမိ ပြောသကဲ့သို့ ရုပ်တူနာမ်တူ ပြောဆိုနေလေရာ လှေသူကြီးနှင့်တကွ လှေပေါ်မှ လူများသည်လည်း ကြားသိ၍ နေလေတော့သည်။

"အေး.... ငါစီစဉ်ပေးပါ ဆိုရင်တော့ ညည်းကခင်မစွက်နဲ့ အလျင်တစ်ခါတုန်းကလဲ ငါစီစဉ်တာနင်ဝင်စွက်လို့ အခုလိုဖြစ်ရတာ၊ သမက်ကလေးငယ်ငယ်ကို ညည်းကပါများရောပြီး ကြိုက်နေမှန်းမှ မသိဘဲ"

"ကဲပါတော် မဟုတ်တန်းတရားတွေကို ပြောမနေပါနဲ့၊ ဒီကောင်နဲ့ဝေးအောင် ဘယ်လိုလုပ်မလဲ ဆိုတာလုပ်ပါ"

"အေး ကောင်းပြီ၊ ငါစီစဉ်မယ်၊ညည်းက ဘာမှဝင်မပါနဲ့"

"စိတ်သာချပါတော်၊ ကျုပ် နေခင်တရပါပြီ"

## လှေသူကြီးကို ချည်နှောင်ပုံ

ထိုနောက် လေက်တို့သည် လှေပေါ်သို့တက်သွားကာ လှေသူကြီးအား သွားရောက်တွေ့ဆုံ စကားပြောနေလေသည်။

"လှေသူကြီးမင်း ခင်ဗျား၊ကျွန်တော်တို့မှာ ဒုက္ခနှင့်ရင်ဆိုင်တွေ့နေရပါတယ်၊ ဒါကိုတော့ဖြင့် သူ့ အကျိုး ကိုယ့်အကျိုးဆိုသလို ကူညီစေချင်ပါတယ်" ဟု ပဏာမ ဆိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှေသူကြီးသည် စောစောက လှေပေါင်းမှ ထွက်၍ကြည့်စဉ်က ပင် အသက်ကလေးငယ်ငယ် ရုပ်ကလည်း လှကလှသနှင့် ဒုက္ခဖြစ်နေသည်ကို တွေ့ရသဖြင့် သနားစိတ် ဝင်၍နေလေရာ ယခုလာရောက်ပြောဆိုသော လက်တိုကို မြင်သောအခါ ခေါင်းညိတ်ခြင်းမျိုး ပြုကာ....

"ထိုင်ပါ၊ ထိုင်ပါ ပြောပါ"ဟု ဖြစ်နေခဲ့လေ၏။ လက်တိုက ကူညီပါဟူသော စကားပါလာသော အခါ ငြင်းပယ်ရန် စိတ်မကူးမိပေ။

"ဆိုပါဦး မောင်ရင်ရဲ့၊ ကူညီပါ ဆိုတာကတော့ဟုတ်ပါပြီ၊ ဘယ်လိုပုံနဲ့ ကူညီရမှာလဲဆိုတာလဲ ပြောစမ်းပါဦး"ဟု ပြောရင်း နှုတ်ခမ်းမွှေးကိုသပ်ကာ စကားကို တီးခေါက် ကြည့်လိုက်လေသည်။

"ဒီလိုပါခင်ဗျာ.... ဒီကလေးမဟာ ကျွန်တော့် သမီးပါ၊ သူတို့လူငယ်ချင်း မေတ္တာရှိလို့ သူငယ် တစ်ယောက်နဲ့ ထွက်ပြေးကြတာ မကြာသေးပါဘူး၊ ကျွန်တော်တို့ မိဘများက သဘောမတူခဲ့ပါဘူး၊ အခုတော့ ဟိုမှာ စားမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ်နေလို့ မိဘများဆီကို ထွက်ပြေးလာပါတယ်၊ အဲဒီမှာ ဆက်ထားရင် ဒီကောင့်ရန်က အေးမှာမဟုတ်ဘူး၊ တစ်မြို့တစ်ရွာကို ထည့်လိုက်ချင်ပါတယ်၊ ဒီတော့ လှေသူကြီးမင်းက အဲဒီကိစ္စကိုပဲ စောင်မတဲ့သဘောနဲ့ ခေါ်သွားပြီး သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းမယ့်လူရှိရင် နေရာချထားပေးချင်ပါတယ်"ဟု ပြောဆိုရာ လှေသူကြီးမှာ နုနုငယ်ငယ်ကလေးကို သူများလက် အပ်ရန်မလို၊ ကိုယ်တိုင် စောင်မ ကြည့်ရှုတော့မည်ဟု စိတ်ထဲမှာ ကျိတ်၍ ဝမ်းသာနေမိသည်။



"အေးလေ...ဒါကတော့ ဒုက္ခသည်တစ်ယောက်ကိုကူညီစရာရှိရင်တော့ ကူညီရမှာပဲ၊ ဒါပေမယ့် ရှုပ်ရှုပ်ယှက်ယှက် ဖြစ်မှာတော့ ကြောက်တယ်"

"ဟာ လှေသူကြီးမင်း၊ ဒါတော့စိတ်သာချပါ၊ ကျွန်တော်က အဖေပါ၊ ဟိုမှာထိုင်နေတာက မအေပါ၊ မိဘနှစ်ပါးက သဘောတူရင် ဘယ်သူမှ ဝင်ဖျက်လို့ မရဘူးဆိုတာလဲ ဓမ္မသတ်မှာရှိတာ သိတဲ့အတိုင်းပဲ" ပြောလိုက်ရာ လှေသူကြီးမှာသဘောတူလိုက်လေသည်။

## နှစ်ထပ်ကွမ်း ငွေညှစ်ပုံ

မကျေးဥသည် ငိုယိုဟန်ပြုရင်း လှေပေါ်သို့ ရောက်လာသည်။ မခါကြီးက မကျေးဥကိုလိုက်ပို့ရင်း လှေပေါ်သို့ ရောက်လေလျှင်.....

"မကျေးဥတို့အမေရယ်.... သမီးကို လွတ်ကင်းရာ လွတ်ကင်းကြောင်း ထည့်လိုက်ရတာတော့ ဟုတ်ပါပြီ၊ ဟိုကောင် လာဆူနေရင် ဘယ့်နှယ်လုပ်မလဲ"

"ဒီအရက်သမား ငွေသားငါးဆယ်လောက် ပေးလိုက်ရင် အေးမှာပါ၊ မစိုးရိမ်ပါနဲ့ကွာ"

"တော်က လွယ်လွယ်ပဲပြောတာ၊ ငွေသား ငါးဆယ်ရရင် ဒီကောင် ငြိမ်ကျသွားမှာ ကျွန်မလဲ သိတာပေါ့၊ ဒါပေမယ့်သူ့ပေးစရာ ဘယ်မှာလဲ ငွေငါးဆယ်"

ဟု မေးနေစဉ် စေတနာ ဗလပွ၊ ပြည့်ဝသော လှေသူကြီးက...

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဒီအတွက်မပူပါနဲ့ ကျုပ်ဆီကယူသွားပါ၊ဒီကောင် ရန်က အေးရင် ပြီးတာပဲ" ဆိုကာ လှေပေါင်းမိုးကျွန်းသေတ္တာထဲမှ ငွေသားငါးဆယ် ရေတွက်ကာ ထုတ်ပေးလိုက်လေသည်။

မခါကြီးက သမီးကိုနှုတ်ဆက်ရင်း မျက်ရည်စက်လက်ဖြင့်....

"ငါ့သမီးကို ဒီကောင့်ရန်က ဝေးအောင်သာ လွှတ်ရတယ် အမေ မခွဲချင်ပါဘူး၊ လှေသူကြီး စီမံရာ ဘာကိုမှမငြင်းနဲ့.... သမီးကောင်းဖို့သာ လှေသူကြီးက စီမံပေးမှာ၊ လှေသူကြီး စကားကိုသာ နားထောင်ရမယ် သမီးရဲ့" ဟု မျက်ရည်ကိုသုတ်ရင်း ပြောနေစဉ် မကျေးဥက....

"ဒါကတော့ ဟုတ်ပါပြီ၊သမီးမှာ အဝတ်စုတ်အစားစုတ်နဲ့ တစ်ရွာတစ်ကျေး လိုက်ရမှာ သမီးရှက်လှတယ်"

'အို အဝတ်အစားဆိုတာ အခု ကုန်းပေါ်မှာ တက်ဝယ်ရင်အခုရဘာပဲသမီးရယ်လှေသူကြီးကကြည့်နေမှာမဟုတ်ပါဘူး' ဟု မခါကြီး စကားမဆုံးခင်ပင် လှေသူကြီးက ပြုံးပြုံးကြီးနှင့်....

"ရပါတယ်ဗျာ၊ ရပါတယ်ဗျာ" ဆိုကာ လှေပေါင်းမိုးထဲဝင်သွားပြီး ကျွန်းသေတ္တာကြီးကိုဖွင့်ပြန်ကာ ငွေသားနှင့် ရွှေလက်ကောက်တစ်ရံ၊ ရွှေနှော်ဇာကုန်း ဆွဲကြိုးတစ်ကုန်းကိုပါယူလာရင်း ရော့ရော့ အဲဒီလက်ကောက်နဲ့ ဆွဲကြိုးကိုဝတ်ထား၊ ခင်ဗျားတို့က ငွေငါးဆယ်ယူသွားပြီး သင့်တော်မယ့် အဝတ်အစား ကောင်းကောင်းတွေ အမြန်ဝယ်ပြီးလာခဲ့ပါ၊ကျုပ်တို့လဲ လေရတုန်း ဆန်ရဦးမယ်" မခါကြီးလက်သို့ ငွေငါးဆယ် ထပ်အပ်သဖြင့် လှေပေါ်မှ သုတ်သုတ်ဆင်းကာ သွားကြလေသည်။

လှေသူကြီးသည် လှေထွက်ရန် အသင့် ပြင်ဆင်ခိုင်းထားပြီး စောင့်စား၍ နေလေရာ၊ တစ်နာရီနှင့်လည်းပေါ်မလာ၊ နှစ်နာရီ



လည်း ပေါ်မလာ၊ မကျေးဥလည်း တမျှော်မျှော်နှင့် နေရာမှ "အမေကလည်း အင်္ကျီတွေပါ အပြီး ချုပ်နေတယ် ထင်ပါရဲ့၊ ဟိုအကောင် လိုက်လာရင် အကြံတွေပျက်တော့မှာပဲ" ဟု ညည်းညူရင်း လှေသူကြီးအား "အစ်ကိုကြီးရယ်၊ အင်္ကျီတွေပါ ချုပ်ရင် တော်တော်နဲ့ ပြီးမှာမဟုတ်ဘူး၊ ဟိုအကောင် လာရင် အမှုပေနေဦးမယ်၊ လှေထွက်ရင် ကောင်းမယ် ထင်တယ်" ဟု မျက်လုံးကလေး ဝင့်ကာ ပြောလျှင် လှေသူကြီးမှာ သဘောခွေ့၍ "ဟုတ်တယ်၊ အဝတ်အစားတွေ ရွှေစခန်းကျမှ ဝယ်လည်း ရဘာပဲ" ဟု ပြုံးပြုံးကြီးပြော၍ လှေထွက်ရန် အမိန့်ပေးလိုက်လေသတည်း။

## တစ်ကြိမ်ပြန်၍ လှီးပြန်ခြင်း

လှေကြိုးကိုဖြုတ်ကာ ဆန်တက်သွား၍ လမ်းတွင်ရှိသော ဘုရင့် အကောက်တော်ဌာနဖြစ်သည့် ဆိပ်ကမ်းသို့ ဝင်၍ ကပ်ရသော အခါတွင်ကား၊ မြို့ဝန်၏ မင်းလုလင်ဆိုသူနှင့် အတူ ညှိမှာ အသင့်စောင့်၍နေပြီး မကျေးဥကို ဆွဲကာ ရိုက်နှက်လျက် လှေသူကြီးကို မယားခိုးမှုနှင့် ဖမ်းရန် လုပ်ဆောင်တော့သည်။

"ဒါ ကျုပ်မိန်းမ၊ လူကြီးစုံရာနဲ့ တရားဝင်လက်ထပ်ထားတဲ့ မယား၊ တစ်နေ့က ကျုပ်ဥပုသ်ရက်ရှည် အမိဌာန် ဝင်တုန်း သွေးဆောင်ပါသွားတယ်၊ အခုလို လင်နောက် လိုက်သွားတာ နင့်လည်းသေအောင်သတ်မယ်၊နင့်ကိုပေါင်းတဲ့ လူလည်းထောင်ချပစ်မယ်၊ဟောဒီမှာမြို့ဝန်ရဲ့လူ၊မင်းလုလင်လည်းပါတယ်"

"ကဲ မယားခိုးမှုနဲ့ လှေသူကြီးကို ဖမ်းစမ်းဗျာ" ဟု ဆိုသ တကြီး ပြောဆိုရာ လှေသူကြီးမှာ အသက်ကြီးမှ မယားခိုးမှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဖမ်းအဆီးခံလာ၊ ရိုးရောက်လာ ဖြစ်လျှင်လည်း ရှက်စရာကောင်းသည်ကတစ်ကြောင်း၊ ကုန်ရောင်းကုန်ဝယ် သွားရင်းလည်း ခရီးမဖင့်လို၍ တစ်ကြောင်းကြောင့်တိုးတိုး တိတ်တိတ်ကျိတ်၍ငွေ ၃၀၀ ကျပ်ပေးလိုက်မှ ကျေနပ်ကာ မကျေးဥပုဒ်ခေါ်လျက် လှေပေါ်မှ ဆင်းသွားကြလေတော့သည်။

ရလာသောငွေထဲမှ မြို့ဝန်မင်း၏ မင်းလုလင် ဟန်ဆောင်သူအား ငွေ ၁၀ ကျပ်ပေးကာ ရလာသောငွေများနှင့် လက်တိုနှင့် မခါကြီးတို့အား တွေ့ဆုံရန် ချိန်းထားသည့်နေရာသို့ ပြန်သွားပြီး ရွာတွင် ကလိမ်ညာကျဆင်ရန်အတွက် ရလာသည့်ငွေကလေးဖြင့် အေးဆေးစွာ စားသောက်ကြရင်း အကြံထုတ်၍ နေကြလေသည်။

လက်တိုနှင့် ညီတို့သည် အနားနေသည် ဆိုသော်လည်း မျက်စိကိုဖွင့် နားကိုစွင့်ကာ အခါအခွင့်ကိုမလစ်စေရန် ကြည့်၍ နေလေရာ အကြံသစ်တစ်ခုဝင်လာသော လက်တိုက ၎င်းတို့မိသားစုကို ဆွေးနွေးတိုင်ပင်ကြည့်လေရာ အားလုံးကသဘောတူသဖြင့် အသေးစိတ် စီစဉ်လိုက်တော့သည်။

## ဦးသံတိုင်နှင့်ဦးကြာဖူးတို့ ရူးမတတ် ခံစားရပုံ

လက်တိုနှင့်ညီတို့ ကြံကြသည်မှာ ဒီတစ်ခါမူတစ်မျိုးနှင့် မရိုးအောင် လုပ်ကြမည်ဟု အစီအစဉ်သစ် ပြောင်းလဲလိုက်လေသည်။



မခါကြီးသည် ရွှေအပြည့် ငွေအပြည့် ဝတ်ကောင်းစားလှဝတ်ဆင်ထားသောအခါ အသက် ၄၀ တွင်း အရွယ် ဖြစ်၍ ခန့်ညား လှပနေလေသည်။ မကျေးဥမှာလည်း ပျိုပျိုရွယ်ရွယ် လှတန်းပတန်းဖြစ်လေရာ ဆင်လိုက်တိုင်း လှ၍ နေလေသည်။ မခါကြီးနှင့် မကျေးဥတို့မှာ ရုပ်ရည်ကိုဗန်းပြ၍ စားနေကျကြောင်ဖားများ ဖြစ်ကြသည့်အတိုင်း သူ့ခေတ်နှင့် သူ့အခါ သူ့နေရာနှင့်သူ အဆင်အပြင်မှာ ပိုလ်စွဲကြသူများ ဖြစ်ကြသလို အမူအရာမှာလည်း သူတကာ မယှဉ်နိုင်သူများဖြစ်ကြလေသည်။



## မကျေးဥ၏ လှည့်ကွက်

အင်းဂမြို့မှ ဘုရားတကာကြီး ဦးကြာဖူးဆိုသူမှာ ငွေတိုးချေးစား၍ ချမ်းသာကြွယ်ဝနေသူဖြစ်သည်။ ပွဲစားကြီးဦးသံတိုင်ဆိုသူမှာလည်း ချမ်းသာကြွယ်ဝသော်လည်း လောဘကြီးသူဖြစ်သည်။ ချမ်းသာသောမိန်းမကိုရမှ ယူမည်ဆိုသော မုဆိုးဖိုကြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကျေးဥသည် ဘုရားတကာ ဦးကြာဖူးအိမ်သို့ရောက်အောင် အဆက်အသွယ်ပြုလုပ်၍ တည်းခိုနေလေသည်။ မကျေးဥသည် ဖခင်သေဆုံးသောအခါ မိထွေးဖြစ်သူ မခါကြီးက မိမိဖခင်ပိုင် လယ်မြေယာမြေများ၊ ထန်းတောနှင့် ဝါခင်းများကို သိမ်းပိုက်ထားသောကြောင့် မြင်းခြံခုံရုံးတွင် ရှေ့နေရှေ့ရပ်များနှင့် တရားစွဲဆိုရာ မကျေးဥ အနိုင်ရရှိခဲ့သည်။ မိထွေးဖြစ်သူ မခါကြီးက မကျေးနပ်၍ အင်းဝသို့ရောက်လာပြီး ဘုရားတကာ ဦးကြာဖူး၏ မိတ်ဆွေမှတစ်ဆင့် လာရောက်တည်းခိုနေခြင်းဖြစ်လေသည်။

မကျေးဥသည် နေ့စဉ်ရုံးသို့ သွားရသည်။ အမှုကိစ္စဆောင်ရွက်သော ဦးညိုနှင့် ဦးတိုတို့မှာ ဘုန်းကြီးကျောင်းတွင် တည်းခိုသည်။ သူ့ငါ၏သွင်ပြင်လက္ခဏာကို ကြည့်ခြင်းအားဖြင့် မကျေးဥကို အင်မတန် ချမ်းသာကြွယ်ဝသူဟု ဦးကြာဖူး အကဲခတ်မိသည်။ မကျေးဥကလည်း မိမိတွင် ပါသမျှငွေကို ဦးကြာဖူးထံတွင် အပ်နှံထားပြီး အယုံသွင်းထားသည်။

ဦးကြာဖူးသည် ဦးတိုနှင့် ဦးညိုတို့ ကိုတင်စီစဉ်ထားသော မြင်းခြံမြို့ခုံမင်း၏ ဖြတ်စာဖြတ်ထုံး ကောက်ချက်များနှင့်ဘာ့ မကျေးဥ၏ စွဲချက်၊ ချေပချက်များကိုပါ ဖတ်ရှုကြည့်သည်။ နိုင်မည့်အမှုဖြစ်ကြောင်းကိုလည်း မြင်းခြံခုံမင်း ကောက်ချက်များကို ကြည့်၍ ပြောသေသည်။

မကျေးဥသည် ရုံးသို့ ခဏခဏသွားသည်။ ဦးကြီးဖြစ်သူ ဦးတိုနှင့် ဘထွေးမောင်ညိုတို့ကိုလည်း အမှုကိစ္စအတွက် ကုန်ကျရန် ဦးကြာဖူးထံ အပ်ထားသော ငွေများထဲမှ တောင်း၍ ပေးလိုက်သည်။



အပ်ထားသော ငွေကုန်အောင် ယူပြီးသောအခါ ဦးကြီးဖြစ်သူ ဦးတိုနှင့် ဘထွေးမောင်ညိုတို့ကို အမှုသစ်ရေးပေးပြီး မြင်းခြံမြို့သို့ ငွေ ၅ ပိဿာ ပြန်အယူခိုင်းလိုက်သည်။ ဦးကြာဖူးကိုလည်း ငွေပြန်ယူခိုင်းကြောင်း အသိပေးထားသည်။

## မခါကြီး၏ ကလိမ်ဉာဏ်

မခါကြီးသည်လည်း ခန့်ညားစွာ ဝတ်ဆင်၍ ပွဲစားကြီး ဦးသံတိုင်အိမ်သို့ အဆက်အသွယ်ရှာ၍ လာရောက် တည်းခိုနေသည်။

မခါကြီးမှာ မိမိဘိုးဘွားပိုင် ပစ္စည်း လယ်မြေ၊ ယာမြေ၊ ထန်းတော၊ ဝါခင်းစသည့် ကေပေါင်းများစွာ အမွေရခဲ့သည်။ ငကံကြီးဆိုသူနှင့် အိမ်ထောင်ကျသောအခါ မိမိ ဘိုးဘွားပိုင် အမွေရသော လယ်မြေ၊ ယာမြေတို့ကို လွှဲအပ်စေခဲ့သည်။ မိမိ လင်ယောကျ်ား လက်ထက်ပွား ပစ္စည်း တစ်စုံတစ်ရာမရှိ၊ လင်ယောကျ်ား သေဆုံးသွားသောအခါ လင်ပါသမီး မကျေးဥက ခွဲဝေပေးရန် မြင်းခြံမြို့ ခုံရုံးတွင်တရားစွဲဆိုခဲ့ရာမှ အင်းဝလွှတ်ရုံးသို့ ရောက်လာခြင်းဖြစ်သည်။

မခါကြီးတွင်ပါရှိသော ထုချေချက်၊ ကောက်ချက်၊ အစစ်ခံချက်၊ ဖြတ်တန်းဖြတ်စာပုရပိုက်များကို ပွဲစားကြီး ဦးသံတိုင် ဖတ်ရှု လေ့လာရာတွင် အမှုမှာ အနိုင်ရမည်ကို တွေ့ရသည်။ မခါကြီးကိုလည်း အလွန်မှချမ်းသာကြွယ်ဝသူဟု အထင်ရောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသံတိုင်သည် ငါးဆယ်ကျော်မှ ကံပေါ်သည့် အတွက် အရွယ်နုထွားချမ်းသာသောမိန်းမတစ်ယောက်အလိုလို အိမ်ပေါ် ရောက်လာသည်ဟု ဝမ်းသာနေသော်လည်း မခါကြီး၏ ဣန္ဒြေ မျက်နှာထားတို့ကြောင့် စကားမစပ်ပဲ ရှိနေသေးသည်။

ငလက်တို့၊ ငညိုတို့မှာလည်း အမှုကို ဆောင်ရွက်နေသူအဖြစ် မခါကြီးတည်းခိုသော ပွဲစားကြီး ဦးသံတိုင်အိမ်သို့ တစ်လှည့်၊ မကျေးခုနေသော ဘုရားတကာ ဦးကြာဖူးအိမ်သို့ တစ်လှည့် သွားကာ၊ အမှုအကြောင်းများ ပြောဆိုတိုင်ပင်ကြလေသည်၊ မခါကြီးမှာလည်း ရုံးတက်ရန် ဦးတို၊ ဦးညိုနှင့် မကြာခဏ လိုက်သွားတတ်လေသည်။

## ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်သား

ကြောင်ခံတွင်းပျက်သည်ဲ ဆက်ရက်ကို မြင်ရသောအခါ သွားရည်တမြားမြားကျသည့်အသွင်ကိုမခါကြီးမြင်ရလေသည်။ တစ်နေ့တွင် ဦးသံတိုင်နှင့် နှစ်ယောက်သား လက်ဖက်ရည်ကြမ်း သောက်နေခိုက် မခါကြီးက ဣန္ဒြေရရနှင့်ပင်....

"ပွဲစားကြီးမှာ ကျိုကျိုတက်ချမ်းသာပြီး အထောက်အကူ ပွဲကတော်ကြီး တစ်ယောက်လောက်ရှိသင့်ပါတယ်၊ ပစ္စည်းချမ်း သာ ပေမယ့် နာရေး ဖျားရေးကျတော့ အနားမှာ ကိုယ့်သား ခယားကသာ ယုယုယယပြုစုပေးနိုင်တာပါ၊ ဒါကတော့ မောင် အရင်းလိုထင်လို့ အကြံပေးတာပါ၊ ကိုယ်နဲ့တော်တာကိုကြည့်ပြီး ယူသင့်တယ် ထင်ပါတယ်"

ဟု စကားစ လိုက်ရာ၊အကွက်ကို ချောင်းနေသော ဦးသံတိုင် က ဒီတချီ ငါကြိုက်မှ နိုပ်တော့မည်ဟု စိတ်ကကြံစည်ပြီး....



"ငါနှမပြောတဲ့ စကားလဲမှန်ပါတယ်။ အိမ်ထောင်ပြုဖို့ အရေး တွေးလိုက်တိုင်း ရင်လေးလွန်းလို့ အသက်ငယ်ငယ်ယူမိ ပြန်ရင် လှုဖို့ပဖို့စိတ်စောပြီး ကိုယ့်ကိုမပြုစုဘဲ ကိုယ်ကသာ ပြုစုနေရမှာစိုးလို့ သက်တူရွယ်တူကြည့်ပြန်တော့လဲ ပွဲကတော် ဆိုတဲ့ ဂုဏ်နဲ့ညီအောင် တိုင်ပင်ဖော်တိုင်ပင်ဖက်၊ အလိမ္မာရှိရှိ၊ စကားတတ်ရဖို့က ရှားပါတယ်။ ဟဲ....ဟဲ....ဟဲ.... ကျုပ်နှမ ရောက်လာကတည်းက အကဲခတ်နေတာ၊ ကျုပ်မှာလဲ ပစ္စည်းစုပုံ၊ နှမကြီးမှာလဲ ပစ္စည်းကြွယ်ဝ၊ ဒီပစ္စည်းတွေနှစ်ခု ပေါင်းလိုက်ရင် စားလို့မကုန်၊ လှူလို့မခန်း၊ စိတ်တူကိုယ်တူ ပုစရာမရှိမို့ အလွန်ပျော်စရာကောင်းမှာနော်"ဟု ပြုံးစိစိနှင့် စကားဆွယ်လေရာ မခါကြီးက အောက်မေ့သည်မှာ...:

"အလိုသေလုနီးနီး သက်ကြားကြီးက မီးကိလေသာတဏှာ နှင့် မြူလို့မို့၊ ငါချူကာ နှိုးလိုက်တာ၊ အရိုး ငေါငေါ၊ အကြောဖြိုင်ဖြိုင်၊ သူ့ကိုယ်မှ သူမနိုင်တဲ့ ဇရာတိုင်ရောက် သမုဒ္ဒရာပင်လယ်ရေကို တစ်ယောက်တည်း သောက်မည့်ဟန်နဲ့၊ ဖောက်ဖောက်ပြန်ပြန်၊ စိတ်ရမ္မက်ထန်လိုက်တာ၊ ခပ်မြန်မြန် မြူကာ မြိုက်ရအောင် အပူတိုက်အခြေပြုလို့မို့ ငွေကျအောင် လုပ်လိုက်ဦးမှပဲ"

ဟု စိတ်ထဲက ကြံပြီးလျှင်...

"ရှင်နဲ့ကျွန်မ ရေစက်နီးလို့ ဒီကိုရောက်လာရတယ်ထင်ပါရဲ့၊ ကျွန်မမှာတော့ လယ်အမှုကို စိတ်ကစောနေလို့ ဒီအကြောင်း အမှုပြီးတော့မှ ဆက်ပြောကြပါစို့ရဲ့၊ ကျွန်မစိုးရိမ်နေသာက အမှုမပြီးခင် စရိတ်မလောက်မှာဘဲ စိုးရိမ်နေတယ်၊ အဲဒါ....

www.burmeseclassic.com

www.burmeseclassic.com



မခါကြီးက ဦးသံတိုင်ကို ဣန္ဒြေရရတစ်ချက်ကြည့်လိုက်ရာ....

"အို....ဒါကတော့ စိုးရိမ်မနေပါနဲ့၊ မခါကြီးမှာ အမြေနည်းတဲ့လူမှ မဟုတ်ဘဲ၊ ကုန်စရာရှိရင် အားမနာဘဲ ပြောသာပြောပါ"

စေတနာဒလဟောနှင့် ဦးသံတိုင်က ဆိုနေသဖြင့် မခါကြီးက ဆက်၍....

"အမှုကလဲ အမှုမှန်မို့ နိုင်မှာသေချာပါတယ်၊ အမှုနိုင်ရင် လယ်မြေ၊ ယာတော ကျွန်မပိုင်သဖြင့် ပွဲစားကြီး သဘောကျ စီမံပေးပါလို့ ကျွန်မအပ်ဖို့ စိတ်ကူးထားပါတယ်"

ဟု မတင်မကျ ပွဲစားကြီးစာဝင်ခိုက်အောင် ပြော၍နေခိုက်တွင် ငလက်တို့နှင့်ညိုတို့အိမ်ပေါ်သို့ရောက်လာသဖြင့် မခါကြီးက ပွဲစားကြီးမမြင်အောင် လက်ကုင်း၍ ပြလိုက်သည်။

ချက်ဆိုလျှင်နားကွက်ကမီးတောက်သော ငလက်တို့နှင့်ညိုတို့မှာ ချက်ချင်းပင်သဘောပေါက်ပြီး၊ ငလက်တိုက....

"မမကြီးရဲ့ အမှုက နိုင်ဖို့သေချာပါပြီ၊ ဒါပေမယ့် ဘယ်အရာမဆိုငွေပ မှုပြီးတာ၊ မမကြီးက ငွေထုတ်ရမှာကျတော့ သိပ်နှမြောတာ၊ ကျွန်တော်တို့ကလဲ စိုက်ထားရတာ ငွေတစ်ပိဿာလောက်ရှိနေပြီ"

ညိုကလည်း ဆက်၍ ပြောပြန်သည်။

"မမကြီးက ဒီလောက်ချမ်းသာတာ ဒီငွေလောက် အကုန်မခံချင်ရင် လယ်တွေယာတွေ သူများလက်ထဲပါသွားလိမ့်မယ်၊ ကျွန်တော်လဲ မမကြီးကျေးဇူးရှိလို့ ဆောင်ရွက်ပေးတာပါ၊ ကျွန်တော်တို့ကို မယုံရင်လဲ ကျွန်တော်တို့ မြင်းခြံကို ပြန်ပါရစေတော့"



ဟု ထပ်မံပြောဆိုပြန်ရာ၊ ဦးသံတိုင်က....

"ဟုတ်ပါတယ်၊ တရားရယ်လို့ ဖြစ်လာရင် ကုန်စရာရှိတာ ကုန်ရမှာပဲ၊ ငွေမလောက်ရင် ကျုပ်ဆီက ယူပေါ့"

ဟု စေတနာဒလဟောနှင့် ပြောလေ၏။ မခါကြီးကဦးသံတိုင် နားနားသို့ကပ်၍....

"သူတို့တောင်းတိုင်း မပေးပါနဲ့၊ ငွေ ၂ ပိဿာလောက် ပေးလိုက်ပါ၊ သူတို့ကိုယုံတော့ယုံပါတယ်၊ နောင် လိုမှ ကြည့်ပေးတာပေါ့"

ဟု ပြောလေရာ၊ ဦးသံတိုင်မှာ မခါကြီးနှင့် နှစ်ကိုယ်ကြား နီးနီးကပ်ကပ် ထိတွေ့ရသဖြင့် အသက် ၅၀ ကျော်မှ ကြက်သီးတွေဖြာကနဲ ထလာပြီး စိတ်ထဲကလည်း "အတော် လိမ္မာတဲ့ မိန်းမပဲ"ဟု ချီးကျူးမိတော့သည်။ ငလက်တို့နှင့်ညိုတို့အား ငွေနှစ်ပိဿာ ထုတ်ပေးလိုက်သည်။

## မကျေးဥတံ လှည့်ပြန်ပြီ

ငလက်တို့နှင့်ညိုလည်း မကျေးဥတံ သွားကာ ရလာသော ငွေနှစ်ပိဿာကို ပေးလေရာ၊ မကျေးဥက ငွေ ၅ ပိဿာယူခိုင်းတာ ဘာကြောင့်နှစ်ပိဿာတည်း ယူခဲ့ရသလဲဟု ကြိမ်းမောင်းသဖြင့် ငလက်တိုက "တို့မြင်းခြံပြန်လို့မဖြစ်သေးဘူး၊ အမှုကိစ္စက မျက်ခြည်ပြတ်ခံလို့မဖြစ်ဘူး၊ တစ်ဘက်ကလည်း အသေအလဲလိုက်နေတာကြောင့်၊ ငါ့ဆီမှာရှိတဲ့ငွေနှစ်ပိဿာကို ယူလာတာ"

www.burmeseclassic.com



ဟု ပြောသဖြင့် မကျေးဥက "ငွေမလောက်ရင် ခက်တာပဲ" ဆိုကာ ညည်းညူရင်း ငွေနှစ်ပိဿာကို ဦးကြာဖူးထံ အပ်ထားလေသည်။ ဦးကြာဖူးကလည်း....

"ဘာမှ အားမငယ်ပါနဲ့၊ ငွေလိုရင် ဦးဆီကယူပေါ့" ဟုအားပေးစကား ပြောကြားလေသည်။

မကျေးဥသည် ဦးကြာဖူးထံတွင် အပ်ထားသောငွေကို အမှုကိစ္စအတွက် အကြောင်းပြကာ အလီလီ ထုတ်ယူပြီး လက်တိုထံ ပြန်ပို့ရာ၊ ငွေနှစ်ပိဿာကုန်သောအခါ....

"ကဲ...ဦးကြီးမောင်ညိုနဲ့ ဘတွေးတို့ မြင်းခြံ ပြန်မှ ဖြစ်မယ်" ဆိုကာ ငွေ၅ပိဿာယူရန် ခိုင်းစေပြန်လေသည်။ လက်တို ငညိုတို့ ပျောက်နေသည့် အချိန်အတွင်း ဘုရားတကာ ဦးကြာဖူးထံမှ အလီလီယူငွေ ၃ ပိဿာမျှပင် ရှိရာ၊ ဦးကြာဖူးကလည်း ယုံကြည်သောကြောင့် ထုတ်၍ချေးလေသည်။

## လူကြုံဖြင့် ပေးလိုက်သော စာတစ်စောင်

တစ်နေ့တွင် မကျေးဥရုံးသို့ အမှုဆိုင်ရန်သွားနေခိုက်မခါကြီးသည် အဝတ်အစား သင့်တင့်ရုံ ဝတ်၍ ထန်းလျက်နှင့် ပုန်းရည်အိုးများကိုတောင်းနှင့်ရွက်ပြီးဦးကြာဖူးအိမ်သို့ ရောက်လာသည်။ မကျေးဥမရှိ၍ ဘုရားတကာ ဦးကြာဖူးနှင့်တွေ့ရာ မခါကြီးက မြင်းခြံမြို့မှ ဘုရားတကာ ဦးကံကြီး၏သမီးမကျေးဥတစ်ယောက် ဘုရားတကာဦးကြာဖူးထံမှာ တည်းသည်ဆို၍ ဆွေမျိုးများက စာပေးလိုက်သည်ဟု ပြောလေသည်။

ဦးကြာဖူးက ခဏဆိုင်းပါဟုပြောရာမခါကြီးက မိချောင်းရဲဘက် ခရီးဆက်ရဦးမည်ဖြစ်၍ စာကို ပေးထားခဲ့မည် ပြောသည်။



ဦးကြာဖူးက မကျေးဥအကြောင်းမေးရာ၊ အလွန်ချမ်းသာသောသူငယ်မဖြစ်သည်။ သူ့မိထွေး မခါကြီးက သူ့အဖေ၏ အမွေများကို မတရား ယူထားသဖြင့် အမှု ဖြစ် နေ သည်။ ယခုလည်း မကျေးဥ၏ဘကြီးဦးချိပ်သေဆုံးသဖြင့် ကျေးဥမှာအမွေများစွာ ရရန်ရှိနေရာ ကျေးဥသာမှ အမွေရနိုင်မည် ဖြစ်သဖြင့် ကျေးဥအမြန်လာရန် သူ့မိတ်ဆွေများက စာပေးလိုက်သည်ဟု ဦးကြာဖူး လက်သို့ စာကို အပ်ကာ မခါကြီး ပြန်သွားပြီး ပွဲစားကြီး ဦးသံတိုင်အိမ်သို့ ဇာခြေမပျက် ပြန်၍ နေလေသည်။

မကျေးဥပြန်လာသောအခါ၊ ဘုရားတကာဦးကြာဖူးအတွက် ချိုချဉ်သစ်သီးများ ဝယ်လာခဲ့သည်။ ဦးကြာဖူးကစာပေးသောအခါ မကျေးဥမှာ ငိုကြွေးလေတော့သည်။ ဦးကြာဖူးက တရားပြချော့မော့၍ ပြန်ရန်တိုက်တွန်းလေသည်။ နောက်တစ်နေ့တွင် မကျေးဥလည်း ဦးကြာဖူးကို ရှိခိုးသစွာ ကန်တော့ပြီး ပြန်တော့မည်ဟု နှုတ်ဆက်ရာ၊ ဘုရားတကာ ဦးကြာဖူးက လှေဆိပ်သို့ ကိုယ်တိုင်လိုက်ပို့ရန် ပြင်ဆင်သော်လည်း မကျေးဥက မိမိမှာ အမှုချိန်းကိစ္စ ရှေ့နေများနှင့် တိုင်ပင်၍ ရက်ချိန်းယူရန် စီစဉ်စရာများ ရှိနေပါသေး၍ လှေဆိပ်သို့ ဖြည်းဖြည်းမှ ဆင်းရပါမည်ဟု ပြောဆိုလေသဖြင့် ဦးကြာဖူးမှာလိုက်မပို့သာဘဲရှိလေ၏။ မကျေးဥသည် ရှေ့နေထံ သွားသယောင် အမှုတွဲ ပုရပိုက် စာများနှင့် အတူ လက်တို၊ ညိုတို့ တည်းခိုနေရာသို့ သွားရောက်လေ၏။

## မခါကြီးဆုတ်ခွာပုံ

မခါကြီးသည် မကျေးဥထံစာပေးပြီး၊ ပွဲစားကြီး ဦးသံတိုင် အိမ်သို့ ပြန်လာခဲ့သည်။ မခါကြီးသည် ဦးသံတိုင်အား လူကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ပေး၍ ပေါင်းပြီး ရသမျှချူ အမှုအတွက်ဆိုကာ တဖြည်းဖြည်း ယူခဲ့ရာ၊ ငွေ၅ပိဿာမျှ လေက်တို၊ ညိုတို့ထံရောက်လေပြီ ဖြစ်သည်။ မခါကြီးက မကျေးဉထံ စာပေး၍ ပြန်လာပြီးနောက် ရှီးကပင် ပြန်လာလေဟန်နှင့် ဦးသံတိုင်အား ပြောပြသည်မှာ....

"အမှုရက်ချိန်းက ဝေးပါသေးတယ်၊ကျွန်မမှာ ဒင်းဝမ္မိကို တရားဆိုင်ရန် လာရာက ရှင့်ကိုစွဲလမ်းမိပြီး မြင်းခြံကို မပြန်ချင်အောင် ဖြစ်နေပြီ၊ ဒါပေမယ့် လယ်ထောက်ခ ပေးထားတဲ့ ငွေကြေးနဲ့ စပါး ထန်းတောကထွက်တဲ့ ထန်းလျက် ရောင်းချဖို့ရက်ကိုနီးလို့ ရသမျှငွေစုဆောင်းပြီး မြန်မြန်ပြန်လာခဲ့ပါမယ်၊ မြင်းခြံကိုသွားမှ ဖြစ်ပါမယ်" ဟု ဦးသံတိုင်ထံခွင့်တောင်းရာ၊ ဦးသံတိုင်မှာ မခါကြီးနှင့် မခွဲလိုသော်လည်း ငွေကြေးကိစ္စ သွားရမှာမို့ မခွဲချင်ဘဲ သွားခွင့်ပေးလိုက်ရလေ၏။ သို့သော်လည်း....

"မြန်မြန်ပြန်လာခဲ့ပါခါခါရယ်၊ မောင်ကြီးတော့လွမ်းကျန်ရစ်တော့မှာပဲ" ဟု ခပ်သည်းသည်း မှာကြားလေသည်။ မခါကြီးသည် အမှုတွဲပုရပိုက်စာများနှင့် အဝတ်အစား အချို့ကို ထားခဲ့ပြီး၊ မြင်းခြံသို့ ပြန်မည့်ဟန်နှင့် လေက်တို၊ ညို၊ မကျေးဉတို့ထံ သွားကာ လေးယောက်ပေါင်းမိကြသောအခါ အင်းဝမှ ထွက်ခွာသွားကြလေသတည်း။

## မသာတစ်ခု အရှင်းပြုကာ ငွေကိုရှာ

လောဘကို မသတ်နိုင်ရှာကြသော သူတို့ လေးယောက်မှာ အကြံသစ်တစ်ခု ထုတ်ကြပြန်သည်။



ပွဲစားကြီးဦးသံတိုင်နှင့် ဘုရား တကာ ဦးကြွာဖူးတို့ ထံမှ ရခဲ့သော ငွေများကို လှေကြီးတစ်စင်း ငှားယူကာ၊ လှေထိုးသားများငှားရမ်းပြီး စားအိုးစားခွက်အစုံအလင်နှင့် အောက်ပြည်အောက်ရွာသို့စုန်ဆင်းကာ ဦးကျော်ကျော်စိုးမိမ်း၏ ကျွန်းစုံဆိုင်နှင့် မနီးမဝေးတွင် ဆိုက်ထားလေသည်။



မသာတစ်ခု အရှင်းပြုကာ ငွေကိုရှာ

လေက်တိုသည် ကုန်းပေါ်သို့တက်၍ သုသာန်တွင် တစ်နေကုန် ထိုင်စောင့်သည်။ ကလေးမသာတစ်ခု ချလာသောအခါ နေရာကို အသေအချာမှတ်သည်။ မြှုပ်နှံသောသူများ ပြန်သွားလျှင် ကလေးအလောင်းကို ကပျာကယာဖော်၍ အဝတ်နှင့် ပတ်ယူလာပြီး လှေသို့ ရောက်လျှင် ရေမိုးချိုးပေးသည်။ ညိုက ရွှေရည်စိမ်ခြေကျင်း၊လက်ကောက်၊ဆွဲကြိုးများယူ၍ကလေးအလောင်းကို ဝတ်ဆင်ပေးပြီး အနီး မှုစင်စွာနှင့် ကလေး ခြေဖျားများကိုသာဖော်၍ထုတ်ထားပြီး မခါကြီးက ပွေ့ချီထားသည်။ မကျေးဉကကလေးအမေအဖြစ်အနီးထုပ်ကလေးကိုလက်ကကိုင်၍ လက်ဝတ်လက်စားအပြည့်ဆင်ပြီး လိုက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညိုချမ်းသာသမျှ ငွေ ဗိုလ်ပိသာကို ဖျင်နီအိတ်နှင့် ထည့်၍ မဲကြိုးစည်းပြီးလျှင် ဦးကျောက်စိမ်း ကုန်စုံဆိုင်ကြီးသို့ ဝင်သွားကြသည်။ ညိုသည်ကုန်စုံဆိုင်ကြီးအတွင်းမှအဖိုးတန်ပစ္စည်းများကို ကိုင်တွယ်ကြည့်ရှု၊ ဈေးမေး၊ ဈေးဆစ် ပြုလုပ်ရင်းက ဈေးနှုန်းစာရင်းများကို မှတ်သားကာ၊ ငွေထုပ်ကို အချိန်အတွယ် အတိအကျသိရအောင် ခေတ္တမျှချိန်ခွင်တွင် ချိန်တွယ်ပါရစေဟု ခွင့်ရတောင်းပြီး မိမိဘာသာချိန်တွယ်၍ ကြည့်လေသည်။

ဦးကျောက်စိမ်းကလည်း ငွေထုပ်ကိုမြင်လျှင် ရောင်းချင်စောဖြင့် လောကွတ်ပျူငှာ ညှော်ခံလေသည်။ လေက်တို ညိုတို့ကလည်း "ကျွန်တော်တို့ဒီဆိုင်မှာပဲ ဝယ်ဖြစ်ပါလိမ့်မယ်၊ တခြား ဝယ်စရာကလေးတွေရှိလို့ ဈေးထဲ လျှောက်ကြည့်ပါရစေဦး" ဟု ဆိုကာ ထွက်၍သွားလေ၏။

## ငွေအိတ်ကို ခဲအိတ်ဖြစ်အောင်လုပ်ခြင်း

သူတို့သည် ဦးကျောက်စိမ်းဆိုင်မှပြန်လာပြီးလှေထဲတွင် လှေထိုးသားများမသိအောင် ငွေအိတ်ထဲတွင် ခဲများနှင့် လဲထည့်ပြီး ယခင်အတိုင်း ငွေအိတ်ကိုကြိုးနှင့်ချည်ထားလေသည်။

ညနေစောင်းလျှင် ယခင်အတိုင်း မခါကြီးက ကလေးကိုချီ မကျေးဥက အနှီးထုပ်ကိုပိုက်၊ လေက်တိုက ငွေအိတ်ကိုထမ်း၊ ညိုက ကုန်သည်ကြီးဂိုက်ဖမ်းကာ ဦးကျောက်စိမ်းဆိုင်တွင်းသို့ ဝင်သွားကြလေသည်။ အချိကြီးဝယ်မည့်သူများမို့ ဆိုင်ရှင်များကလည်း လောကွတ်ပျူငှာ နေရာထိုင်ခင်းပေးပြီး လက်ဖက်ရည်ကြမ်းအိုးဖြင့် ညှော်ခံကြလေသည်။



ညိုက "ကျွန်တော်တို့ကိုတော့ ဖောက်သည် ဖြစ်အောင် ဈေးလျှော့ပေးပါ၊ ဟောဒီစာရင်းအတိုင်း ငွေ ၅ ပိဿာခိုး လောက်မှန်းပြီး စာရင်း လုပ်ပေးပါတော့" ဟု စောစောက ကြည့်ရှုပြီး တေးမှတ်၍ လုပ်ထားသောစာရင်းကို ပေးလေ၏။

မခါကြီးနှင့် မကျေးဥတို့သည် ဆိုင်ရှင်များ ခင်းကျင်းပေးထားသောနေရာမှာ ကလေးကိုချသိပ်လျက် လက်ကောက်၊ ခြေကျင်းများပေါ်အောင် ဖော်ထားပြီး မျက်နှာကို ညှော်မှာစိုးသည့်အသွင်ဖြင့် ပဝါနှင့် အုပ်၍ထားလေသည်။

ဆိုင်ရှင်တို့မှာ ကုန်များကို ချိန်တွယ်၍ အလုပ်သမားများနှင့် လှေဆိပ်သို့ချရန် ပြင်ဆင်ရာ လေက်တိုက ငွေအိတ်ကို ကလေး၏ ခေါင်းရင်းတွင် အသာချပြီး ကုန်များသယ်ရာတွင် ကြီးကြပ်၍ နေလေသည်။ ညိုကလည်း ကုန်များကို သယ်ပြီး လှေပေါ်သို့နေရာချ၍ အလုပ်သမားများကို လုပ်ခများရှင်းပေး လိုက်သည်။

## ဟောချ—ဟောချ—ဟောချ

ညနေစောင်းအချိန်ကျမှ ကုန်များကို ချိန်တွယ်သယ်ယူကြရသဖြင့် မီးထွန်းချိန်သို့ပင် ရောက်နေပေပြီ။ မခါကြီးလည်း ငွေထုပ်ကိုစောင့်ရင်း ကလေးကို အနှီးဖြင့် ယပ်ခတ်ပေးနေလေသည်။

ခဏကြာလျှင် လေက်တိုအပြေးလာ၍ မခါကြီးအား....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သမီးနဲ့သမက် လှေပေါ်မှာ ရန်ဖြစ်နေကြပြီ၊ ဆွဲမရလွှဲမရ သွေးထွက်သံယိုဖြစ်နေကြတယ်၊ မြန်မြန်လာပါဦး"

ဟု အရေးတကြီးခေါ်ရာ၊ မခါကြီးမှာ ရေးကြီးသုတ်ပျာ ထ၍လိုက်သွားလေတော့သည်။ လက်တိုကလည်း ဆိုင်ရှင်များအား ငွေအိတ်နှင့် ကလေးကို ကြည့်လိုက်ပါဟုမှာ၍ ခပ်သုတ်သုတ် လိုက်သွားလေသည်။

လှေပေါ်မှာ လူစုံလျှင် လှေကို အတင်းလှော်၍ ထွက်သွားကြလေသည်။

ဆိုင်ရှင်များလည်း ငွေထုပ်နှင့်ကလေးကိုကြည့်၍ ထားရာမှ ညဥ့်အတော်နက်သည့်တိုင်အောင် ပေါ်မလာ၊ ကလေးကလည်း အိပ်လှချည့်ဟု လှေဆိပ်သို့လူလွှတ်၍ ကြည့်ခိုင်းရာလှေကိုမတွေ့၍ မောလောက်အောင် ရှာရသည်။

လှေရှာသူ အတန်ကြာ၍ ပြန်လာသောအခါတွင် လှေမရှိတော့ကြောင်း သိရသဖြင့် မီးတုတ်မီးစီးများဖြင့် ကမ်းနားသို့ သွားကြရာ၊ မီးထွန်းစကပင် ထိုလှေထွက်သွားကြောင်း သိရသဖြင့် အိမ်သို့ပြန်လာကြသည်။

ငွေအိတ်ကိုဖြေကြည့်ရာ ခဲတွေဖြစ်နေသည်။ ကလေးကိုကြည့်ရာ ကလေးအသေဖြစ်နေသည်။ ကလေး၏ ဆံကြိုးလက်ကောက်တို့မှာလည်း ရွှေရည်စိမ်များ ဖြစ်နေသည်။

ဆိုင်ရှင်များမှာ ပစ္စည်းလည်းဆုံး၊ ကလေးအလောင်းလည်း အိမ်ပေါ်မှာ အဖတ်တင်ကျန်ခဲ့ရသဖြင့် ကလေးမသာကိုညတွင်းချင်း သင်္ဂြိုဟ်လိုက်ရလေတော့သတည်း။



## မယားနှင့် စပေါ်လိကြပုံ

ဦးကျောက်စိမ်းတို့မှာ ကလေးမသာကို သင်္ဂြိုဟ်ရဖို့မျှမက နောက်တစ်နေ့နံနက်တွင် ဘုန်းကြီးများကိုပင့်ဖိတ်၍ ဆွမ်းကျွေးရသောတာဝန်မှာ ပိုလာခဲ့သလောက် လက်တိုနှင့် ညိုတို့မှာကား လှေကြီးတစ်စင်းနှင့် တစ်ရွာဝင် တစ်ရွာထွက် စားကာသောက်ကာ ပျော်ရွှင်စွာဖြင့် ဟင်္သာတမြို့သို့ ရောက်ရှိကြလေသည်။ ဟင်္သာတမြို့တွင် လှေပေါ်မှ ကုန်များ အားလုံးကို ရောင်းချပြီး ပုသိမ်သို့စုန်ခဲ့ပြန်သည်။ ပုသိမ်ဆိပ်ကမ်းသို့ရောက်သောအခါ ပွဲလမ်းသဘင်ရှိသဖြင့် မကျေးဥက ပွဲကြည့်လိုကြောင်း ပူဆာလေသည်။ လက်တိုနှင့် ညိုက ပွဲလိုက်ရှုပြကြသည်။ လှေပေါ်တွင် မခါကြီးတစ်ယောက်တည်း ကျန်ရာမှ အိပ်ချင်လာသဖြင့် ငွေမဲ့သတ္တာကို စိတ်မချ၍ အနားမှာထားပြီး အိပ်ပျော်၍ သွားတော့သည်။

မခါကြီး အိပ်မပျော်မီကပင် လှေငယ်တစ်စင်းနှင့် သည်လှေကြီး၏ပဲ့မှလာ၍ချောင်းနေသော သူခိုးနှစ်ယောက်တို့သည်မခါကြီး

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သည့် အချိန်အထိ စောင့်ဆိုင်း၍နေသည်။ မခါကြီး ဟောက်သံကြားတော့မှ ကောင်းစွာအိပ်ပျော်နေကြောင်း သိရပြီး လှေပဲ့မှ အသာတက်၍ ငွေသေတ္တာကို လက်ဆင့်ကမ်း ဆွဲချပြီး လှေကလေးကို တအားလှော်၍ ပြေးကြလေသည်။

လေကတိုးညိုမကျေးဥတို့သည် သန်းခေါင်ကျော်ပွဲမှ ပြန်လာကြရာ၊ မခါကြီးကိုအိပ်ရာမှနှိုး၍ မီးခွက် ထွန်းလိုက်သည်နှင့် တစ်ပြိုင်နက် ငွေသေတ္တာမရှိမှန်း ချက်ချင်း သိတော့သည်။

လေကတိုးညိုတို့သည် ငွေသေတ္တာကို လှေကြီးတွင် အနှံ့ ဟိုမှာသည်မှာ ရှာပါသော်လည်း မတွေ့သဖြင့် လေကတိုက ညိုအား တိုးတိုးကျိတ်၍ မေးလေသည်။

“မင်း ဘယ်လိုသဘောရသလဲ သူငယ်ချင်း၊ ငါကတော့ မခါကြီးကိုမယုံဘူး၊ ငွေတွေကို ကလိမ်ညာဏ်ဆင်ပြီး အပိုင်စီး လိုက်တယ် ထင်တယ်”

“အေး....မင်းနဲ့ငါတောင်မှ ငွေတစ်တင်းကိစ္စတုန်းကတောင် တစ်ယောက်နဲ့ တစ်ယောက် အပိုင်စီးဖို့ အမျိုးမျိုး ကြံခဲ့သေးတာပဲ၊ အခု ဒီလောက်ငွေများတော့ အပိုင်စီးတာအမှန် ဖြစ်ရမယ်”

“ကဲ....မင်းနဲ့ငါ ဣန္ဒြေ မပျက်အောင် အသာ နေကြမယ်၊ တစ်နေ့မှာတော့ တွေ့ကြဦးမှာပေါ့ကွာ”

လေကတိုးညိုတို့သည် လှေဝမ်းထဲမှ ရှာဟန်ပြု၍ကုန်းပတ်ပေါ်သို့ တက်လာကြသောအခါ၊ မခါကြီးနှင့် မကျေးဥတို့မှာ ခေါင်းချင်း ဆိုင်ကာ ရှိုက်ကြီးတငင် ငိုယိုနေကြသည်ကို မြင်သဖြင့် စိတ်ထဲမှ ကျိတ်၍ပြုံးကြပြီး၊ ညိုကပင်စတင်၍....



“ကဲ....မနေချင်လို့သွားတဲ့ငွေ နှမြောမနေပါနဲ့၊ နောက်တစ်ခါထပ်ပြီး ရှာကြသေးတာပေါ့”ဟု ပြုံးကာရယ်ကာ ပြောလေရာ လေကတိုကလည်း....

“တို့ မတရားရှာလို့ရတဲ့ငွေ၊ မကောင်းတဲ့ငွေတွေ သွားပေရော့ဂျောင်းလို့သာ သဘောထားလိုက်ပေတော့”ဟု ပြော၍ မီးခွက်ကိုမှုတ်ကာ အိပ်ရာသို့ဝင်ကြလေသတည်း။

နောက်တစ်နေ့တွင်လှေကိုစုန်၍တက်ခဲ့ကြရာပုသိမ်မြို့အနီးရွာကြီးတစ်ရွာအရောက်တွင် လှေကိုဆိုက်ကပ်၍ လေကတိုနှင့် ညိုတို့ ကုန်းပေါ်သို့တက်ပြီး စပါးဝယ်မည့်ဟန်နှင့် ဈေးနှုန်းများကို စနည်းနာ စုံစမ်းလေသည်။

လှေဆိုက်သည့်နေရာနှင့် မနီးမဝေး အိမ်တစ်အိမ်မှ ဈေးနှုန်းသင့်၍ စပါးဝယ်ယူရန် ကမ်းလှမ်းကြလေသည်။ စပါးရှင်လည်း ကြိုက်ဈေးကိုရ၍ နံနက်စာ စားပြီးသည်နှင့်စပါးကို ခြင်တွယ်ကာ အလုပ်သမားများကို ငှားရမ်း၍ လှေပေါ်သို့ထမ်းချတင်စေလေသည်။

စပါးများတင်စဉ်စပါးဖုန်မွန်သဖြင့်မခါကြီးနှင့်မကျေးဥတို့ကိုအိပ်ရာသင်ဖြူးနှင့်အတူ စပါးရှင်၏ အိမ်ပေါ်၌ခေတ္တ နေစေသည်။ စပါးရှင်ကလည်း ညနေစာကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးလေသည်။

စပါးတင်ပြီးပင် နေဝင်၍သွားသောကြောင့် လေကတိုက စပါးရှင်အား “နက်ဖြန်မှပင် ဆက်၍ယင်ကြပါစို့”ဟု ပြောဆိုရင်း အလုပ်စခန်းကို သိမ်းလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်ဦးဘက်တွင် လက်ဖက်ရည်ကြမ်း သောက်ရင်း အိမ်ရှင်နှင့် အလ္လာပ သလ္လာပ စကားများ ပြောကြားကာ ညဉ့်နက်လေးနက်လာသောအခါ ငညိုက လှေပေါ်သို့စောင့်၍ အိပ်ရာပြင်လေသည်။ လေက်တိုကလည်း ငညို တစ်ယောက်တည်း လှေပေါ်အိပ်တာ စိတ်မချဘူးဆိုကာ လိုက်ပါ၍သွားလေသည်။ မခါကြီးနှင့် မကျေးဥတို့နှစ်ယောက်သားမှာ အိမ်ရှင်က အတန်တန်တားသဖြင့် စပါးရှင်၏ အိမ်မှာပင် အိပ်ဖို့ရာ ကျန်ခဲ့လေသည်။

လေက်တိုနှင့် ငညိုတို့သည် သန်းခေါင်ကျော်ရေအတက်တွင် လှေကို ရေစုန်နှင့်လိုက်၍ တိတ်တဆိတ် ထွက်ခွာ သွားကြလေတော့သည်။

ဝါးခယ်မသို့ ရောက်သောအခါ လှေပေါ်မှ စပါးများနှင့် လှေကိုပါ ရောင်းချ၍ ငွေထုပ်ကိုပိုက်ကာရွာတစ်ရွာတွင် တည်းခိုနေထိုင်ကြလေသည်။

လေက်တိုနှင့် ငညိုတို့က "တို့ငွေတွေကို အပျောက်ရိုက်တဲ့ မခါကြီးနဲ့ မကျေးဥတို့ကို အပြတ်ရှင်းလိုက်ရတာ ကျေနပ်စရာပါပဲ"ဟု နှစ်ဦးသား ပြောဆို ကျေနပ်နေကြလေသတည်း။

## စကားတောင်စား အမတ်ဖြစ်ခန်း

စကားတောင်စားသည် ခုံမင်းကြီး အိမ်တွင် ပညာသင်ကြားရင်းက ခုံမင်းဖြစ်လာသည်။ စကားအရာ အလွန် ကိုးကတ်၍ အနိုင်ယူတတ်သောကြောင့် စကားတောင်စား၏ သတင်းမှာ အင်းဝနေပြည်တော်တွင် ဟိုးဟိုးကျော်ခဲ့သည်။



စကားတောင်စား၏ သတင်းကိုဘုရင်မင်းမြတ် ရွှေနားတော်ပေါက်ကြားလေလျှင် မူလရင်း ကျောင်းသားဘဝကပင် ဘုရင်မင်းမြတ်စေတနာရှိပြီးတော်မူသည့်အတိုင်းစကားတောင်စားကို အပါးတော်သို့ ခေါ်တော်မူပြီး တိုင်ပင်ဖော် တိုင်ပင်ဖက် ပျော်ဖော်ဆက် အမတ်အဖြစ် ခန့်ထားတော်မူလိုက်ရာ စကားတောင်စား အမတ်ဘွဲ့ ၍ အင်းဝနေပြည်တော်တွင် ကျော်ကြားသော အမတ်ကစ်ပါး ဖြစ်လာခဲ့လေသည်။




## အမိုက်ဆုံး အမတ်အကြောင်း

တစ်နေ့တွင် ဘုရင်မင်းမြတ်က စကားတောင်စား အမတ်အား မိန့်တော်မူသည်။

"သည်ယနေ့ဖြင့်ခရမ်းသီးဟင်းနှင့်ပွဲတော်တည်ရတာ အလွန်မြိန်ယှက်တော်မူသည်"

www.burmeseclassic.com

www.burmeseclassic.com



စကားတောင်စားက "မှန်လှပါ၊ ခရမ်းသီးသည် အလွန်အရသာရှိပါ၍ ခေတ်လေးပါးညီညွတ်ပြီး အင်အားပြည့်ဖြိုးစေတတ်သော အသီးဖြစ်ကြောင်းပါဘုရား" ဟု လျှောက်တင်လေသည်။

နောက်တစ်နေ့ညီလာခံတွင်မူ ဘုရင်မင်းမြတ်သည်လေနာထတော်မူ၍စကားတောင်စားအမတ်အား "ခရမ်းသီးမှာလေနာထတတ်ပါသလား" ဟု မေးတော်မူရာ စကားတောင်စားက....

"ခရမ်းသီးမှာ လေနာ ရင်နာကို ဥပဒ်ပေးတတ်သော အသီးဖြစ်ပါသည်။ လေစာသက်သက်ဖြစ်၍ ပွဲတော်တည်ရန် မသင့်ပါကြောင်း" ဟု တင်လျှောက်လေရာ ဘုရင်မင်းမြတ်က စိတ်ဆိုးတော်မူ၍ လှံနှင့်ရွယ်ကာ....

"မောင်မင်း မနေ့ကဓာတ်လေးပါးညီ၍ အင်အားပြည့်ဖြိုးစေသည်ဟု လျှောက်တင်သည်မှာ နင်ပဲမဟုတ်လား၊ မနေ့က နင်တင်တုန်းက လေနာ, ရင်နာမပါ၊ ငါ့ကိုသက်သက် ဝေဒနာရအောင် နင်လုပ်တာ" ဟု လှံဖြင့်ချိန်ရွယ်ကြိမ်းမောင်းလေရာ စကားတောင်စားက....

"ကျွန်တော်မျိုးမှာ အရှင်မင်းမြတ်ကလခရိက္ခာတော်ပေး၍ ထားသော ကျွန်ရင်းဖြစ်ပါသည်။ ခရမ်းသီး၏ ကျွန်မဟုတ်ပါ၊ သို့ဖြစ်၍ အရှင်မင်းမြတ်၏ အလိုတော်သို့သာ လိုက်ရပါမည်။ ခရမ်းသီး၏အလိုသို့ မလိုက်နိုင်ပါကြောင်း သံတော်ဦးတင်ပါသည် ဘုရား" ဟု လျှောက်ထားလေရာ ဘုရင်မင်းမြတ်က ပြုံးတော်မူ၍...

"နင့် အလွန်စကားတတ်တဲ့အကောင်၊ နင့်လိုမိုက်တဲ့ အမတ်မျိုး ငါ့နန်းတော်ထဲမှာ ရှိမှာမဟုတ်ဘူး" ဟု မိန့်တော်မူသည်။



စကားတောင်စားက "မှန်လှပါ၊ ကျွန်တော်မျိုးထက် မိုက်တဲ့ အမတ် ရှိပါသေးတယ်ဘုရား"

"ဟဲ့....နင်ဘယ်သူ့ကို ချောက်ချဦးမလို့လဲ"

"မှန်လှပါ၊ ဘူရိဒတ် ဇာတ်ထဲက စုဋ္ဌလိပ်ကို ရေထဲချတဲ့ အမတ်က ကျွန်တော်မျိုးထက် မိုက်ပါသေးတယ်ဘုရား" ဟု လျှောက်တင်လေရာ၊ ဘုရင်မင်းမြတ်လည်း ပြုံးရယ်တော်မူ၍ ညီလာခံကို ရုပ်သိမ်းလိုက်လေသည်၊

## ရောဝတီမြစ်ကြီး ဖူးရောင်လာခြင်း

တစ်နေ့တွင် ရောဝတီမြစ်သည် တစ်နေ့တစ်ခြား မြစ်ရေများ တက်၍လာသဖြင့် ဆင်းရဲသား ကျွန်တော်မျိုးများ၏ အိမ်များကိုပင် ရေများနစ်မြုပ်လုနီးပါးရှိလေရာ၊ ဘုရင်မင်းမြတ်သည် စိတ်မချမ်းမြေ့တော်မူ၍ စကားတောင်စား အမတ်အားတိုင်ပင်တော်မူသည်။ စကားတောင်စားက....

"မှန်လှပါ ဘုရင်မင်းမြတ်။ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း ဒုဌာ မြေပေါ်မြေအောက်ရတနာအမျိုးမျိုးတို့ကို စိုးပိုင်သသော ရေမြေ့ သေဌ်နင်း၊ ဘုန်းတော်အလွန်တရာ ကြီးမြတ်လှသော ပြည့်ရှင်မင်းဖြစ်ပါသည်။ ဘုရင်မင်းမြတ်၏ အမိန့်တော်နှင့် ကျွန်တော်မျိုး ရေကိုတားခွင့်ပေးပါ၊ ဘုရင်မင်းမြတ်၏ အမိန့် အာဏာကြောင့် ရောဝတီမြစ်ရေ ရပ်တန့်ပေါ်မည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ငါ့အမိန့်တော်နဲ့ နင်ငါ့ကိုယ်စား အမိန့်တော်ပြန်ချေ။ ဟုတ်ရင်ဟုတ် မဟုတ်ရင်တော့ နင့်ကို အသတ်ပဲ"

နောက်တစ်နေ့ညီလာခံတွင်ရောဝတီမြစ်ရေအကြောင်းဘုရင်မင်းမြတ် အမေးတော်ရှိလေလျှင် အမတ်ကြီးများက ရောဝတီမြစ်ရေသည် ပို၍ပင် တိုးတက်လာကြောင်း လျှောက်တင်ကြလေသဖြင့် စကားတောင်စားအမတ်အား ဘုရင်မင်းမြတ်က....

"ဟဲ့.... စကားတောင်စား၊ နင် မနေ့က ငါ့ကိုယ်စား အမိန့်တော်ပြန်သေးသလား"

"မှန်လှပါ၊ အမိန့်တော်ပြန်ရုံမက ကြိမ်စကြာနှင့်ပင် ရိုက်ခဲ့ကြောင်းပါ ဘုရား"

"နို.... ရောဝတီမြစ်ရေ ပိုလို့တောင် တိုးလာတယ် ဆိုပါကလား"

"မှန်လှပါ၊ ရောဝတီမြစ်ရေသည် ဘုရင်ကေရာဇ်မင်းမြတ်၏ အာဏာတော်နှင့် ကြိမ်စကြာ၏ဒဏ်ကို မခံနိုင်၍ ဖူးရောင်ပြီး လာခြင်းသာ ဖြစ်ကြောင်းပါဘုရား"

ဟု လျှောက်တင်သဖြင့် ဘုရင်မင်းမြတ်က "နင်တော်တော် စကားကတ်တဲ့ကောင်" ဟု ပြုံးရယ်တော်မူပြီး အဆောင်တော်သို့ ကြွမြန်းတော်မူလေသည်။

ဤသို့လျှင် စကားတောင်စားအမတ်သည် ဘုရင်မင်းမြတ်၏ ပျော်တော်ဆက်အဖြစ်လည်းကောင်း၊ တိုင်ပင်ဖော် တိုင်ပင်ဖက် အဖြစ်လည်းကောင်း နန်းတွင်း၌ အရေးပါနေသော အမတ်တစ်ဦးဖြစ်၍ နေတော့သည်။




## မေဒင်ဆရာ ဆေးဆရာ

ငလက်တို့နှင့် ညိုကား၊ လှေတစ်စင်းနှင့် စပါးဆောင်းချ၍ ရသောငွေမှာ သုံး၍ ဖြုန်း၍ ကုန်လာခဲ့လေပြီ၊ ရှေ့ရေးအတွက် တစ်နည်းတစ်ဖုံ ရှာဖွေရဦးတော့မည်။

ငလက်တို့သည်လူ့ရှူတော်အသွင် ဝတ်ဖြူစင်ကြယ်ကိုဝတ်ကာ ခေါင်းပေါင်းဖြူကိုပတ်ပြီးလျှင် ပဝါဖြူ လက်ကတော့ဆိုးလျက် ရွာကြီးနှစ်ရွာ၏ အကြားရှိ ဇရပ်ပေါ်တွင် စက္ကူကွာခြွေ ချကာ မျက်စိကိုမှိတ် ပုတီးစိပ်၍နေလေသည်။

ဥပုသ်နေ့အခါတွင် ရွာကြီး နှစ်ရွာစလုံးမှ ဥပုသ်သည်များ သည် ထိုဇရပ်ကြီးပေါ်တွင် ပြည့်နှက်စည်ကားလျက် ရှိနေလေတော့သည်။

ပရိသတ်များပြားလှသော အချိန်တွင် ညိုသည် ဆေးဆရာ ဟန်ဖြင့် လွယ်အိတ်တစ်လုံးလွယ်ကာ ဇရပ်ပေါ်သို့ တက်လာပြီး လူ့သူတော်ကြီးအား ဝတ်ဖြည့်ဦးချလျက် ရှေ့တွင် ကျုံ့ကျုံ့ ထိုင်ကာ လျှောက်ထားမေးမြန်းလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး....မင်းကတော့ ဆရာတစ်ဆူဖြစ်မယ့်လူပဲ"

"မှန်ပါတယ်ဘိုးဘိုး၊ ကျွန်တော်မျိုးဟာ ဆေးဆရာအလုပ်နဲ့ အသက်မွေးနေတာ နှစ်ပေါင်း အတော်ကြာပါပြီ၊ ကုသိုလ်ကံ အကျိုးဆက်ကြောင့်လားမသိ၊ ပျက်စီးတဲ့ လူနာ တစ်ယောက် တစ်လေမျှ မရှိခဲ့ပါ"

"သို့ပေမယ့် မင်းမှာ သားမယား အိမ်ထောင်ပျက်စီးတဲ့ ကိန်းနဲ့ ကြုံရမယ်၊ လူလိမ်လူကောက် ခံရမယ်၊သတိထား"

"မှန်လိုက်လေ ဘိုးဘိုးရယ်.... ကျွန်တော်မျိုး မယားဟာ ကျွန်တော်မျိုး အပြင်သွားခိုက် စုဆောင်းထားတဲ့ငွေသေတ္တာပါ အပျောက်ရိုက်ပြီး ထွက်သွားတာ မကြာသေးပါဘူး"

"အေး....မင်းဆေးဆရာဘဝနဲ့ပဲဆက်လက်လုပ်ကိုင်ပေတော့၊ မင်း ဆေးတစ်စက်ဝင်တဲ့ လူနာဆိုရင် အသက် မသေဘူးဆိုတာ မှတ်ထားပေတော့၊နောင်အခါ မင်းဟာ ကျော်ကြားတဲ့ သမားတော်ကြီးအဖြစ်နဲ့ မင်းပူဇော်ခံရလိမ့်မယ်၊ ရော့- ဒီလက်ဖွဲ့နဲ့ ဒီဆေးလုံးကိုဆောင်ထား၊ အရာရာမှာ ပြီးမြောက် အောင့်မြင် လိမ့်မယ်"

ဆရာညိုသည် အားရဝမ်းသာ ရှိသေစွာ ပုဆစ်တုပ်လျက် သက်ဖွဲ့နှင့် ဆေးလုံးကို လက်ဝါးနှစ်ဖက်ဖြင့် ဖြန့်ခံ၍ လက်ဖွဲ့ကို ပါးစောင်မှာငုံရင်း ဆေးလုံးကို လက်ကိုင်ပဝါအစွန်းတွင် တရှိုတသေချည်လျက် အိတ်ထဲသို့ထည့်ပြီး ဆရာကြီးအားငွေခွက်တစ် ခွက် လွယ်အိတ်ထဲမှထုတ်၍ ပူဇော်ကာ ဝတ်ချ ကန်တော့ပြီး နောက်ဆုတ်နောက်ဆုတ်နှင့် လာရာက ဥပုသ်သည်များ၏ လက် ဖက်ရည်ကြမ်းဝိုင်းသို့ ရေနွေးတစ်ခွက် တောင်း သောက် ရင်း စကားလက်ဆုံ ကျနေလေသည်။



ဆရာညို တက်လာကတည်းက လူစိမ်း တစ်ယောက် ဖြစ်၍ ပရိသတ်က အကဲခတ်နေကြရာ၊ ဆရာညို မေးမြန်းနေစဉ် ဝိုင်း အုံ၍ နားထောင်နေကြသော လူသိုက်သည် ဆရာညို၏ စကား ဝိုင်းသို့ တစ်ဖန် စိုင်းအုံ၍လာကြပြန်သည်။

ဆရာညိုသည် မိမိမှာ အရပ်ဘက်ကသို့ လှည့်၍ ဆေးကုနေ သော ဆေးဆရာတစ်ယောက်ဖြစ်သည်။ ဤဇရပ်သို့ ရောက်လာ သော ဘိုးတော်၏ သတင်းကို ကြားနေသည်မှာ ကြာပြီဖြစ်၍ ရှာစဉ်တကာလှည့်ပြီး ရှာဖွေခဲ့ရသည်။ ယခုမှ ဆိုက်ဆိုက်မြိုက် မြိုက် လာ၍တွေ့ရခြင်းဖြစ်သည်။ဤဘိုးတော်မှာ အသက်တစ်ရာ ကျော်ပြီဖြစ်သော်လည်း ရုပ်ရည်မှာ အစဉ်နုပျိုလျက် ရှိကြောင်း သတင်းကြားရသည်။ မိမိကို ဟောလိုက်သည်ကတော့သွေးထွက် အောင် မှန်ပေသည်ဟု ပြောဆိုကာ ဇရပ်ပေါ်မှ ဆင်း၍သွား တော့သည်။ ဥပုသ်သည်များ၏ စိတ်၌ကား ဥပုသ်ထွက်လျှင် ဘိုးတော်ထံသို့ ဗေဒင် မေးကြမည်ဟု ကျိတ်ခဲ၍ ထားကြလေ သည်။

ညိုက ညအချိန်တွင် နွားများကိုဝင်၍ဆွဲပြီး တောထဲ၌ ဝှက် ၍ထားသည်။ ဇရပ်ပေါ်က လက်တိုအား မည်သည့် အရောင် နှင့်နွားကို မည်သည့်နေရာတွင် ချည်၍ ထားခဲ့ကြောင်း တိတ် တဆိတ် သတင်းပို့သည်။

နောက်တစ်နေ့တွင် နွားပျောက်သူများ ဘိုးတော်ထံ ဗေဒင် မေးရန် လာကြသည်။ ဘိုးတော်က နွား၏ အရောင်အဆင်းနှင့် တကွ ရှိမည့်နေရာကို ညွှန်ပြပြောဆိုလိုက်သည်။ နွားကို ရှာတွေ့ သောအခါ ဘိုးတော်၏ အစွမ်းကို ချီးကျူးပြောဆိုကြသည်။ ဤသို့ဖြင့် ညိုက ခိုး၍ဝှက်ထားလိုက်၊လက်တိုက ဗေဒင်ဟော

www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် ဇရပ်ပေါ်က လူသူတော်၏သတင်းမှာ ပို၍ကျော်ကြား လာတော့သည်။ ဗေဒင်တစ်ခါမေးလျှင် ငွေခွက်တစ်ခွက်ကျ နှုန်းနှင့် ငွေခွက်များမှာ ထား၍ မဖြစ်လောက်အောင်ပင် ရရှိ တော့သည်။

ဤသို့ လူသူတော်၏ ဗေဒင် မှန်ကန်ကြောင်း သတင်းသည် မြစ်ရိုးစဉ်တစ်လျှောက် ကျော်ကြား၍နေရာ၊ အင်းဝဘုရင် ရွှေနန်းရှင်နားသို့ပင် ပေါက်ကြား၍သွားတော့သည်။

သို့ဖြစ်၍ အင်းဝဘုရင်သည် လူသူတော် ဘိုးတော်အား ရွှေလှေရွှေလောင်းများ စေလွှတ်၍ ပင့်ခေါ်တော်မူလေရာ မိမိ တပည့်ရင်းဖြစ်သော ငညိုပါခေါ်၍ အင်းဝသို့ လိုက်ပါသွား လေတော့သည်။

## စကားတောင်စားက ကယ်လိုက်ခြင်း

အင်းဝဘုရင်၏ နန်းတော်သို့ မရောက်မီကပင် ငလက်တိုနှင့် ငညိုတို့မှာ ထိတ်ထိတ်ပျာပျာ ဖြစ်နေကြသည်။

"သူငယ်ချင်းငညို၊ တို့တော့ တစ်သက်လုံး လျှောက်လိမ်လာ ခဲ့ကြတာ....ဒီတစ်ခါမှ သေဖြစ်တော့မှာပဲ၊မင်းနဲ့ငါမှာပညာတစ် စုံတစ်ရာမရှိ၊လက်မှုပညာလည်း ဘာတစ်ခုမှမတတ်၊ လိမ်ဖို့သာ တတ်သည်၊ တို့ဘာသာတို့အောက်မြို့ကျေးရွာတွေမှာသွားပြီးဗေ ဒင်ဟောစားနေတာ ရှင်ဘုရင်က နေရာရှာပြီး ဗေဒင်မေးရ အောင် ခေါ်သည်။ငါလည်းဗေဒင်တတ်တာမဟုတ်၊မင်းပြောမှ



ငါက အတတ်ဟောနိုင်တာ၊ရှင်ဘုရင်က ဘာကို မေးမှန်းမသိ၊ မေးတာကို မှန်အောင်မဟောနိုင်ရင် ငါတော့ သေဖြစ်တော့ မှာပဲ"ဟု ညည်းညူပြောဆိုလေရာ ငညိုက—

"သိပ်လဲ ကြောက်မနေပါနဲ့၊ ရှင်ဘုရင်က မေးတဲ့အခါ နက္ခတ်ကိုကြည့်ပြီး ဟောပါရစေလို့ အချိန်ဆွဲလိုက်ပါ၊ငါအကြံ ပေးပါမယ်"ဟု အားပေးစကား ပြောကြားလေသည်။ငလက် တိုကလည်း မျက်နှာငယ်နှင့်...

"မင်း ငါ့ကိုတော့ ပစ်မထားနဲ့ သူငယ်ချင်း"ဟု မှာကြား ကာ ဒရာရှိများနှင့်အတူ နန်းတော်သို့ ဝင်သွားကြလေသည်။

နန်းတော်တွင်းသို့ ရောက်သောအခါ သူတို့ မမျှော်လင့်သော လူတစ်ယောက်ကို တွေ့ရ၍ အားတက်သွားသည်၊ အမှန်စင်စစ် သူတို့သည် စကားတောင်စား ဤမျှ ကြီးပွားနေသည်ကို လုံးဝ မသိကြသေးပေ။ စကားတောင်စားသည် ဗောင်းနားတောင်း အစုံအလင်နှင့် အမတ်ကြီး၏ အဆောင်အယောင် အပြည့်အစုံ ဝတ်ဆင်ကာ ညီလာခံသို့ ရောက်လာလေသည်။ ငယ်သူငယ်ချင်း များဖြစ်၍ သူတို့ကိုတော့ ပစ်မထားကောင်းဟု မှတ်ထင်ထား ကြသည်။

စကားတောင်စားသည် လူသူတော်ကို လှမ်း၍ ကြည့်လေ လျှင် ငလက်တိုမှန်း ချက်ချင်းသိလိုက်သည်။ နောက်လူမှာ ငညိုဖြစ်ကြောင်းကိုလည်း သိသည်။

ဘုရင်မင်းမြတ်က စကားတောင်စား အမတ်အား အမိန့် တော်ရှိလိုက်သည်။

ဤလူသူတော်သည် ဗေဒင် အလွန်မှန်သည်ဟု အလွန်ကျော် စော၍ အောက်ပြည်အောက်ရွာမှ ငါ ပင့်ဆောင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းကကြည့်ရှုမေးမြန်းရမည်''ဟု အမိန့်တော် မှတ်လေရာ၊ စကားတောင်စားစိတ်က ချက်ချင်း အကြံဖြစ်သည်။

ကျောင်းသားဘဝ အတူတူဝါးခုတ်ကြစဉ်က စကားတောင်စား ခုတ်သော ဝါးပင်မှ အမြုတေ တစ်ခုကို ရသည်။ သူတို့သုံးယောက် တအံ့တဩကြည့်ကြသည်။ ဆရာဘုန်းတော်ကြီးကို ပြသောအခါ ဝါးအမြုတေဖြစ်ကြောင်းနှင့် စကားတောင်စားအား လက်စွပ်ကွင်း၍ ကိုယ်နှင့်မကွာ အမြဲ ဆောင်ထားရန် ဆရာဘုန်းတော်ကြီးက အမိန့်ရှိသည်ကိုလည်း လေက်တိုနှင့်ညိုတို့သိကြသည်။ ငယ်စဉ်ဘဝကပင် လေက်တိုနှင့် ညိုတို့သည် စကားအရာ ပြိုင်ကြရာ၌ စကားတောင်စား အနိုင်ရသည်ကို မနာလိုမရှုစိမ့်မဖြစ်ဘဲ မိမိအား ဆရာတင်၍ ထိုစဉ်ကပင် ရိုသေလေးစား နှိမ့်ချသော မာန မရှိကြောင်းကိုလည်း သိရသည်။ သို့ဖြစ်၍ ငယ်သူငယ်ချင်းများကို ငါစောင့်ရှောက်ရမည့် အလှည့်သို့ ရောက်လာပြီ။ သူတို့သိသော လက်စွပ်အကြောင်း၊ မေးလျှင် သူတို့ အလွယ်တကူ ဖြေနိုင်လိမ့်မည်ဟု ကြံစည်စိတ်ကူး၍ အဝေးမှပင် လက်တွင်ဝတ်ထားသော လက်စွပ်ကိုပြကာ....

''ဒီကျောက်ဟာ ဘာကျောက်လဲ''ဟု မေးလေသည်။

''ဒီလက်စွပ်ကျောက်ဟာ ကျောက်မဟုတ်၊ အမြုတေ ဖြစ်သည်။ ဤအမြုတေသည် ဝါးမှရသောကြောင့် ဝါးအမြုတေဖြစ်ရမည်။ ဘုန်းကံရှိသောပုဂ္ဂိုလ်၊ သို့မဟုတ် ဆရာသမားများက ချီးမြှင့်ခြင်းခံရသော အမြုတေဖြစ်သည်။ အမတ်မင်း လက်ဘွင်းသို့ ရောက်သည်မှာ အနှစ် နှစ်ဆယ်ကျော် ရှိလိမ့်မည်''ဟု သူသူတော်က ဟောကြားလိုက်လေသည်။



ဤလက်စွပ်အကြောင်းကို ဘုရင်မင်းမြတ်က စကားတောင်စားနှင့် တွေ့စကပင် မေးမြန်းတော်မူဖူး၍ ဘုရင်ကိုယ်တော်တိုင် ဤအကြောင်းကို သိပြီးဖြစ်သဖြင့် လူသူတော်က မဆိုင်းမတွ ဒိုးဒိုးဒေါက်ဒေါက် ပြောလိုက်သောအခါ ဘုရင်မင်းမြတ်မှာ များစွာ အံ့ဩချီးမွမ်းပြီး လူသူတော်အား ဆုလာဘ်များစွာ သဒ္ဒါန်းပူဇော်၍ ဥယျာဉ်တော်တွင် ကျောင်းဆောက်ကိုးကွယ်လေသတည်း။

## ခက်ခဲသောပြဿနာကို ဖြေရှင်းနိုင်ခြင်း

စကားတောင်စားသည် လေက်တိုနှင့်ညိုတို့၏ ပညာအတိမ်အနက်ကို သိရှိပြီးဖြစ်ရာ၊ ဘုရင်က မကြာခဏမေးမြန်းနေလျှင် သင်းတို့နှစ်ယောက် ဒုက္ခတွေ့တော့မည်ကို ကြိုတင်သိမြင်သဖြင့် ရှင်ဘုရင်အား အကြံပေးသည်မှာ ဤလူသူတော်အား အရေးကြီးသော ကိစ္စများကိုသာမေးသင့်ပါသည်၊ မကြာခဏမေးနေပါက မင်းညီ မင်းသား မှူးမတ်များနှင့်ဆွေတော်မျိုးတော်များ တရုံးရုံးနှင့် လူသူတော်စိတ်ညစ်ပြီး ထွက်သွားမှာ စိုးရိမ်ရပါသည်။ သို့ဖြစ်၍ လူသူတော်အား ကပ္ပိယ တကာနှင့်အတူ ဥယျာဉ်တော်တွင်း၌ အေးချမ်းစွာ တရားအားထုတ်စေသင့်ပါသည်။ ဘုရင်မင်းမြတ်မှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ လူသူတော်ထံ ဝင်ထွက်သွားလာခြင်း၊ မေးမြန်းခြင်းများ မပြုရန် အမိန့်ထုတ်ဆင့် သင့်ပါကြောင်း သံတော်ဦးတင်လေလျှင် ဘုရင်မင်းမြတ် သဘောတော်ကျ၍ စကားတောင်စား လျှောက်တင်သည့်အတိုင်း အမိန့်တော်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆင့်၍ ပိတ်ပင်တားမြစ်လိုက်လေသည်။ လေက်တို့နှင့် ညိုတို့က စကားတောင်စားသည် မိမိတို့အတွက် ကြိုတင်အကာအကွယ်ပေးခြင်း ဖြစ်သည်ကို သိကြ၍ စကားတောင်စားအား ရှိခိုးချင်လောက်အောင် ဝမ်းထဲမှကျိတ်၍ ကျေးဇူးတင်နေကြသည်။

သို့သော် လများစွာမကြာမီပင် လူသူတော်လေက်တို့မှာ အကျပ်အတည်းကြီးတစ်ခုနှင့် ရင်ဆိုင်တိုးရတော့သည်။ စကားတောင်စား မိမိထံ ဝင်ထွက်သွားလာနှုတ်ဆက်ခြင်း မပြုသည်ကို အပြစ်မတင်ကြပေ၊ မိမိတို့နှင့် စကားတောင်စား အဆက်အသွယ် ရှိသည်ကို အခြားလူများ သိသွား၍ ဘုရင့်နားသို့ပေါက်ကြားလျှင် မိမိတို့ရော စကားတောင်စားပါ ဒုက္ခတွေ့ရတော့မည်ကို ကြိုတင်သိမြင်၍ စကားတောင်စားက သွားလာဝင်ထွက် နှုတ်ဆက်ခြင်းမပြုသည်ဟု လေက်တို့နှင့် ညိုတို့က သဘောပေါက်ထားကြသည်။

ယခုတစ်ဖန် အခက်အခဲကြီးတစ်ခုကို ရင်ဆိုင်ရပြန်သောအခါ စကားတောင်စား၏ ကူညီချက်ကြောင့်သာ အသက်ရှူချောင်ရပြန်သည်။

ထိုကိစ္စမှာကား အင်းဝဘုရင်ထံ တရုတ်ဘုရင်ဥတည်ဘွားထံမှ သံတမန်များက လက်ဆောင်ပဏ္ဏာများယူလာ၍ အခစားဝင်ရောက်ကြရာ၊ ထိုလက်ဆောင် ပဏ္ဏာများစွာတို့ အနက်မှအတန်ငယ်ကြီးမားသော ယွန်းသေတ္တာတစ်လုံး ပါရှိလာသည်။ ထိုယွန်းသေတ္တာတွင် မည်သည့်ပစ္စည်း ပါရှိသည်ကို အကြည်တော် မြန်မာဘုရင်မင်းမြတ်က ဖြေကြားတော်မူစေလိုကြောင်းသဝဏ်လွှာနှင့် ညာဏ်စမ်း၍ ထားလေသည်။



ဘုရင်မင်းမြတ်သည် ထိုအချက်ကို ဖြေဆိုနိုင်မည့် သူမှာလူသူတော် ဘိုးဘိုးသာလျှင် ရှိ၍ ဥယျာဉ်တော်သို့ စေလွှတ်၍ပင့်စေသည်။

လူသူဟော်ဘိုးဘိုးနှင့် ကပ္ပိယမောင်ညိုတို့ နန်းတွင်းသို့ရောက်သည့်အခါ ဘုရင်မင်းမြတ်က ယွန်းသေတ္တာအတွင်းရှိ အရာဝတ္ထုကို ဖော်ပေးရန် သဝဏ်လွှာအကြောင်းကို ပြောပြ၍ ဖော်ထုတ်ဖြေကြားရန် အမိန့်တော်ရှိတော်မူလေသည်။

လေက်တို့နှင့် ညိုတို့မှာ သည်တစ်ခါဖြင့် လူပုံအလယ်တွင် အရှက်တကွဲ မှုချဆက်ဆက် သေပွဲဝင်ရတော့မည်ဟု ရင်ထဲတွင်ထိတ်ကာနဲ့ ဖြစ်သွားကြသော်လည်း စကားတောင်စားအရှိသားပဲဟု အားကိုးတစ်ခု ပြုမိလေသဖြင့် စိတ်သက်သာရာရသွားကြလေသည်။ လူသူတော်ဘိုးဘိုးမှာ မျက်စိကိုစုံမှိတ်ကာ အာရုံယူနေသည့်သဏ္ဍာန် ဟန်လုပ်၍ နေသည်ကို စကားတောင်စားမြင်လေလျှင် ဘုရင်အား လျှောက်ထားသည်မှာ....

"ဤကိစ္စသည် သာမန် ကိစ္စ မဟုတ်ပါ၊ တစ်တိုင်းပြည်နှင့်တစ်တိုင်းပြည် ချစ်ကြည်ရေး ညာဏ်စမ်းသော အချက်ဖြစ်၍ရုတ်ခြည်း မဖြေသင့်ပါ။ ၇ ရက်ခန့် ဆိုင်းငံ့နေပြီးမှဖြေကြားသင့်ပါသည်" ဟု လျှောက်ထားလေလျှင် ဘုရင်မင်းမြတ်လည်းဤအချက်သည် လျှော်ကန်သင့်မြတ်လှပေသည်ဟု သဘောပေါက်၍ သံတမန်များအား သံတဲတွင် ၇ ရက်ခန့် ဆိုင်းငံ့ပါရန် အမိန့်တော်မှတ်၍ သံတဲ တာဝန်ခံများအား ကောင်းစွာစောင့်ရှောက်ပြုစု လုပ်ကျွေးကြရန် မှာကြားလေသည်။

လေက်တို့နှင့် ညိုတို့မှာ စကားတောင်စားအား အသက်သခင် ကျေးဇူးရှင်အဖြစ် ကျေးဇူးတင်လိုက်ကြသည်မှာ ပြော

www.burmeseclassic.com

www.burmeseclassic.com



စရာမရှိ၊ဥယျာဉ်တော်အတွင်း ကျောင်းသင်ခန်းသို့ ရောက်လာလျှင် လေက်တိုက ညည်းညူလေရာ ညိုက....

"သိပ်ပြီးလဲ စိတ်မပူပါနဲ့၊ ၇ ရက်တောင် အချိန်ရသေးတာ ငါကြံပါမယ်"ဟု အားပေးလေသည်။

ညိုသည် ချက်ချင်းပင်ရှပ်ဖျက်၍ထွက်သွားကာ သံတဲအစေခံ မြန်မာများထဲမှ ကွမ်းတုံ တရုတ် စကားပြောတတ်သောသူ တစ်ဦးကို ရှာဖွေပေါင်းသင်းပြီး လာဘ်ငွေကို ကောင်းစွာ ပေးကာ သူတို့ချင်း ပြောစကားများကို မှတ်သားပါရန် မှာကြားခဲ့လေသည်။

ဥတည်ဘွား၏ သံများထဲမှ အသက်ငယ်ရွယ်သူ အချို့သည် ကွမ်းတုံစကားဖြင့် ဤယွန်းသေတ္တာထဲမှ သံသေတ္တာတစ်လုံးရှိသည်။ သံသေတ္တာ အတွင်းထဲ၌ ကြေးဖြင့် လုပ်သော သေတ္တာ တစ်လုံးရှိသည်။ ကြေးသေတ္တာအတွင်း၌ ငွေသေတ္တာ တစ်လုံးရှိသည်။ ထိုငွေသေတ္တာအတွင်း၌ ပတ္တမြားတို့ဖြင့်စီခြယ်ထားသော ရွှေကြုတ်တစ်ခုရှိသည်။ ထိုရွှေကြုတ်ထဲတွင် ဖဲကြိုးအဝါကိုရစ်ပတ်၍ အလုံးဖြစ်အောင် ပြုလုပ်ထည့်ထားသည်။ ထိုဖဲကြိုးအလုံးကို ဖြေလိုက်ပါက အဖျားတွင် စိန်တပ်ထားသော ရွှေအပ်နှစ်ချောင်း ထိုးထားသည်။ ထိုရွှေအပ် နှစ်ချောင်းမှာ ဘုရင့်သမီးတော် နားသမင်္ဂလာပွဲအတွက် လက်ဆောင်ပဏ္ဏာဖြစ်သည်ဟု ကိုယ်တိုင်ထည့်ခဲ့ရသော သံအမတ်ငယ် တစ်ယောက်က မသိသေးသော သံအရာရှိငယ်များအား အရက် မူးမူးဖြင့် သူသိကြောင်းကို ဝါကြွားလို၍ ပြောပြနေသည်ကို ညို စကားထည့်ထားသော ကွမ်းတုံစကားတတ်သည့် မြန်မာထမင်းချက် အဘိုး



ကြီးက နားစွင့်ကာ မှတ်သားပြီး ညိုအား အကြောင်းစုံ ပြန်ကြားလိုက်လေသည်။

ချိန်းဆိုသော ၇-ရက်စေ့လေလျှင် နန်းရင်ပြင်၌ လူသူတော်ဘိုးဘိုးနှင့်တကွ မှူးမတ်များ စုံညီစွာ ရောက်ရှိနေကြသည်။သံတမန်အဖွဲ့ဝင်များ နန်းရင်ပြင်သို့ ဝင်ရောက်ခစားပြီးနောက် ဘုရင်မင်းမြတ် အမိန့်တော်ရှိသည်နှင့် တစ်ပြိုင်နက် လူသူတော်ဘိုးဘိုးသည် တင်ပျဉ်ခွေထိုင် စိတ်ပုတီးစိတ်ရင်း မျက်စိကို မှိတ်ကာ ညာလက်ကို ဆန့်တန်းလျက် ကောင်းကင်သို့ လက်ညှိုးထိုးပြီး–

"ဤယွန်းသေတ္တာကို ဖွင့်လိုက်လျှင် သံသေတ္တာ တစ်လုံး သော့ခတ်လျက် ပေါ်လာလိမ့်မည်"ဟု အမိန့်ရှိသည်။

ဥတည်ဘွား၏ သံမှူးသည် ယွန်းသေတ္တာကို သော့ဖွင့်၍ အတွင်းမှ သံသေတ္တာကို ဆွဲထုတ်ယူလိုက်သည်။ ပရိသတ်မှာဟာ ခနဲ ဖြစ်သွားသည်။

စကားတောင်စားသည် ကိုယ့်လူတွေ ဖြစ်မှဖြစ်ပါ့မလားဟု စိုးရိမ်မိသော်လည်း လေက်တိုနှင့် ညိုတို့၏အစွမ်းသတ္တိကို သိပြီးဖြစ်၍ များစွာ စိတ်မပူလှချေ။ လူသူတော် လေက်တို၏ စကားနှင့် သံသေတ္တာ ထွက်လာသောအခါ ၎င်းတို့၏ ယွန်းသေတ္တာအကြောင်းကို လေက်တိုတို့ တစ်နည်းနည်းဖြင့် သိခဲ့ကြသည်ကို ရိပ်မိ၍ စကားတောင်စားမှာ ပြုံးနိုင်လာတော့သည်။

သံသေတ္တာမှသည် ကြေးသေတ္တာသို့ လည်းကောင်း၊ ကြေးသေတ္တာမှသည် ရတနာစီခြယ်သော ရွှေကြုတ်သို့လည်းကောင်း ရွှေကြုတ်မှသည် ဖဲပြားလုံးအဝါရောင်သို့ လည်းကောင်း၊ဖဲပြားလုံး အဝါရောင်၏ အတွင်းဘက်အဖျားတွင် စိန်အပ်ကို လည်းကောင်း မှန်ကန်စွာ ဟောလိုက်လေရာ—

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်တစ်ခုလုံး သေက္ခာတစ်ဆင့် သော့ဖြင့် ဖွင့်လိုက်တိုင်း ဖွင့်လိုက်တိုင်း ဟာဟာ ဟင်ဟင်နှင့် အံ့ဩမဆုံး လူသူတော်၏ ပညာအစွမ်းကို ချီးမွမ်းမဆုံး ဖြစ်ကြလေသည်။ လူသူတော် လေက်တိုက—

“ဤ ရွှေအပ် နှစ်ချောင်းမှာ ဘုရင့်သမီးတော်၏ နားသ မင်္ဂလာပွဲအတွက် ဥဘည်ဘွားဘုရင်က လက်ဆောင်ပဏ္ဏာ အဖြစ် ဆက်သလိုက်ခြင်းဖြစ်ကြောင်း” ကိုပါဆက်လက်ဟောပြောလိုက်ရာ၊ သံတမန်များသည်ပင်လျှင်အံ့ဩ၍မဆုံးဖြစ်ကြလေသတည်း။

အင်းဝဘုရင်လည်း အားရနှစ်သက်တော်မူ၍လူသူတော် ဘိုးဘိုး လေက်တိုအား ဆုလာဘ်များစွာ ပူဇော်သက္ကာ၍ ပြုလိုက် လေသတည်း။

## သိကြားရေစင် စေ့ဌခြင်း

လေက်တိုနှင့် ညိုတို့သည် ချမ်းချမ်းသာသာ အပူဇော်ခံ၍ နေကြရသော်လည်းစိတ်ချမ်းသာကြသည်ကားမဟုတ်ပေ။အနေ ကလည်း ကျဉ်းကျပ်လှသည်။ နောက်ထပ်မြုံသနာ ပေါ်လာ မှန်လျှင်လည်း မဖြေရှင်းနိုင်ပါက သေဘေးနှင့် နီးလှသည်။ နောက်တစ်ကြောင်းမှာလည်း ဤသို့ အေးအေးချမ်းချမ်း နေ ကြရသည့်အခါ မခါကြီးနှင့် မကျေးဥတို့ကို သူတို့နှစ်ယောက် စလုံး သတိရနေမိကြသည်။

“သူငယ်ချင်း—မခါကြီးနဲ့ မကျေးဥတို့ကို ငွေထွေလိမ်တယ် ဆိုပြီး စိတ်ဆိုးဆိုးနဲ့ မယားနဲ့စပါး လဲပြီးထားခဲ့တာ တို့ထင်တဲ့



အတိုင်း ငွေတွေရရင်တော့ မြင်းခြံပြန်ပြီး ထည်ထည်ဝါဝါနေ ကြမှာ အမှန်ပဲ၊ တကယ်လို့များ တို့တွက်တဲ့အတိုင်း မဟုတ်တဲ့ သူခိုးခိုးခံရတာ အမှန်ဖြစ်လို့ရှိရင်လဲ သူ့ခမျာများ ပုသိမ်မှာပဲ ရေထမ်းလုပ် လုပ်ကိုင်စားပြီးအင်းရဲပင်ပန်းနေရှာကြတော့မှာပဲ” ဟု လေက်တိုက ညည်းညည်းညူညူ ပြောဆိုလေရာ ညိုက လည်း—

“အေး....ငါလဲ သူတို့အရေးကို ခဏခဏ တွေးမိပါရဲ့၊ ဘယ် လိုများ နေကြထိုင်ကြတယ်မသိ ဒီတော့ ဒီလို လုပ်ကြရအောင်၊ ဘုရင်မင်းမြတ်ဆီမှာ အောက်ပြည်အောက်ရွာ ရွှေဘုံဂိုဘုရားမှာ အဓိဋ္ဌာန်ဝင်စရာရှိလို့ သွားခွင့်ပြုပါဦးလို့ တောင်းပန်ကြရ အောင်”

“အေး—ကောင်းတယ်၊ အောက်ပြည်အောက်ရွာ သွားပြီး မခါကြီးတို့၊ မကျေးဥတို့သတင်း စုံစမ်းကြရအောင်၊ တို့ဒီဘဝ ကလဲ ကျွတ်ရောလွတ်ရောပေါ့ကွာ”

ဤနည်းဤပုံဖြင့် ဘုရင့်ထံ အခွင့်တောင်းလေရာ၊ အဓိဋ္ဌာန် ဝင်မည့် အရေးကြောင့် တားမြစ်ရန် မသင့်၍ အခွင့် ပေးလိုက် ကာ လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုက်လေသည်။

လေက်တို၊ ညိုတို့သည် ဘုရင်ကအဆင့်ဆင့်လှူဒါန်းချီးမြှင့် သော ပစ္စည်းများကို လှေတစ်စင်းဝယ်ကာတင်၍ မြင်းခြံသို့ စုန် ဆင်းခဲ့လေသည်။ မခါကြီးနှင့် မကျေးဥတို့သတင်းကို စုံစမ်းရာ လုံးဝမရသဖြင့် ငွေခိုးယူသည်မှာ မဟုတ်တန်ရာ၊တကယ်ပင်သူခိုး ခိုးခံရ၍သာ အောက်ပြည်အောက်ရွာမှာသောင်တင်၍ နေရှာန် ရှိသည်။ အမြန်သွား၍ စုံစမ်းမှ သင့်မည်ဟု တိုင်ပင်ပြီး မလိမ်ရတာ ရက်ရှည်ကြာပြီဖြစ်၍ ယိမ်ရမှု ထမင်းစားဝင်သော

www.burmeseclassic.com



လက်တို့နှင့် ညိုတို့သည် မြင်းခြံဈေးမှ လှုပသော ရေအိုးငယ်ကလေးများ လှေအပြည့်တင်၍ အောက်သို့ စုန်ဆင်းလာခဲ့ကြလေသည်။

ဆိုက်ကပ်ရာ ဆိပ်ကမ်းများတွင် သက်တော်ရှည် ဘိုးဘိုး၏ အန္တရာယ်ကင်း သိကြားရေစင်အဖြစ် ရေအိုးကလေးများထဲတွင် ရေထည့်၍ ညိုက အခမဲ့ ဝေငှပေးသည်။ သိကြားရေစင်ကို ရရှိသော သူများကလည်း လှူကြတန်းကြသည့်ငွေမှာ မနည်းလှပေ။ ဆိပ်ကမ်းတိုင်း ဆိပ်ကမ်းတိုင်း ဆိုက်ကပ်၍ အန္တရာယ်ကင်း သိကြားရေစင် ဝေငှပေးသော လူသူတော် ဘိုးဘိုးကို ကြည်ညိုဆည်းကပ် လှူဒါန်း၍ ရရှိသော ငွေမှာလည်း မနည်းလှပေ။ပုသိမ်မြို့သို့ရောက်လေလျှင် သိကြားရေစင် အိုးကလေးများမှာ ကုန်လေတော့သည်။ ပုသိမ်မြို့ပေါ်တွင် စုံစမ်းသော်လည်း မခါကြီးနှင့် မကျေးဥတို့ သတင်းကို လုံးဝမရကြပေ။

လက်တို့သည် လူသူတော်ဘိုးဘိုး အဝတ်ကိုချွတ်၍ ဝတ်ကောင်းစားလှများ လဲလှယ်ပြီး အသွင်ကို ပြောင်းလိုက်ကြကာ ကုန်သည်ဟန်ဆောင်၍ ပုသိမ်မြို့အောက်ဘက် ယခင်စပါးဝယ်ခဲ့သည့် လှေဆိပ်သို့ကပ်ကာ မခါကြီးနှင့် မကျေးဥတို့ သတင်းကို စုံစမ်းကြလေတော့သည်။



## မယားဓဟာင်းများနှင့် ပြန်ပေါင်း ထုပ်ကြခြင်း

လက်တို့နှင့်ညိုတို့သည် မခါကြီးနှင့်မကျေးဥတို့သတင်းကို စုံစမ်းရာ၌ ရင်နာဖွယ်ရာကြားရသည်။ လက်တို့၊ ညိုတို့ စပါးလှေနှင့် တိတ်တဆိတ် ထွက်ပြေးကြသည့်အခါ မားစာခံ အဖြစ် ကျန်ရစ်ခဲ့သော မခါကြီးနှင့် မကျေးဥတို့ အပေါ်မှာ တာဝန် တွေပုံ၍ကျတော့သည်။ အလိမ္မာဘက်တွင် နံပါတ်ဝမ်းဖြစ်သော မခါကြီးက အခြေအနေကို ချက်ချင်းသိရှိရိပ်မိကာ သူတို့နှစ်ဦး အပေါ်တွင် အမှုမပတ်ရအောင် ကြိုတင်ပြင်ဆင်၍ စပါးရှင် ဖြစ်သော ကိုမဲတူကို ငိုယိုချော့မြှူ၍ သူ့လင်သား လက်တို့၏ ဆိုးကြောင်း တေကြောင်း၊ ယခုမှပင် ဝဋ်ကျွတ်တော့သည့် အကြောင်းကို ပြောဆိုလေတော့သည်။ လူပျိုကြီး ကိုမဲတူက လည်း မခါကြီး၏ စကားကို ယုံစားကာ လက်တို့နှင့် ညိုတို့ ပြန်လာကောင်းပြန်လာလိမ့်မည်ထင်သည်။ ဤအိမ်မှာပင် ခေတ္တ တည်းခိုစောင့်ဆိုင်း၍ သတင်းကိုစုံစမ်းပါဦးဟု အလျှော့ပေးကာ အိမ်ပေါ်မှာတင်၍ ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မခါကြီး၏ အညှုအခရာ မူယာမာယာများဖြင့် အကွက်ဆင်အမိဖမ်းမှုကြောင့်မခါကြီး၏ညွှတ်ကွင်းမှအလွတ်မရုန်းနိုင်သော ကိုမဲတူသည် စပါးဖိုးငွေ ဆုံးရှုံးသော်လည်းမယားဆိုထုံးအမော်နှင့် တပြုံးပြုံး ပျော်၍နေလေသတည်း။

စပါးလှေ ပျောက်သွားကတည်းက ကိုမဲတူက သူကြီးကိုတိုင်၍၊ သူကြီးက ကိုမဲတူ အိမ်ကိုလာရောက်ပြီး စစ်ချက် ယူရာတွင် အကင်းပါးသော မခါကြီးက မုဆိုးဖိုသူကြီးနှင့် မကျေးဥတို့ကို ခပ်ချိုတ်ချိုတ် လုပ်ပေးထားခဲ့ရာ၊ သူကြီး ဦးဖိုးကြားမှာ စက်ကွင်းတွင် မိ၍နေသည်။

ကိုမဲတူနှင့် မခါကြီးတို့ အတည့်အလင်း ယူလိုက်ကြပြီးနောက် မကျေးဥသည်လည်း သူကြီးဦးဖိုးကျား၏အိမ်သို့ ပြောင်းရွှေ့ကာ သူကြီးကတော် ဘဝဖြင့် ထည်ထည်ဝါဝါ နေကြရသတော့သတည်း။

## တစ်ချက်တည်းနှင့် နှစ်ချက်ပြတ်အောင်လုပ်ပုံ

ငလက်တို့နှင့် ငညိုတို့သည် ဤသတင်းစုံကို ကြားသိရပြီးနောက် အကြံထုတ်ကြတော့သည်။ အင်းဝနန်းတော်မှ လှူဒါန်းလိုက်သော ငွေများနှင့် လမ်းတစ်လျှောက်တွင် သိကြားရေစင်ဖေ၍ လှူဒါန်းရရှိလာသော ငွေများမှာ မနည်းလှရကား ငလက်တို့နှင့် ငညိုတို့သည် စပါးဖိုးကျသင့်ငွေ၏ နှစ်ဆကို ရေတွက်၍ ဖျင်နီအိတ်နှစ်အိတ်နှင့် ထည့်ကာတစ်ယောက်တစ်အိတ်စီ ထမ်း၍ ကိုမဲတူ အိမ်သို့ သွားကြလေသည်။

ရှိုးသားလှသော ကိုမဲကူသည် ငလက်တို့၊ ငညိုတို့ကို မြင်ရလျှင် ထိတ်ခနဲဖြစ်ကာမျက်နှာပျက်သွားသည်။မခါကြီးကလည်း



ကိုမဲတူမမြင်စေရန် မျက်စောင်းကိုချိတ်၍ "ရှင်တို့တယ်ရက်စက်ပါကလား"ဟု တိုးတိုးရေရွတ်ပြစ်တင်လေသည်။ ငလက်တိုကဘာမှ ပြန်မပြောဘဲ ကိုမဲဘူဘက်လှည့်ကာ—

"ကျွန်တော်တို့မှာ စပါးလှေပေါ်စောင့်၍အိပ်ပျော်နေခိုက်လှေကြိုးပြတ်ပြီး မျောပါသွားတာ အိပ်မော ကျနေ၍ မသိလိုက်ပါ၊မှောင်မိုက်ထဲတွင် ဘာနှင့်တိုက်မိသည်မသိ၊လှေပေါက်၍ ရေဝင်နစ်မြုပ်ကာမှ အိပ်ရာက နိုးပါသည်။ ဘာပစ္စည်းမှမယူနိုင်ဘဲ၊ အသက်ကိုလု၍ကူးခဲ့ကြရပါသည်။ငွေနှင့်တကွစပါးများပါ ရေဘွင်နစ်မြုပ်ဆုံးပါးရသဖြင့် ကုန်းလမ်းခရီးဖြင့် မြင်းခြံသို့ပြန်၍ ငွေများကိုယူကာ စပါးဖိုးပေးဆပ်ရန်လာပါသည်"ဟု အဖြစ်အပျက်ကို ပြောဆို၍ ငွေထုပ်ကို ထိုးအပ်လေသည်။

မခါကြီးက တရှုပ်ရှုပ်ငိုရင်း....

"ရှင်တို့ကလည်း အသက်ဘေးကသီသီကလေးလွတ်ခဲ့တယ်၊ ကျွန်မတို့မှာလည်း စပါးဖိုးငွေမကျေလို့လူကိုသိမ်းပိုက်ခံရဘယ်၊ ကောင်းနိုင်သေးရဲ့လား"ဟု တရှုပ်ရှုပ် ငိုယို ပြောဆိုလေရာ၊ ငလက်တိုက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်—

"ဘာ ဘာ ဘာ... လူကိုသိမ်းပိုက်တယ်ဟုတ်လား၊ ကျုပ်မခံဘူး....မခံဘူး၊ ပုသိမ်မြို့ဝန်ထံ ရောက်အောင်သွားပြီး တရားစွဲမယ်"ဟုပျာပျာသလဲပြောလေရာ၊မောင်မဲတူကစဉ်းစားသည်မှာသည်တစ်ခါတော့အရှက်တကွဲ အကျိုးနည်း ဖြစ်ကြတော့မည်။ တရားစွဲလျှင် သူများမယား ခိုးမှုဖြင့် ထောင်တန်း ကျရုံသာမက၊ ဒီရွာမှာ မနေရဲအောင် အရှက်ကွဲရတော့မည်။ သူတို့တစ်တွေလှေကြိုးပြတ်ကာ လှေနစ်မြုပ်၍ ဒုက္ခချည့် ရောက်သည့်ကြားက



www.burmeseclassic.com

www.burmeseclassic.com



စပါးဖိုးငွေ ပြေလည်အောင်ပေးဆပ်ရန် တခေါက်ပြန်လာသည့်အချက်မှာ သူတို့အတွက် အကွက်ကောင်းဖြစ်သည်။ ငါသာလျှင် မဆင်မခြင်၊ သူ့မယားကို စောင့်ရှောက်ထားရမည့် တာဝန်ရှိသည် အမှန်၊ ယခုလို သိမ်းပိုက်ထားကြောင်း တရားစွဲပြန်လျှင် အမှန်ပင် ငါရှုံးတော့မည်။ ထောင်တန်းလည်းကျ၊ မယားဖိုးအတွက် လျော်ငွေလည်း ပေးရဦးမည်။ သို့အတွက် အရပ်ကမသိခင် ခပ်မြန်မြန်ကျေအေးအောင် တောင်းပန်မှပဲဟုကြောက်လန့်တကြားနှင့် စေ့စပ်စကား ပြောဆိုလေသည်။ လက်တိုကအနိုင်စီး အခွင့်အရေးရသဖြင့် နောက်ဆုံးတွင် စပါးဖိုးငွေကို ပလပ်သည့်အပြင် မယားဖိုးအတွက် ငွေတစ်ပိဿာခြောက်ဆယ်ကျပ်ပါ ဆောင်း၍ ပေးလျော်လိုက်ရလေသည်။

ညီကလည်း မကျေးဥသည် ရွာသူကြီးကမတရားသိမ်းပိုက်ထား၍ သူ့မယားဖြစ်နေပြီဟု သတင်းကြားရသည်။ မကျေးဥရှိသည့်နေရာ အမြန်ပို့ပေးပါဟု တောင်းဆို ပြန်သောအခါ၊ မောင်မဲတူမှာ မနေသာတော့ဘဲ သူကြီးအိမ်သို့ လက်တို၊ ညီပါခေါ်၍သွားသည်။ သူကြီးကိုတွေ့လျှင် တိုးတိုးတိတ်တိတ် အိမ်ထဲမှာ ကျိတ်၍ အကျိုးအကြောင်း ပြောလေရာ၊ သူကြီးမှာလည်း မျက်လုံးမျက်ဆန်ပြူးလျက်လက်တိုနှင့်ညီကို ကျိတ်၍ တောင်းပန်ကာ မကျေးဥတွင် ဆင်ထားသော လက်ဝတ်လက်စားရွှေနှစ်ဆယ်သားနှင့်တကွ မယားဖိုးလျော်ငွေတစ်ပိဿာခြောက်ဆယ်ထပ်၍ဆောင်းကာ မကျေးဥကိုပါပြန်၍ထည့်လိုက်လေတော့သည်။

မကျေးဥသည်အဝတ်အစားများသိမ်းဆည်းရန်အိမ်ထဲသို့ဝင်သွားရင်း သူကြီးမင်းသက်ကြားအိုကို အမူပိုပိုနှင့်ပြောသည်မှာ....



"ကျွန်မက မလိုက်လိုပါ၊ အစ်ကိုကြီးကို မခွဲနိုင်ပါ၊ သို့သော်လည်း ကျွန်မ မလိုက်ဟုငြင်းလျှင် သူတို့တရားစွဲရင် အစ်ကိုကြီးအရှက်ကွဲ၍ မင်းပြစ်မင်းဒဏ်ထိမည့် အရေးကြောင့်သာ ကျွန်မလိုက်၍သွားရပါသည်။ ရွာကိုရောက်လျှင် တရားဝင်ဖြတ်စာတောင်းပြီး ကျွန်မ အရောက်ပြန်ခဲ့ပါမည်"

ဟု တရှုပ်ရှုပ်ငို၍ မျက်ရည်ယိုရင်း ပြောလေလျှင် သက်ကြားအို သူကြီးမင်း၏ အသည်းကို ကျွဲဝင်ခတ်သည့်နှယ် လက်တွင် ဝတ်ထားသော ကျောက်စိမ်းလက်စွပ်ကိုချွတ်၍ မကျေးဥကို ဝတ်ဆင်ပေးရင်း ကြီးတောင့် ကြီးမား ဆံဖြူ သွားကျိုးအရွယ် ရောက်ကာမှ အချစ်ရေးအတွက် မျက်ရည် ကျကာ အသည်းကွဲ၍ ကျန်ခဲ့ရှာတော့သတည်း။

## မောင်မောင်ဆင်နှင့် မောင်မောင်တုတ် မစောယုံနှင့် မစောငုံ

သူတို့လေးဦးသားမှာ မြောင်းမြမြို့သို့ သွားရောက်ကြပြီးခြံကြီးတစ်ခြံ၊ အိမ်တစ်လုံးနှင့် ရသမျှငွေကို ဖုံးဖုံးဖိဖိ ကျစ်ကျစ်လျစ်လျစ် သုံး၍ တစ်သက်လုံးအေးချမ်းစွာ နေပါတော့မည်ဟု စိတ်နှလုံး ဒုံးဒုံးချကာ ခပ်အေးအေး နေကြလေလည်။

မခါကြီးနှင့် မကျေးဥတို့မှာ မိန်းမသားများဖြစ်၍ ဝတ်ကောင်း စားလှ ဝတ်ကာ မော်မော်ကြွားကြွား သုံးကာဖြုန်းကာ နေလေသည်များကို လက်တိုက မြင်လေ့လျှင် သံဓေ့ ဆင်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်၍ ငါတို့သည် အောက်မြို့ကျေးရွာ ရှုံနှံ့ပွက်ပေါ်များရာ ဒေသသို့ ရောက်ရှိ၍လာခဲ့ကြသည်။ ငါတို့သည် အညာဒေသမှာ ပင်ပင်ပန်းပန်း လုပ်မစားလို၍ လိမ်ကာ၊ ညာကာ လှည့်ကာ ပတ်ကာ အေးအေးသာသာ ငွေရှာရတော့မည် အကြံနှင့် ရွာမှ ထွက်၍လာခဲ့သည်။ ညီနှင့် တွေ့ကာမှ နှစ်ယောက်ပေါင်းကာ ခပ်သွက်သွက် လိမ်ညာခဲ့ကြသည်။ မခါကြီး၊ မကျေးဥတို့နှင့် ပေါင်းမိပါမှ ပို၍ပင်ဆိုးကြသည်။ ငါဘဝသည် အေးအေး သာသာနေရသည်မရှိ၊ အလိမ်ပေါ်မှာစိုး၍ တထိတ်ထိတ်နှင့်



သာ နေခဲ့ရသည်။ အင်းဝမြို့မှ မင်းအမိန့်အာဏာနှင့် ငါတို့ကို လိုက်ရှာ၍ ပြန်မိကလည်း သေဒဏ်နှင့် မုချဆတ်ဆတ် တွေ့ရ ပေဦးမည်။ မိန်းမသားများမှာ ရှေ့ကြောင်း နောက်ကြောင်း မတွေး၊ မော်ဖို့၊ ကြွားဖို့၊ ပျော်ဖို့၊ ပါးဖို့ အရေးသာ တွေး၍ အိမ်မှာ မနား လှုပ်ရှားနေကြသည်။

ညီကို တိုင်ပင်၍ မခါကြီးနှင့် မကျေးဥတို့ကို အကျိုး အကြောင်း ထုံးဟောင်းသာဓကပြောပြ၍ ဆုံးမကြမှတော်မေ



မည်ဟု ပထမဆုံး ညီကိုတိုင်ပင်၍ မခါကြီးနှင့် မကျေးဥတို့ အား အကျိုးအကြောင်းပြောပြ ဆုံးမကြလေသည်။

မခါကြီးနှင့်မကျေးဥတို့မှာတစ်သက်လုံးက မည်သည့်အချုပ် အချယ်ကိုမျှမခံ၊ ကိုယ်ထင်ရာကိုယ်စိုင်း၍ လွတ်လပ်စွာ နေကြ သူများပီပီ သူတို့အား တရားလမ်းကြောင်းပြ၍ ဆုံးမသည် များမှာ နားထဲသို့ ငရဲမီး အလောင်းခံရသည့်ပမာ ပူလောင် လှ၍ ကက်ကက်လန်အောင် ပြန်၍ရန်တွေ့ကြလေသည်။ လေက် တို့ ညီတို့ကလည်း သည်မိန်းမနှစ်ယောက်ဟာ ဆုံးမ၍မနာခံ အလေ့ကျပေါက်သည့် အပင်ကဲ့သို့ ထင်ရာကိုစိုင်း၊ အရှက် အကြောက်မရှိ ရလာလျှင် ကိုယ်ပါအပ်၍ ချူဖို့၊ မြှူဖို့၊ နှပ်ဖို့ လောက်သာ အကြံအစည် ရှိသူများဖြစ်သည်။ သို့ဖြစ်၍ သည် မိန်းမများကို ဖြတ်စာပေး၍ ကွာရှင်းပြီးလျှင် သင့်တင့်အောင် ငွေကြေးပေးကာ ကွာရှင်းလိုက်တော့မည်ဟု ညီကို တိုင်ပင် လေသည်။

ကွာရှင်းရန် စကားဆိုသောအခါ မခါကြီးက....

"အောင်မယ်၊ကြီးကြီးကျယ်ကျယ် မင်းတို့ကိုများ စုံမက်လို့ ပေါင်းနေတယ် မထင်နဲ့.... သစ်မရခင် စပ်ကြားမို့ ဝါးကို ပေါင်းကွပ်တာပါ၊ ခိုးဆောင် လင်သား အဖြစ်နဲ့ မင်းတို့ကို ပေါင်းတာကွာချင်ကွာ၊ ရှင်းချင်ရှင်း၊ငွေရလျှင်ပြီးစတမ်းဟေ့"

ဤသို့ပင် မခါကြီးနှင့် မကျေးဥတို့သည် လေက်တို့ ညီတို့ ထံမှ ငွေထုပ်ကိုပိုက်ပြီးလျှင် ပုသိမ်မြို့သို့ ပြန်ကြ၍ မခါကြီးက ခမောင်မဲတူ၊ မကျေးဥက သူကြီးဦးဖိုးကြားထံသွား၍ ပေါင်း သင်းနေထိုင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လက်တို့ညီတို့သည် ငယ်နာမည်များကိုစွန့်ကာ လက်တို့မှာ ဆင်ဝန်မင်းသား မောင်မောင်တုတ် အမည်ခံ၍၊ ညီကလည်း မြင်းဝန်မင်းသား မောင်မောင်ဆင်အမည်ခံကာ ထီးမှူးနန်းဟာန် အမှုကြွယ်ကြွယ်ဖြင့် ထည်ထည်ဝါဝါ ဝတ်ဆင်ပြီး မြောင်းမြမြို့ရှိ သူဌေးကြီးတစ်ဦးအိမ်သို့ ဝင်ရောက် တည်းခိုကြလေသည်။

မိမိတို့မှာအင်းဝမြို့မှမင်းမှုထမ်း မင်းညီမင်းသားများဖြစ်ကြသည်။ မင်းခယောကျ်ား ကမ်းနားသစ်ပင် စိတ်က ထင်မိ၍ မင်းမှုထမ်းဘဝမှ နုတ်ထွက်လာပြီးအောက်ပြည်အောက်ရွာတွင် လယ်ယာချောင်းမြောင်းများ ဝယ်ယူ၍ အခြေချကာ နေလိုပါကြောင်း သူဌေးကြီးလင်မယားအား ပြောဆို၍ ပါလာသော ငွေထုပ်များကို အပ်နှံကာ မိမိတို့အား သားသမီးပမာ သဘောထား၍ စောင့်ရှောက်သွန်သင်ဆုံးမပါရန် ဝပ်တွားခယတောင်းပန်ကြသဖြင့် သူဌေးကြီးနှင့် သူဌေးကတော်တို့မှာ မောင်မောင်တုတ်နှင့် မောင်မောင်ဆင်တို့အား သားသမီးအရင်းပမာခင်မင်တွယ်တာ၍ နေရှာတော့သည်။

# လူပျိုလှည့်ခန်း

လက်တို့နှင့် ညီတို့သည် မြင်းဝန်မင်းသား မောင်မောင်ဆင်နှင့် ဆင်ဝန်မင်းသား မောင်မောင်တုတ်အဖြစ် မဟာဆန်ဆန်စကားများ ပြောကြား၍ ထည်ထည်ဝါဝါ နေထတ်လေသောကြောင့် မြောင်းမြမြို့တွင် သူဌေးကြီး၏သားများ အဖြစ် ဘုဖြည်းဖြည်း ထင်ရှားလာသည်။



တစ်နေ့၌ မစောယုံနှင့် မစောငုံ ညီအစ်မနှစ်ယောက်ကို မြောင်းမြဈေးထဲတွင် မောင်မောင်တုတ်မြင်သောအခါ မောင်မောင်ဆင်ကို ခေါ်၍ပြသည်။ မစောယုံ၊ မစောငုံ ညီအစ်မမှာ အလွန်ကျနသေသိက္ခာ ရှိလှသည်။ အသက်မှာ အစိတ် သုံးဆယ်လောက်သာ ရှိကြသည်။ မောင်မောင်တုတ်က ဤမိန်းကလေးများ၏သိက္ခာရှိလှသော အသွင်အပြင်ကြောင့် ငါတို့နှစ်ယောက်ကြံစည်လျှင် မကောင်းပေဘူးလားဟု တိုင်ပင်ရာ မောင်မောင်ဆင်က အစ်ကို သဘောကျလျှင် ကြံစည်ပါဟု ပြောဆိုသည်။

ဥပုသ်နေ့တစ်နေ့တွင် မစောယုံ၊ မစောငုံ ညီအစ်မရှိသည့် ဥပုသ်ဇရပ်တွင် မောင်မောင်ဆင်၊ မောင်မောင်တုတ်တို့ သီလယူကြပြီး မစောယုံ၊ မစောငုံတို့၏ အမေနှင့် တရားစကားပြောကြားလေသည်။ အမေကြီးမှာ အလွန် သဘောကျလေသည်။ မစောယုံက ဤလူနှစ်ယောက်မှာ တရားတော်ကိုပြောဆိုရာတွင် တတ်ကျွမ်းရည်မွန်လှသည်။ ငွေကြေးလည်း ပြည့်စုံ၍ လယ်ယာခြံမြေများကို များစွာဝယ်ယူသည်ဟု ကြားရသည်။ လူတော်လူကောင်းများ ဖြစ်သည်ဟု စိတ်ကတွေးလေသည်။

မစောငုံကလည်း ဤလူနှစ်ယောက်သည် ဆင်ဝန်မင်းသားနှင့် မြင်းဝန်မင်းသား ဖြစ်ကြသည်ဟု ကြားဖူးသည်။ ငါတို့ ညီအစ်မဈေးထွက်သောအခါ နေ့တိုင်းလိုပင်တစ်ယောက်ကိုတစ်ယောက် ပြ၍ ချောင်းမြောင်းကြည့်ရှုကြသည်။ ယနေ့လည်း ဥပုသ်ဇရပ်လာ၍ အမေ့အနားတွင် တရားစကားများ ပြောနေကြသည်မှာ သဘောရိုးမဟုတ်ဟု စိတ်ထဲက မှတ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တုတ်နှင့် မောင်မောင်ဆင်တို့က ဤမိန်းကလေးနှစ်ယောက်မှာသိက္ခာသမာဓိရှိကြ၍ တဖြည်းဖြည်းကြံစည်ရလိမ့်မည်ဟု တိုင်ပင်ကြလေသည်။

## ရွှေတိဂုံ ဘုရားဖူးရန် အသွား

တစ်နေ့တွင် မစောယုံတို့ သားအမိ သုံးယောက် ၎င်းတို့၏ဦးကြီး လှေသူကြီး၏ စပါးလှေကြုံနှင့် ရန်ကုန်သို့ သွားကြမည့်သတင်း ကြားရသောအခါ မောင်မောင်တုတ်နှင့် မောင်မောင်ဆင်လည်း သူဌေးကြီးထံ ရန်ကုန်သို့ ရွှေတိဂုံစေတီတော်မြတ်ကို ဖူးမြော်လိုကြောင်း ခွင့်တောင်းကာ အခြား စပါးလှေကြုံတစ်စီးနှင့် ဘုရားဖူးလိုက်သွားကြသေသည်။ မိမိတို့ စီးသည့် လှေမှ တက်မကိုင်ကို မောင်မောင်တုတ်က လာဘ်ထိုး၍ ရှေ့က လှေနှင့် မနီးမဝေးလိုက်ပေးပါ၊ သူတို့အိပ်သည့်ဆိပ်တွင် မနီးမဝေးကပ်၍ အိပ်ပေးပါဟု မှာကြားလေသည်။ ဤသို့ဖြင့် စပါးလှေနှစ်စင်း မနီးမဝေး လက်တစ်ကမ်းနှင့် သွားကြရာတွင် မောင်မောင်တုတ်၊ မောင်မောင်ဆင်တို့ မစောယုံ၊ မစောငုံညီအစ်မနှစ်ယောက် မြင်လောက်အောင် လူယောင်ပြ၍ပြ၍ နေကြသည်။

ညီအစ်မနှစ်ယောက်က သူတို့ကိုမြင်လျှင် ဤနှစ်ယောက်သည်တို့ ဈေးသွားတိုင်းလည်း သူဌေးကြီးအိမ်မှနေ၍ နေ့စဉ်ပင်ချောင်းမြောင်းကြည့်ရှုသည်။ ဥပုသ်ဇရပ်တွင်လည်း အမေ့ကိုအရေးတဝင်ပြုသည်။ ယခုလည်း ငါတို့ဘုရားဖူးသွားရာနောက်သို့ လှေတစ်စင်းနှင့်အတင်းလိုက်ပုံသည်။ ငါတို့ ဤရွှေပျက်လျှင်



လှေထိုးသားများ ကဲ့ရဲ့ကြလိမ့်မည်ဟု ပေါင်းမိုးထဲမှ မထွက်ဘဲနေလေသည်။

အမေကြီးကလည်း ဤနှစ်ယောက်သည် ငါ့ သမီးများကိုကြိုက်၍ လိုက်လာကြဟန်တူသည်။ ငါ့သမီးများက စည်းကမ်းကြီးကြ၍ သူတို့လိုက်လာသော်လည်း မြင်ရရုံပဲရှိမည်ဟု တွေးတောလေသည်။ သို့နှင့်ပင် ရန်ကုန် ဆိပ်ကမ်း ရောက်၍ ဘုရားဖူးတက်ကြလေသည်။

ရွှေတိဂုံဘုရားပေါ်သို့ ရောက်သောအခါ မောင်မောင်တုတ်သည်ရှေ့ကရောက်အောင်သွား၍ပန်းခိုင်များကိုတစ်ပွေ့တစ်ပိုက်ကြီးဝယ်ကာ လှေကားမှ တက်လာကြသော ဘုရားဖူးများကိုဝေငှလေသည်။ မစောယုံတို့ သားအမိသုံးယောက်ကိုလည်း ဝေငှသည်။ ဤသို့ဖြင့် ၄-၅ရက်ခန့် ဘုရားသို့တက်၍ ဘုရားဖူးကြသော်လည်း တစ်ဦးနှင့်တစ်ဦး စကားမျှ နှုတ်မဆက်ကြ၊ ရင်းနှီးမှုမရဘဲ ၄-၅ရက်အကြာတွင် ရန်ကုန်ဆိပ်ကမ်းမှ ခွာခဲ့ကြလေသည်။ မောင်မောင်တုတ်နှင့် မောင်မောင်ဆင်တို့ စီးနင်းသည့်လှေလည်း မလှမ်းမကမ်းမှပင် လိုက်လာသည်။

## မဟုတ်တာလုပ်မှ အောင်မြင်သူများ

သခွတ်ပင်ချောင်းအဟွင်းသို့ရောက်သောအခါ မိုးချုပ်ပြီဖြစ်၍ ကမ်းနှင့် မနီးမဝေးတွင် လှေနှစ်စင်းတွဲကာ ကျောက်ချ၍အိပ်ကြသည်။ မောင်မောင်တုတ်ခေါ် လက်တိုက ငါတို့ကိုတိုင်ပင်သည်မှာ တို့နှစ်ယောက် မဟုတ်တာလုပ်သမျှ အောင်မြင်သည်။ ကောင်းကောင်းမွန်မွန်ကြံစည်လျှင် မအောင်မြင်။ ယခု

www.burmeseclassic.com

www.burmeseclassic.com



လည်း မစောယုံနှင့် မစောငုံတို့ကို တကယ်ပင် ချစ်ခင်စုံမက်သဖြင့် လုံ့လစိုက်၍ ကြံစည်ပါသော်လည်း ငါတို့ကိုအဖက်လုပ်ဖော်မျှပင်မရ၊ စကားပင် တစ်ခွန်းမျှ ပြောခွင့်မရခဲ့။ သို့ဖြစ်၍ ငါတို့ အကျိုးပေးသန်သော ကလိမ်ဉာဏ်ဖြင့်ပင် ရအောင်ကြံစည်မှ အောင်မြင်မည်ဟု နှစ်ဦးသား တိုင်ပင်ထားကြသည်။

ညဉ့်နက်၍လာလေလျှင် ညိုက ရေထဲ တိတ်တဆိတ်ဆင်း၍ မစောယုံတို့လှေကို ပဲ့ကနေဖောက်လေသည်။ ရေအတော်ဝင်လာသောအခါ မိမိလှေပေါ်တက်၍ ပေါင်းထဲ၌ အိပ်နေလေသည်။

အတော်ကလေး ကြာသောအခါ ပဲ့ကရေဝင်သံကို လှေသူကြီးကြား၍ လှေထိုးသားများကို အတင်းနှိုးပြီး ရေပက်ကြလေသည်။ မစောယုံနှင့် မစောငုံတို့သည် လှေနစ်မှာကို ကြောက်၍ လက်တိုတို့လှေသို့ကူးလာကြပြီး အမေရေ လာပါလာပါဟု ခေါ်နေဆဲတွင် ညိုသည် လှေဦးက ကျောက်ကြိုးကို အမှတ်တမဲ့ဖြတ်လိုက်သောကြောင့်လှေသည် တစ်ဟုန်တည်းမျောသွားလေသည်။ မစောယုံတို့အမေမှာ ပေါင်းထဲကမတက်နိုင်၊ အော်ဟစ်၍သာနေသော်လည်း လှေထိုးသားများမှာ မိမိတို့လှေမနစ်ရအောင် သေရေးရှင်ရေးတမျှ ရေပက်၍နေကြသဖြင့် ဘာမျှမတတ်နိုင်ဘဲ ရှိကြလေသည်။

လက်တို ညိုတို့က မစောယုံနှင့် မစောငုံတို့ကို ပေါင်းမိုးထဲ၌ ကောင်းစွာနေရာပေး၍ မကြောက်ကြပါနှင့်၊ ထိုင်၍သာနေကြပါ၊ လှေမျောသည် ကမ်းသို့ကပ်ပါလိမ့်မည်။ ကမ်းသို့ရောက်သောအခါ အမေကြီးကို ကျွန်ုပ်တို့ရှာ၍ ပေးပါမည်ဟု ပြော၏။ လှေသူကြီးလည်း ခရီးအတော်ဝေးသောအခါ လှေကို



ဆောက်ချုံတွေ ပေါများသော လမုတောသို့ ကပ်လေသည်။ လက်တိုက အမေကြီးကိုရှာမည့်ဟန်နှင့် ကုန်းပေါ်သို့တက်မည်ပြုရာ ညိုက ကိုကိုမောင်မောင်စာတ် လမ်းလည်းမရှိ၊ အလွန်လည်း မှောင်မိုက်ပါသည်၊ အန္တရာယ်များလှပါသည်။ ခဏလေးကြာလျှင် အရုဏ်လာ၍ အလင်းရောင်ရမှ မစောယုံတို့ကိုပါခေါ်ပြီး တစ်ခါတည်း သွားပို့ကြတာပေါ့ဟု ပြောဆိုလေလျှင် မစောယုံ မစောငုံတို့ကလည်း ဤသူနှစ်ယောက်မှာ တို့အပေါ်အလွန်စေတနာ ထားကြသည်။ စိတ်ကောင်းလည်း ရှိကြသည်ဟု များစွာပင် ကျေးဇူးတင်နေကြလေသည်။ မောင်မောင်ဆင်မောင်မောင်တုတ်တို့က အရုဏ်မလာခင် ပေါင်းထဲတွင် တမှေးလောက်မှေးကြပါ။ သို့မဟုတ်ပါက အိပ်ရေးပျက်သည့်တွက်တာကြောင့် ခေါင်းခဲ၍ နေကြပါလိမ့်မည်ဟု ပြောလေသောအခါ ညီအစ်မနှစ်ယောက်မှာ သူတို့၏ထားရှိသော စေတနာကိုမပွင့်တပွင့် အပြုံးပန်းကလေးများဖြင့် နာခံကြလေသည်။

မောင်မောင်တုတ်က လှေသူကြီးကိုပဲ့စင်သို့ခေါ်၍ တိုးတိုးတိတ်တိတ် ကျိတ်၍ပြောသည်မှာ "ခင်ဗျားတို့ကျေးဇူးကြောင့် ကျွန်တော်တို့မှာနေရာကျဖို့နီးပါပြီ၊ နောက်ထပ်တစ်ရက်လောက်ဆိုင်းပါဦး၊ တစ်ရက်စာလှေခအတွက် ရက်ရက်ရောရော ပေးပါမည်"ဟု ဆိုလေလျှင် လှေသူကြီးက "တစ်ရက်မက ဘယ်နှစ်ရက်ပင်ဆိုင်းရ ဆိုင်းရ၊ ခင်ဗျားတို့ဟန်ကျနေလျှင် ကျေနပ်ပါပြီ။ သို့ပါသော်လည်း အရုဏ်တက်၍ အလင်းဘက် ကူးသောအခါ သူတို့လှေက လိုက်၍ရှာလျှင် ဤနေရာမှာ မြင်သာ၍တွေ့ကြလိမ့်မည်။ သို့ဖြစ်၍ အမေကြီးကို ရှာမည်ပြောကာ မြစ်မှုကို ခွာ၍ချောင်းကြားထဲသို့ ဝင်ထားရလျှင် ပို၍ ကောင်းသည်"ဟု လှေ

www.burmeseclassic.com

www.burmeseclassic.com



သူကြီးက အကြံပေးရာ "သင့်သလိုသာ စီမံပေတော့ ကျေးဇူးရှင်ကြီးခင်ဗျား" ဟု ရိုသေစွာပြောလျှင် လှေသူကြီးက သဘောကျ၍ နှစ်ယောက်သား ရယ်ကြတော့သည်။

နံနက်လင်းလျှင် အမေကြီးကိုရှာမည်ဟု လှေသူကြီးက ပြောကြားကာ ချောင်းအတွင်းသို့ဝင်၊ ရွာတစ်ရွာတွင် ဆိုက်ကပ်၍ ထားပြီးလျှင် ရေတက်ကိုစောင့်၍ထွက်ရမည်၊ ဤရွာမှာနာရီဝက်တစ်နာရီကြာမည်ဖြစ်၍ကုန်းပေါ်သို့တက်လိုလျှင်တက်ကြပါဟု ကြည်သာစွာပြောလေလျှင် မောင်မောင်တုတ်နှင့်မစောယုံတို့က ကုန်းပေါ်သို့တက်၍ စားစရာဝယ်မည်ဟုနှစ်ယောက်အတူကြည်ဖြူစွာသွားကြလေသည်။ မောင်မောင်ဆင်ကလည်း "သူတို့ နှစ်ယောက် တို့ကို ရှောင်ပေးသည်။ အခွင့်သာခိုက် လုံ့လစိုက်၍ ကြိုးစားလိုက်ရဦးမည်" ဟု စိတ်ထဲက ကြံကာ မစောငုံအနီးသို့ ချဉ်းကပ်သွားပြီး စကားစကိုရှာလေသည်။ မစောငုံကလည်း စိတ်ထဲက တွေးသည်မှာ မောင်မောင်တုတ်နှင့် မစောယုံ နှစ်ယောက်တွဲ၍ သွားကြသည်မှာ သူတို့ချင်းရည်ငံ နေကြဟန်ရှိသည်။ ငါနှင့်မောင်မောင်ဆင် စကားပြောရန် တမင်ရှောင်၍ ပေးကြဟန်လည်း တူသည်။ မောင်မောင်ဆင်ကလည်း လောကွတ်ပျူငှာစကားစ၍လာသည်ဟု စိတ်ထဲကကြံပြီးလျှင် မောင်မောင်ဆင်၏ စကားအလာကို ချိုသာစွာ ပြန်ပြောရင်း နှစ်ယောက်သားမှာ စိတ်ထဲက ကြည်နူးနေကြတော့သည်။

လှေသူကြီးက မစောယုံတို့ ဦးကြီးဖေလှကို လှေထိုးသားတစ်ယောက်အား စုံစမ်းခိုင်းထားရာမှ ထိုလှေထိုးသား ပြန်လာပြီးနောက် မစောယုံတို့ ဦးကြီးလှေသည် ကမ်းနားတစ်လျှောက်



လှူးလာခေါက်ရှာနေရာမှ မတွေ့တော့သည့်အဆုံး မြောင်းမြသို့ ပြန်၍သွားပြီဖြစ်ကြောင်းသတင်းပို့သဖြင့် တစ်ကြောင်း၊ လက်တို့နှင့် ညိုတို့မှာ မစောယုံ၊ မစောငုံတို့နှင့် အတန်ပင် ဟန်ကျနေပြီ တွေ့ရ၍ဘစ်ကြောင်း၊ မစောယုံတို့ ဦးကြီးလှေကို အမီလိုက်ရန်အတွက်လည်းကောင်း၊ ချောင်းကြားမှထွက်ကာလှေထိုးသားများအား အပြင်းလှော်စေ၍ မစောယုံတို့ဦးကြီးလှေ ဆိပ်ကမ်းတစ်ခုတွင် ညဉ့်အိပ်ရန်ဆိုက်ကပ်ထားသည်ကို တွေ့ရသော်လည်း မမြင်ဟန်ဆောင်ကာ ဤနေရာမှာမနားတော့ဘဲရှေ့သို့ဆက်၍ လက်ထွက်ခွာသွားရာမှ မြောင်းမြသို့အလျှင်ရောက်နှင့်နေသည်။

နောက်မှလှေသည် အချိန်အတန်ငယ်ကြာမှ ရောက်၍လာလေရာ၊ မစောယုံ၊ မစောငုံတို့က အမေ့ကို နှစ်ယောက်တွဲပြီး၊ ကုန်းပေါ်သို့တင်ခဲ့ကြသည်။ အမေကငိုယိုကာ စိုးရိမ်ပူပန်ရသည့်အကြောင်း ပြောနေဆဲမှာပင် မစောယုံ၊ မစောငုံတို့က မောင်မောင်တုတ်နှင့် မောင်မောင်ဆင်တို့က နှမအရင်းသဖွယ် ကြည့်ရှုစောင့်ရှောက်ကျေးမွေး၍ ဂရုတစိုက်ပြုမူပုံများနှင့် အမေ့ကိုရှာရန် ကုန်းပေါ်သို့အတက် ရွှံ့ဗွက်တွေနှင်းမိလိုနှင်းမိ၊ ချောလဲလိုလဲနှင့် နှစ်ယောက်သားမှာ အမေ့အတွက်သောကအလွန်ရောက်ကြရှာပါသည်။ အမေတို့လှေကိုရှာရာမှ ကမ်းနားကလှေများက အမေတို့လှေ သွားနှင့်ပြီဆိုသဖြင့် ကျွန်မတို့လည်း မြောင်းမြရောက်အောင် လာခဲ့ရပါသည်ဟု သမက်လောင်းများအပေါ် မိခင်ကြီး စေတနာသက်ရောက်လာအောင် မစောယုံနှင့်မစောငုံတို့က သာသာထိုးထိုးနှင့် ပြောဆိုကြလေသဖြင့် အမေမှာခေါင်း တညိတ်ညိတ်နှင့် မောင်မင်းကြီးသားများ အပေါ် ကျေးဇူးတင်၍နေလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## တစ်လွှန်းတင်တော့ နှစ်လွှန်းတင်

ပုသိမ်မြို့က မောင်မဲဘူ၊ မခါကြီးနှင့် မကျေးဥတို့ ရန်ကုန်ဘုရားဖူးအပြန် မြောင်းမြရှိမောင်မဲဘူ၏ အစ်မတော်သူ မစောယုံတို့ အမေထံ၌ တည်းခိုနေလေသည်။

သူဌေးကြီးအိမ်၌လည်း လေက်တို၊ ညိုတို့က တိုင်ပင်နေကြသည်။ မစောယုံ၊မစောငုံ နှစ်ယောက်စလုံးပင် စိတ်ညွှတ်သည်မှာ မသေချာ၍ မိဘသဖွယ်ဖြစ်သော သူဌေးကြီးအားညီ့အစ်မနှစ်ယောက်စလုံးကို တောင်းရမ်း ပြောဆိုပေးရန် တောင်းပန်ကြလေသည်။ သူဌေးကြီးလည်း သားသမီးအရင်းတမျှ ချစ်ကြသည်ဖြစ်၍ မစောယုံတို့အမေထံ ကြိုတင်ဆွေးနွေးပြီး လူကြီးစုံရာနှင့် စေ့စပ်ကြောင်းလမ်းရန် လာမည့်ရက်ကို သတ်မှတ်လိုက်ကြသည်။

မောင်မဲဘူ၊မခါကြီး၊ မကျေးဥတို့ပုသိမ်သို့ပြန်ကြမည်ဟုနှုတ်ဆက်ရာ မစောယုံအမေက "မင်းတူမများကို ဆင်ဝန်မင်းသားနှင့် မြင်းဝန်မင်းသားတို့က နက်ဖြန်တွင် တောင်းရမ်းရန် လာကြလိမ့်မည်။ တစ်နေ့တာ ဆိုင်းငံ့ပါ" ဟု ပြောဆိုသဖြင့် ပြန်မည့်ရက် ရွှေ့ဆိုင်းလိုက်လေသည်။

နောက်တစ်နေ့တွင်သူဌေးကြီးခေါင်းဆောင်၍ရပ်ရွာလူကြီး ၄၊ ၅ယောက်နှင့် မောင်မောင်ဆင်၊ မောင်မောင်တုတ်တို့ လာ



ကြလေသည်။ ကွမ်းဆေးလက်ဖက်များနှင့် ညှော်ခံနေရသော ဘိုမဲဘူ၊မခါကြီးနှင့် မကျေးဥတို့ကို မြင်လေလျှင် မောင်မောင်တုတ်၊ မောင်မောင်ဆင်တို့မှာ နေရာကျမည့်ဆဲဆဲ မိမိတို့ အကြံပျက်ရပေတော့မည်ဟု စိုးရိမ် ထိတ်လန့်နေကြသည်။ ညိုက လေက်တိုကို တိုးတိုးကျိတ်၍ ပြောသည်မှာ "မကြောက်ပါနှင့် သူငယ်ချင်း၊ဒင်းတို့က တို့ အကြောင်း ဖော်လျှင် သူတို့ကောဒီအခြေအနေနဲ့ နေလို့ရဦးမှာလား၊ မဲဘူကိုမယားခိုးဖြစ်အောင် ကြံကြသေးတာပေါ့၊သူတို့က ဖော်ဝံ့ရင် လက်ဖွဲ့နဲ့ လက်မည်းသည်တစ်ပွဲမှာအကဲစမ်းကြသေးတာပေါ့"ဟုပြောဆိုလေသည်။

မကျေးဥကလည်း မခါကြီးနားသို့ ကပ်ကာ တိုးတိုး ပြောသည်မှာ "လေက်တိုနဲ့ညို မြောင်းမြမှာ လူပျို လုပ်နေသကိုး၊ သူတို့မကောင်းတဲ့ အကြောင်းစုံကို မစောယုံတို့ ညီအစ်မ သိရအောင် ဖော်ပြောလိုက်ရင် မကောင်းဘူးလား"ဟု တိုင်ပင်လေသည်။မခါကြီးက "တိတ်တိတ်သာနေပါအေ၊ သူတို့ အကြောင်းတို့ဖော်လို့ သည်ပွဲပျက်ရင် တို့ကို ရန်သူကြီးလုပ်ပြီး အကောက်ကြံကြဦးမှာ"ဟု ပြောလေသည်။

မောင်မဲဘူကလည်း လေက်တိုနှင့် ညိုကိုမြင်လျှင်၊မယားခိုးထပ်၍ စွဲမှာ ကြောက်ရွာလေသောကြောင့် မခါကြီးထံသွား၍ တိုင်ပင်ပြန်သည်။ မခါကြီးက အားပေးမှ မောင်မဲဘူမှာ စိတ်ချေအး၍ သွားလေသည်။

လေက်တိုညိုတို့သည်လည်း မခါကြီး၊မကျေးဥနှင့်မောင်မဲဘူတို့အကဲကိုကြည့်ရှု၍နေရာ သုံးယောက်သား ခေါင်း ချင်းဆိုင်

www.burmeseclassic.com



ကာ တိုးတိုးကျိတ်နေကြသည်ကို မြင်သဖြင့် ထိတ်လန့်မိကြလေသည်။ သို့ဖြစ်၍ ညိုလည်း မခါကြီးကို ခပ်တိုးတိုးလှမ်း၍....

"အို....အစ်မ ကျွန်တော်မြင်ဖူးပါတယ်၊ ပုသိမ်ကပဲသား၊ မျက်နှာချင်း ရင်းနှီးလို့ မိတ်ဆွေရင်းလို အောက်မေ့ပါသည်။ ကျွန်တော်အိမ်သို့ လာလည်ကြပါ"ဟု ဖိတ်ကြားလေသည်။ မခါကြီးကလည်း "ဟုတ်ပါရဲ့ မောင်လေး ပုသိမ်သူအစစ် ဖြစ်ပါသည်။ ရန်ကုန်ကို ဘုရားဖူးသွားရင်း အစ်မရဲ့ ခင်ပွန်းက သူ့ဆွေမျိုးများကို ဝင်ချင်တယ်ဆိုလို့ ရောက်လာတာပါ၊ နက်ဖြန်ကို ပြန်မှာမို့ မောင်လေးတို့အိမ်ကို လည်ချိန်မရပါ"ဟု ပြောလေသည်။

ညိုက "အို....မြန်လှချည့်အစ်မရယ်၊ ကျွန်တော်တို့ ကိစ္စအောင်မြင်အောင် စောင်မဖို့ နေကြပါဦးလား။ ကျွန်တော်တို့ ကိစ္စအောင်မြင်ရင် အစ်မကို ကျေနပ်အောင် ကန်တော့ပါမည်"

မခါကြီးက လူပါးချင်းမို့ ရိပ်မိလိုက်သည်။ သူတို့စပ်ကြားပွဲစားကြီးလုပ်ပြီး၊ ငွေညှစ်လိုက်ဦးမည်ဟု စိတ်ကကြံကာ၊ "မောင်လေးတို့အိမ် လာပါဦးမယ်"ဟု ထိုးတိုးအဖြေပေးလိုက်သည်။

ထိုနေ့ညတွင် မခါကြီး ညိုတို့အိမ်လာ၍ ပွဲခကို တောင်းလေသည်။ ညိုက နက်ဖြန်ည သည်အချိန် သည်အိမ်ကို လာခဲ့ပါဟု မှာကြားလိုက်သည်။ နက်ဖြန်ရောက်သောအခါ မခါကြီးအား ငွေပြားအခေါင်းလုပ်၍ ခဲရည်ကို လောင်းပြီး ငါးဆယ်သားငွေခွက်သဏ္ဍာန် မခါကြီးကို ပေးလိုက်လေသည်။ မစောယုံ၏ဆွေမျိုးများက တစ်နှစ်တည်းညီအစ်မနှစ်ယောက်ကိုညီအစ်ကို



နှစ်ယောက်နှင့် နှစ်မင်္ဂလာ မလုပ်ဆိုက်ကြောင်း တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုကြလေရာ၊ မခါကြီးက ညိုထံမှရသောငွေမျက်နှာကြောင့် စကားကြွယ်ကြွယ် ဥပမာအသွယ်သွယ်နှင့် နှစ်မင်္ဂလာ ကိစ္စမှာ စရိတ်လည်း သက်သာ၊ လူများလည်း မပင်ပန်းကြရအောင် တစ်ကြိမ်တည်းသာ နှစ်မင်္ဂလာ လုပ်ပါတော့ဟု တိုက်တွန်းပြောဆိုလေသည်။ ထို့ကြောင့်ပင် မင်္ဂလာပွဲကြီးမှာ ခြိမ့်ခြိမ့်သည်းနှင့် ပြီးစီးကြလေသည်။

ဆယ်ရက်ခန့်ရှိသောအခါ မခါကြီးနှင့် မကျေးဥတို့ ပုသိမ်သို့ ပြန်မည်ဟု မြောင်းမြစျေးတွင် ဝယ်စရာရှိ၍ ဝယ်ကြရာ၊ ညိုပေးလိုက်သော ငါးဆယ်သား ငွေခွက်ကို ဆိုင်ရှင်အားပေးလေရာ၊ ဆိုင်ရှင်က ကျသင့်ငွေ ၅-ကျပ်သားကို ဖြတ်တောက်၍ ယူကြည့်ရာ အထဲမှ ခဲလုံးများ ပေါ်၍လာလေသည်။ မခါကြီးက စိတ်အလွန်ဆိုး၍ လေက်တို့နှင့် ညိုတို့ဖြစ်ကြောင်းကို ဖော်တော့မည်ဟုဆိုလေလျှင်မကျေးဥက "ဒေါ်သ ရှေ့မထားပါနှင့်၊ လက်ဖွဲ့နှင့်လက်မည်း အကဲစမ်းကြသေးတာပေါ့"ဟု ချော့မော့၍ ခေါ်ခဲ့လေသည်။

မကျေးဥသည် ဆောက်ဖြတ်ထားသောငွေခွက်ကို သေချာအောင် ပြန်၍ဆက်၊ ညနေစောင်း မောင်မောင်တုတ် မရှိသည့်အချိန်တွင် မစောယုံထံသွား၍ ပုသိမ်မြို့သို့ ပြန်မည့်အကြောင်း နှုတ်ဆက်ရန်လာပါသည်ဟု စကားချီပြီးလျှင် "မစောယုံ လက်ကောက်ကလေးက လှလိုက်တာ၊ ဘယ်လောက်များ ကုန်ကျပါသလဲ"ဟု အကဲစမ်း၍ မေးလေသည်။ ရိုးသားလှသော မစောယုံက "ငွေ ၄၀ိ သာသာ ကျပါသည်" ဆိုသောအခါ



www.burmeseclassic.com

www.burmeseclassic.com



မကျေးဥက "ကျွန်မတို့မှာ နက်ဖြန်ကို ပြန်ရမည်ဖြစ်၍ ဤလက်ကောက် ကျွန်မကို ရောင်းပါ"ဟု ငါးဆယ်သား ငွေခွက်ကို ထုတ်ပြီး "အသစ်လုပ်၍ယူပါ၊ ပိုလျှံသောငွေကိုလည်း ကျွန်မကို ပြန်မပေးပါနှင့်တော့"ဟု ဆိုသဖြင့် မစောယုံက ငွေတစ်ဆယ်နီးပါး မြတ်သေးသည်။ ပေးလိုက်ရမည့်သူလည်း ဖြစ်သည်ဟု စိတ်ကူးကာ လက်ကောက်ချွတ်ပေးပြီး ငါးဆယ်သားငွေခွက်ကို သိမ်းဆည်းထားလိုက်သည်။

မောင်မောင်တုတ်ပြန်လာသည့်အခါ၊ လက်ကောက်ကိုမမြင်၍ မေးလေလျှင် မကျေးဥကလိုချင်၍ ငွေ ငါးဆယ်ခွက်ပေး၍ ယူသွားကြောင်း သိလေလျှင် လက်တို့မှာ ငွေကိုတောင်း၍ ကြည့်သည်။ မိမိတို့ ခဲလေးဆယ်ကို ငွေတစ်ဆယ်ဖုံး၍ လုပ်ထားသော ငွေခွက်မှန်း သိလေသည်။ မစောယုံ ရိပ်မိမည်စိုး၍ ငွေခွက်အကောင်းနှင့် မသိမသာ လဲယူထားလိုက်လေသည်။

မောင်မောင်ဆင် အပြင်ဘက်မှ ပြန်လာသောအခါ၊ ငွေငါးဆယ်နှင့် မစောယုံ လက်ကောက်အကြောင်း သိရလေလျှင် မောင်မောင်ဆင်မှာဒေါသထွက်၍ "ပုံလေတဲ့ငှက်ခါးနားကာမှ သိစေမည်"ဟု ကြိမ်းဝါးလိုက်လေသည်။

## တစ်လုံးပေါ် နှစ်လုံးဆင့်

လက်တို့နှင့်ညီတို့သည် ခေါင်းတုံးပေါ်ထိပ်ကွက်သည်ကို မခံချင်သော စိတ်နှင့် ကျိတ်၍ တိုင်ပင်ကြပြီး၊ မစောယုံနှင့် မစောငုံတို့ကို စပါးဝယ်ရန် သွားမည်ဟု အကြောင်းပြကာ ပုသိမ်မြို့သို့ လှေကြုံနှင့်လိုက်လာ၍ မခါကြီးတို့အိမ်တွင် တည်းခိုနေသည်။



မောင်မဲတူသည် မယားခိုးစွဲမှာကြောက်လှ၍ လောကွတ်ချော့ပြုစုရှာသည်။ မခါကြီးမှာမူကား အရေးမစိုက် ဣန္ဒြေမပျက်နေကာ နောက်ဖေးပေါက်မှ ဆင်းသွားပြီး မကျေးဥထံသွား၍ လက်တို၊ ညီတို့လာကြသည်။ ဘာအကြံအစည်ရှိသည်မသိ၊ သတိနှင့်နေရန် ပြောကြားလေသည်။

မခါကြီးမရှိခိုက် မောင်မဲဘူက လက်တို့နှင့် ညီအား "ဘာကိစ္စနဲ့ လာကြပါသလဲ"ဟု ရိုသေစွာမေးလေလျှင် ကိစ္စအထူးအထွေမရှိပါ၊ မကျေးဥကို တွေ့ရန်သာ လာကြပါသည်ဟု ပြောသဖြင့် မောင်မဲဘူမှာ ပို၍ ထိတ်ထိတ်ပျာပျာဖြစ်ရရှာလေသည်။

မောင်မဲတူမှာ စိုးရိမ်စိတ်ကြီးစွာဖြင့် ကိစ္စရှိလျှင် ကျွန်တော့ကိုသာပြောပါ ဆောင်ရွက်ပေးပါမည်ဟုဆိုလေလျှင် လက်တိုနှင့် ညီက မောင်မဲတူနှင့် တစ်ခါတည်း ကိစ္စပြီးအောင် လုပ်တော့မည်ဟု စိတ်ကူး၍ လက်တိုက "မကျေးဥသည် ကျွန်ုပ်မရှိခိုက် ကျွန်ုပ်အိမ်ကို အလည်လာရင်း မစောယုံ အိပ်ရာအောက်မှ ရွှေလက်ကောက်များ ခိုးယူသွားသဖြင့် မကျေးဥထံ တွေ့ကြရန်လာပါသည်"ဟု ခပ်တည်တည်ပြောလေရာ၊ မောင်မဲတူမှာ ပျာပျာသလဲ အရှက်တွေကွဲတော့မည်ဟု တွေး၍ ကြောက်ကာ "ဤကိစ္စမှာ ကျွန်တော်နှင့် ပြီးပါလျှင် ယခုပင် ဆောင်ရွက်၍ ပေးပါမည်။ ထိုလက်ကောက်အတွက် ငွေမည်မျှကုန်ကျသည်ကိုသာ သိပါရစေ"ဟု ဆိုလေလျှင်၊ လက်တို၊ ညီက "ငွေတစ်ပိဿာရမှ ကျေနပ်နိုင်မည်"ဟု ဆိုလေလျှင် မောင်မဲတူက ဆောလျင်စွာ ငွေတစ်ပိဿာထုတ်ပေး၍ "ကျေအေးပါတော့ အစ်ကိုတို့"ဟု တောင်းပန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်တို၊ ငှညိုက ငွေတစ်ပိဿာရပြီးလျှင် တော်လောက်ပြီဟု ငွေတစ်ပိဿာကိုယူ၍ မြောင်းမြမြို့သို့ ပြန်လေသည်။ မခါကြီးပြန်လာ၍ မောင်မဲတူက အကြောင်းစုံပြောသည့်အခါ မခါကြီးမှာ ဒေါသတွေဖြာဝေ၍ ခံရလေခြင်းဟု ကြိတ်မနိုင်ခဲမရ ဖြစ်ရတော့သည်။

လက်တိုနှင့် ငညိုတိုင်ပင်ကြသည်မှာ "တို့ရှိသည့်ငွေကြေးကို ထိုင်စားသည်နှင့်မပြီးသေး။ မယားကလေးတွေက ငယ်ငယ်နှင့် ထည်ထည်ဝါဝါထားနိုင်အောင်ငွေရှာဦးမှဖြစ်မည်၊ မြောင်းမြက စပါးဝယ်ပြီးရန်ကုန်သို့သွားရောင်းရလျှင်ကောင်းလိမ့်မည်ထင်သည်"ဟု ကြံစည်ပြီး၊ မစောယုံနှင့်မစောငုံတို့ကို တိုင်ပင်၍ စပါးလှေတစ်စင်းနှင့် ရန်ကုန်ဆင်းရန် စပါးဝယ် ထွက်ကြလေသည်။ မခါကြီးသည် ငွေတစ်ပိဿာကိစ္စတွင် အလွန်ပင်မခံချင်သည်။ မခါကြီးသည် ငွေတစ်ပိဿာကိစ္စတွင် အလွန်ပင်မခံချင်လှသောကြောင့် အကွက်ကိုစောင့်၍ မြောင်းမြမြို့မှ သတင်းကို စနည်းနာနေစဉ် လက်တိုနှင့် ငညို ရန်ကုန်သို့ စပါးရောင်းသွားရန်စပါးများလိုက်လံဝယ်နေကြကြောင်း သတင်းကိုရသည်နှင့် မကျေးဥကိုပါခေါ်ပြီး မြောင်းမြသို့ လာကြလေသည်။

မြောင်းမြသို့ ရောက်လျှင် မစောယုံတို့အိမ်မှာ တည်းခို၍ လမ်းတွင် မောင်မောင်ဆင်နှင့် မောင်မောင်ထုတ်တို့ကို တွေ့ခဲ့သဖြင့် စာတစ်စောင်ပါးလိုက်ကြောင်းဖြင့် စာကိုပေးလေသည်။

စပါးဝယ်ရာတွင် လှေမပြည့်ဘဲငွေကုန်သွားသဖြင့် လှေပြည့်အောင် စပါးတင်လို၍ မမခါတို့နှင့် ငွေတစ်ပိဿာပေးလိုက်ပါရန်ဟူ၍ ပါရှိသည်။ မစောယုံလည်း ဦးလေး၏ဇနီး မိမိဘက်မှ ဆွေမျိုးဖြစ်သဖြင့် ယုံကြည်၍ ငွေတစ်ပိဿာကို အလွယ်တကူ ပေးလိုက်လေသည်။



မခါကြီးနှင့် မကျေးဥတို့သည်လည်း လှေငှား၍ ပုသိမ်ကအပြန် လက်တို၊ ငညိုတို့ စပါးတင်သောလှေကိုမြင်သဖြင့် မခါကြီးက မြစ်လယ်မှနေ၍ "ဟေ့....လက်တိုနဲ့ငညို မင်းမယားဆီက ငွေတစ်ပိဿာ ငါယူလာခဲ့သည်၊ နောက်ထပ်လိမ့်ဖို့ မကြိုးစားနဲ့၊ ဒီတစ်ခါဆို မင်းတို့အကြောင်းတွေ ငါအကုန်ဖော်တော့မယ်"ဟု အော်ဟစ်ကာသွားသဖြင့် လက်တိုနှင့် ငညိုတို့လည်း စပါးတင်၍ အိမ်သို့ပြန်အရောက်တွင် မစောယုံထံ စုံစမ်းရာ "မောင်မောင်တို့မှာ၍ငွေတစ်ပိဿာပေးလိုက်သည်ရပါရဲ့လား" ဟု ပြောသဖြင့် လက်တိုက မှိုချသွားဖြဲ ပြုံးရင်း "ရပါတယ်ဗျာ....ရပါတယ်ဗျာ"ဟု အဖြေပေးလိုက်လေသတည်း။

## ပျံလေသည့်ငှက်ခါး နာမိ၍ ထိမှန်ခြင်း

မောင်မောင်တုတ် မောင်မောင်ဆင်တို့ကမခါကြီး၊ မကျေးဥတို့ ငွေတစ်ပိဿာယူသွားသည့်ကိစ္စတွင် ဘဝင်မကျသော်လည်း မစောယုံတို့သိလျှင် နောက်ကြောင်းတွေပေါ်မည် စိုးသောကြောင့် ကြိတ်မှိတ်၍ခံကာ၊ သည်တစ်ပိဿာကို ပြန်ရအောင် ကြံဦးမည်ဟု စိတ်ကူး၍ထားကြပြီး ရန်ကုန်မြို့သို့ စပါးများရောင်းရန် ထွက်ခွာ၍ သွားကြသည်။

ရန်ကုန်မှအပြန် မြောင်းမြသို့ တစ်ဖန်ဝင်ပြီး တစ်လ ကိုးသီတင်းနားနေကာ၊ နောက်တစ်ခေါက် ပြန်တက်ရန် ပုသိမ်နယ်ဘက်သို့ စပါးဝယ် ထွက်ကြပြန်သည်။

မောင်မောင်တုတ်နှင့် မောင်မောင်ဆင်တို့မှာ ပုသိမ်နယ်တစ်ဝိုက်စပါးဝယ်ရန် လိုက်ကြရာတွင် ဈေးသက်သာသည့်နေရာ

www.burmeseclassic.com

www.burmeseclassic.com



များကို ရှာကြံဝယ်ယူကြသဖြင့် ချောင်းကြိုချောင်းကြားမကျန် ရောက်ကြလေသည်။

ထိုစဉ်အခိုက် မောင်မောင်တုတ်ဇနီး မစောယုံမှာ မိန်းမတို့ ဓမ္မတာ သွေးလေမမှန်ရာမှစ၍ ဝေဒနာ စွဲကပ် သမားတော် ဆရာမြတ်တို့ကို ပင့်ခေါ်ကုသပါသော်လည်း ရောဂါ ပြင်းထန် သေမင်းနှင့်ရင်ဆိုင် အနိုင်လုရမည့် အခြေသို့ ဆိုက်ရောက်လာတော့သည်။ မစောယုံ အခြေမလှ၍ မောင်မောင်တုတ်၊ မောင်မောင်ဆင်တို့ ရောက်မည်ထင်သည့်နေရာ လူကြုံနှင့်စာပေး၊ လူလွှတ်၍ ရှာစေသော်လည်း ဘယ်မှာမှမတွေ့၊ မစောယုံခမျာမှာ မရဏာသေမင်းလက်သို့ သက်ဆင်းရရှာတော့သည်။

မစောယုံ အလောင်းကို မောင်မောင်တုတ်ပြန်လာမှ သင်္ဂြိုဟ်မည်ဟု ရပ်နီးရပ်ဝေး စာပေး၍ထားရာ ပုသိမ်မြို့မှ မောင်မဲတူထံသို့လည်း စာရောက်၍လာသဖြင့် တူမအရင်းခေါက်ခေါက် တစ်ယောက် ကြေပြုန်း သေဆုံးသည့်ကိစ္စတွင် မသွားလျှင် မဖြစ်၊ မခါကြီးကိုခေါ်ကာ သူကြီးနှင့်တမ်ကွ မကျေးဥပါ အပါခေါ် ပြီးလျှင် မြောင်းမြသို့ သွားရောက်ကြလေသည်။

မောင်မောင်တုတ်၊ မောင်မောင်ဆင် တို့လည်း ချောင်းကြိုချောင်းကြားမှ စပါးများ ဝယ်ယူပြီး အပြန် ပုသိမ်မြို့သို့ ဝင်၍ မခါကြီးတို့ထံမှ ငွေတစ်ပိဿာပြန်ရအောင်ကြံဦးမည်ဟု မခါကြီးတို့အိမ်ဆိပ်သို့ လှေဝင်၍ ဆိုက်လေသည်။ အိမ်တံခါးကို ပိတ်သော့ခလောက်ချိတ်၍ထားသဖြင့် အနီးအနားတွင် စုံစမ်းရာ၊ မြောင်းမြမြို့မှတူမတစ်ယောက်ဆုံး၍တစ်အိမ်လုံးသွားကြသည်ဟု



ပြောလေရာ၊ မောင်မောင်တုတ်၊ မောင်မောင်ဆင် နှစ်ယောက် စလုံးမှာ ထိတ်ထိတ်ပျာပျာဖြစ်၍သွားကြသည်။

သေချာအောင်ထပ်မံစုံစမ်းသောအခါ အသေအချာမသိရ၊ ယမန်နှစ်က မင်္ဂလာဆောင်ခဲ့သည့် ညီအစ်မ နှစ်ယောက်ထဲမှ တစ်ယောက်ပင်ဖြစ်သည်ဟုသာ သိရလေရာ၊နှစ်ယောက်စလုံးပင် အပူလုံးကြွ သောကတွေ ရင်ဝယ်ပိုက်လျက် မြောင်းမြမြို့ အရောက် ခရီးတစ်ထောက်မနား အပြင်း လှော်ခတ်သွားကြသည်။ မြောင်းမြဆိပ်ကမ်းသို့ ရောက်လေလျှင် မစောယုံ သေကြောင်း သိရသဖြင့် မောင်မောင်ဆင် စိတ်အေးရသလောက် မောင်မောင်တုတ်မှာ မရှက်နိုင် မကြောက်နိုင်ဘဲ ရင်ထု၍ ငိုယိုလူးလှိမ့်ကာ အပူကြီး ပူရလေသတည်း။

ဈာပနကိစ္စ ခမ်းနားစွာ သင်္ဂြိုဟ်ပြီးသော်လည်း အပူမီး မအေးနိုင်။သောကတွေ လှိုင်ပြီးလျှင် ထိုင်ရာလည်း သူ့စိတ်၊ အိပ်ရာလည်း သူ့မျက်နှာ၊ စားပြန်ပါလည်း သူ့စကားကြားယောင်၍နေသဖြင့် နေမထိထိုင်မသာ လပေါင်း အတော်ကြာသော်လည်း ဖြေဆည်၍ မရဘဲ ရှိလေသည်။

တစ်လမှ နှစ်လသုံးလသို့အကူး မယားရှူး မောင်မောင်တုတ်သည်အဟုတ်ပင်မနေတတ်၊ခြောက်ကပ်ကပ်ဖြစ်အင်၊သူ့ကိုယ်သဆင်ခြင်လျှင် သွားလေသူအတွက် ရတက်ပွေလျှင်လည်း လက်ိုမျှော်မှန်း ဖမ်းချင်သည့်သူလို သောကတွေ ပိုရှိသာရှိတော့မည်။ သွားလေသူ ပြန်မလာမှန်း သိလျက်နှင့် ဘယ့်အတွက်သောကပွားရမည်နည်းဟု ကိုယ့်ကိုယ်ကို တရားချကာ မယားအလွမ်းသော့ဆံတောက်အသစ်တစ်ယောက်ရမှသာ သည်သောကအေးနိုင်မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိလေရာ၊အိမ်တွင်းတွင် ကုပ်နေရာမှ ဝတ်ကောင်းစားလှ ဝတ်ကာ ကြည့်ရှု ထွက်လေတော့သည်။

ဤအချက်ကို အမြဲထမ်း အကဲခတ်၍ စောင့်ကြည့်နေသော မခါကြီးက မကျေးဥကို တိုးတိုးတိုင်ပင်သည်မှာ....

"လက်တို အခြေပြောင်းတာ ညည်း သတိထားမိရဲ့လား၊ ဝတ်ကောင်းစားလှဝတ်၊ အပျိုရှိတဲ့ အိမ်တွေ လျှောက်လည်၊ လက်ဆောင်တွေပေး၊ လူရေးပြုနေလိုက်တာ ညည်း သတိထား မိရဲ့လား"

"ဟုတ်ပါရဲ့၊ အမေ့ကိုလူချောက ခုတလော ခြေသွက်လို့ အိမ်ကချည်း ထွက်နေတာ ကြာပါပကောလား"

"အေး....မခါကြီးတို့စက်ကွင်း သင်းအလှည့် ရောက်ပြန်ပြီ၊ ပျံလေတဲ့ငှက်ခါး နားပြန်ပေါ့တစ်ခါ၊မခါကြီး အကြံထုတ်လို့ လက်တို အကောင်စုတ်ကို တစ်ခါလှည့်ရအောင် (မိကျေးဥ) ညည်းစောင့်လို့ကြည့်ဦး"ဟု....

ဤသို့လျှင် မခါကြီးသည် ကြံမ်းမောင်းပြီး သူ့ လင်ဟောင်း လက်တိုအတွက် အချက်ကောင်း စောင့်နေရာ အကွက်ကောင်း တွေ့ပြီဖြစ်၍ ပုသိမ်မြို့တွင်း လှည့်လည်ရှာရာ၊ ဖဲ့သမား မောင် ဗေ့ဆိုး၏ ဇနီး အလှသက်လယ်မှာ အသက်ကလေး ငယ်ငယ် ရုပ်ကလေးက ချော၊ အပြောကချို၍ငွေရအောင်ကြံတတ်သည် ဟု နာမည်ကြီးလှသော မကြေးမုံနှင့် တွေ့ဆုံလေသည်။

မောင်ဗေ့ဆိုးနှင့် မကြေးမုံတို့ လင်မယားကို မခါကြီးက သိမ်းသွင်းပြီးလျှင် သည်တစ်ခါ သည်တစ်ပွဲညည်းဝင်လို့ နွှဲလိုက်



လျှင် သောက်ကျိုးနည်းကေန် သူဌေးဖြစ်လိမ့်မည်ဟု တိုက်တွန်း ပြောကြားလေသည်။

မကြေးမုံကလည်း "စိတ်ချပါအစ်မရယ်၊ အသက်ပင် ငယ် သော်လည်း ရှစ်စပ်ကလည်တဲ့သူမို့ ၃၇မင်းတောင်ပန်းမကိုင်ဘဲ ကျရစေတဲ့ မကြေးမုံပါ"

ဤသို့ပင် သဘောတူ ညီညွတ်၍ မောင်ဗေ့ဆိုးကလည်း အဒေါ်ကြီး သဘောရှိရာ စီမံရာခံပါမည်။ ငြင်းစရာအချက် ရှက်ဖို့ရာအကြောင်း ကျွန်တော်တို့ ဇာတာထဲတွင် နည်းနည်းမျှ မပါပါဟု အာမခံလေသည်။

ထိုအခါ မခါကြီးက အင်းဝကငလက်တို မြောင်းမြမှာ လာ ၍ မြင်းဝန်မင်းသား မောင်မောင်တုတ် အမည်နှင့် ဈေးသည် ကလေး မစောယုံကို ငွေပုံ၍ကြံပြီးလျှင် မင်္ဂလာ ဆောင်ကြသည် မှာ ၃နှစ်ခုကြာသေး၊ မစောယုံ သေဆုံး၍ မယားရှုး တစ်ပိုင်း အပျိုမြင်တိုင်း နှူး၍နေသည်။ သည်အကောင်ကို ငါပြမည်၊ ငါ့ဘူမကသာ လင်သေဆုံးကြောင်း ပြော၍ ကျလောက်အောင် မြူပြီးလျှင် ငွေချူကြစို့ရဲ့ဟု ပြောလေသည်။

မခါကြီးသည် မိကြေးမုံကို အဝတ်အစား လှလှပပဝယ်ခြမ်း ၍ ဆင်ပြီးလျှင် ငလက်တိုရှိရာသွား၍ ခပ်လှမ်းလှမ်းကပင် လူလုံး ပြလိုက်လေသည်။

ငလက်တိုလည်း ဝတ်စားတန်ဆာ တင့်တယ်စွာနှင့် လွန်စွာ လှပသော မိန်းကလေး တစ်ယောက်တည်း သစ်ပင်ရိပ်အောက် တွင် ထိုင်၍ ငိုနေသည်ကို မြင်လေလျှင် အသာ ချဉ်းကပ်

www.burmeseclassic.com

www.burmeseclassic.com



မီးန်းကလေးအနီးသို့မယောင်မလည်လာ၍ရပ်လေသည်။ လေက်တို့လာသည်ကိုမြင်မှ မိကြေးမုံ ချောအလှက သောက ဝေဖြာ ပရိဒေဝ တောက်လောင်သည့် ပမာ ပဝါဖြင့် မျက်ရည်သုတ် တရှုပ်ရှုပ် ငိုလေသည်။

ဤအခြင်းအရာကို လေက်တို မြင်လေလျှင် ကြင်နာ ယုယ အနားတွင် ထိုင်၍ ချော့လိုက်ပြီး "လှလှ ငယ်ငယ် နှမသယ်ဘယ့် အကြောင်းကြောင့် ငိုသနည်း" ဟု ယုယစွာ မေးလေသည်။

ကလေးမ မိကြေးမုံကလည်း မျက်ရည်စအကြားမှမျက်လုံးကို ဝင့်ကာ ကြည့်ရင်း....

"ကျွန်မမှာ အထက်မြေလတ်မင်းလုလင်ဖြစ်ပါသည်။ ကျွန်မ ချစ်သူ ကိုပိုးဖြူနှင့် နှစ်ကိုယ်တူ ချစ်ကြသော်လည်း မိဘများ သဘောမတူသဖြင့်ခဲ့ကြရမှာ စိတ်ပူပြီး အောက်ပြည်အောက်ရွာသို့ပြေးလာကြပါသည်။ ကံကြမ္မာ ဆိုးချင်တော့ ကျွန်မချစ်သူ ကိုပိုးဖြူမှာ မြောင်းမြဆိပ် အရောက်တွင် ဈေးချိုးဆင်းရာ၌ ရေနစ်၍ သေဆုံးပါသည်။ အလောင်းပင်ရှာမတွေ့၊ ကျွန်မမှာ တစ်ယောက်တည်း သောကပွေသည့်ကြားမှ ခိုးကိုးရာမဲ့ အိပ်ရာ နေရာဘယ်မရှိဖြစ်ရသည်။ ကျွန်မရဲ့ ကံဆိုးချက်က မြန်လွန်းလို့ ကျွန်မကိုယ် ကျွန်မ သတ်သေရန် စိတ်ကူးဆဲမှာ မောင်ကြီး တစ်ယောက်မေးဖော်ရ၍ကျွန်မရင်ထဲကအကျိတ်အခဲ မောင်ကြီး အား ပြောပြခွင့်ရသဖြင့် ကျွန်မမှာ သေပျော်ပါပြီ။ ယနေ့ည သန်းခေါင်းယံလူတွေ တိတ်ဆိတ်သည့်အခါတွင် ကျွန်မချစ်သူ မျောပါရာ ရေဇလာသို့ပင် ချစ်သူ၏ခြေရာကိုနင်း၍ လိုက်ပါ တော့မည်"



ဟု တရှုပ်ရှုပ်ငိုရင်း အကြောင်းစုံရှင်းပြလေသည်။ လေက်တို့မှာ စုတ်တသပ်သပ်နှင့် ရင်သပ်ရှုမော ပြောသည်မှာ....

"ဖြစ်ရလေ နှမရယ်၊ ကံတရားက သည်လိုသာ စီမံ၍ သည် ပုံသာ ကြုံလာရတာမှာ လူ့လောက ဓမ္မတာ၊ တွေးလို့သာ ဖြေပါတော့၊ မောင်ကြီးမှာလဲ ချစ်လှတဲ့ဇနီးသည် မျက်ကွယ်ပြု သွားတာ သုံးလပင်ကြာပါပေါ့၊ ဆုံးပြီးစအချိန်က ပရိဒေဝ တောက်ခဲ့ရတာ နှမသည်လိုပါပဲ။ သို့ပါသော်လည်း စိတ်၏အပူ သံဝေဂယူပြီးလျှင် အပူကိုဖျောက်ကာ တစ်ပင်လဲလျှင် တစ်ပင် ထူမှ ဟန်ကျတော့သည်ဟု စိတ်ကယူပြီးလျှင် အပူကိုသိမ်းခဲ့ပါ သည်။ ငါနှမလဲ ထိုကဲ့သို့သဘောထား၊ ရခဲလှတဲ့ လူ့ဘ ကို အဆုံးမစီရင်ချင်ပါနဲ့၊ ချစ်သူ့ရဲ့နောက်ခြေရာကောက်၍လိုက်ပါ မည် ဆိုသော်လည်း သံသရာကျယ်ပြော ဝဲဩဃမှာ တွေ့ကြရဖို့ မနည်း၊ အပုံကြီးဝေးပါသည်၊ အဖန်ငါးရာ ငါးကမ္ဘာကို တွေးလို့သာ ကြောက်ပါတော့တယ် နှမငယ်"

မကြေးမုံက မျက်ရည်စကိုသုတ်ရင်း "မောင်ကြီးပြောတာ မှန်ပါတယ်၊ မောင်ကြီးမှာတော့ အိုးနဲ့အိမ်နဲ့အတည်တကျ ကျန် ခဲ့ရလို့ ဖြေသိမ့်နိုင်ပါတယ်၊ ကျွန်မမှာတော့ သောင်ပြင်လွတ်တဲ့ ငှွေးလို့ခိုကိုးရာမရှိပါ၊ ကျွန်မဘဝဆိုးသမျှကို မောင်ကြီးကိုအသိ ပေးခဲ့ပြီးကာပဲ" ထိုအခါ လေက်တိုက မိကြေးမုံလက်ကလေးကို အသာအယာကိုင်ရင်း "အို...ခက်လိုက်တာနှမရယ်၊ ဒုက္ခသည် ချင်း တွေ့တွေ့ချင်းသောက်နဲ့ထွင်းတယ်လို့ အထင်တော်လွဲမှာစိုး ရိမ်မိလို့ ရေလာမြောင်းသွယ် စကားတွေဆွယ်ခဲ့တာပါ၊ ဒီတို့နဲ့ လိုရင်း၊ ခပ်ရှင်းရှင်း ပြောရလျှင် နှမမှာအားကိုးရာမဲ့တစ်ကောင် ကြွက်ဖြစ်သလို မောင်ကြီးမှာလည်း ပစ္စည်းဥစ္စာပြောက်မြားစွာ

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းမယ့်သူလိုနေတဲ့အခိုက်မို့ နှမစိတ်ကြိုက် မောင်ကြီးမှာ ရှိသမျှပုံလို့သာအပ်ပါမယ်၊ ပူစရာအရေး ဆက်လို့ဖြင့်မတွေးပါနဲ့တော့” ဟု ပြောရင်း မျက်ရည်စများကို ယုယစွာ သုတ်ပေးလေတော့သည်။

ဤသို့ဖြင့် ငလက်တိုသည် မိကြေးမုံကိုချော့မော့၍ သူဌေးကြီးအိမ်သို့ ခေါ်သွားပြီးလျှင် အကျိုးအကြောင်း ပြောပြခေတ္တထားခဲ့ပြီး မစောယုံတို့ အမေ့အိမ်ကို ပြေးလေသည်။ သူဌေးကြီးလင်မယားလည်း ငါတို့သား မောင်မောင်တုတ်အပူငြိမ်းအောင် ခေါ်ခဲ့ဟန်တူသည်။ ရုပ်ရည်က သနားကမား ရှိုးသားသည့်ပုံဟန်ထင်ပါရဲ့ဟု ကျေနပ်၍နေကြလေသည်။

ငလက်တိုသည် သူဌေးကြီးအိမ်သို့ တစ်ဖန်ပြန်ရောက်လာပြီး မစောယုံဝတ်သည့် လက်ဝတ်လက်စားများကို မကြေးမုံအား ဝတ်ဆင်ပေးသည်။ မကြေးမုံက “မောင်ကြီးရယ်လက်ဝတ်လက်စား ရွှေငွေများသည် ပဓာနမဟုတ်ပါ။ အိမ်ထောင်ပရိဘောဂ၊ မွေ့ရာ၊ ခြင်ထောင် စုံလင်အောင်သာ အရေးကြီးပါသည်” ဟု ခပ်မူမူ ခပ်နွဲ့နွဲ့ပြောလေလျှင် ငလက်တိုသည် ပျာယီးပျာယာ ယောက္ခမအိမ်သို့ လာပြီးလျှင် ဥစ္စာပစ္စည်းရှိသမျှကို သိမ်းဆည်းထုပ်ပိုးပြီး ယောက္ခမကြီးထံခွင့်ပန်၍ မိဘများဖြစ်သော သူဌေးကြီးအိမ်သို့ ပြောင်းရွှေ့ခွင့် ပေးပါရန် တောင်းပန်လေသည်။ ယောက္ခမကြီးကလည်း သမီးအတွက် တောက်လောင်ရသော ပရိဒေဝမီးကို သမက်ကလေးနှင့် ဖြေဖျောက် နေရသည့်အကြားမှ အိမ်ပြောင်းမည် ကြားလျှင် များစွာပင် အော်ဟစ်ငိုကြွေးလေတော့သည်။



ဤအချိန်တွင် မခါကြီးသည် ဤအိမ်၌ရှိသည်ဖြစ်၍ စိတ်ယ ကြံသည်မှာ ငါဆင်တဲ့ဇာတ်ကွက်တော့လည်းလေပြီ၊ ငါဝင် လျှော်ဦးဟု စိတ်ကကြံစည်ပြီးလျှင် အစ်မကြီးနှင့် မစောင့်ကြား အသာသွား၍ ပြောကြားသည်မှာ သမီးနှင့်ပတ်သက်မှသာ သမက်တော်ရပါသည်။ သမီးမျက်နှာကွယ်လျှင် ခင်တွယ်တော့မည်မဟုတ်၊ ခုရှုပ်မှနှောင်ရှင်း သူ့ပစ္စည်း သူယူ၍ စောစောကဆင်းသွားသည်ကို ရှင်တို့မှာ ငမ်းသာဖို့ ပါသည်။ မြန်မြန်သာသွားပါစေတော့ဟု တိုက်တွန်းပြောဆိုလေသည်။

မခါကြီးစကားနားဝင်၍ သွားသောကြောင့် အမေနှင့် စောင့်တို့သည် ကူညီ၍ပစ္စည်းများကို သယ်ချ၍ပင် ပေးလေတော့သည်။

မကြေးငုံလည်း ရောက်လာသောပစ္စည်းများနေသားတကျ ခ၍ချပြီးလျှင် အားရဝမ်းသာ၊ မစောယုံ သိမ်းဆည်းထားသော စိန်လက်ကောက်နှင့် ရွှေထည်ပစ္စည်းထုပ်ကို ခေါင်းအုံးအတွင်းမှ တွေ့ရသဖြင့် အသာပင်ကဲ့ဝှက်၍ ထားလိုက်တော့သည်။ စောစောက ငလက်တိုဆင်လိုက်သောလက်ဝတ်လက်စားများမှာလည်း အများကြီးတန်သည်မို့မကြေးမုံမှာ ထွက်ပေါက်ဘယ်လိုရှာရပါမည်လဲဟု စိတ်ထဲက ကြံစည်နေတော့သည်။

ပစ္စည်းများကို နေသားတကျထားပြီးသောအခါ ပင်ပန်းလှသော မကြေးမုံမှာ တစ်ကိုယ်လုံးပင် ချွေးတွေယိုစီးဒီးဒီးကျနေတော့သည်။ ပစ္စည်းအားလုံးထားသိုပြီးနောက် ရေချိုးဆင်းသွားဦးမည်၊ ကျန်တာကလေး မောင်ကြီးကသာ ဆက်၍သိပါတော့ဟုပြောဆို၍ထဘီကိုရင်ရှားတစ်ဘက်ကလေးအသာ

www.burmeseclassic.com



ခြုံ၊ ရေလဲလုံချည်ကို လက်ကကိုင်ပြီး ကမ်းနားသို့ ဆင်းသွားလေသည်။ ကမ်းနားသို့ရောက်လျှင် ရေချိုးဆင်းသည့် သဏ္ဌာန်တူအောင် အသေအချာ ထားခဲ့ကာ မိမိ လင်ဟောင်းအိမ်သို့ ပြန်သွားလေသည်။

မခါကြီးနှင့် ဖွေဆိုးတို့သည် မိကြေးမုံ ပြန်အလာစောင့်မျှော်၍ နေကြရာမှ ကပျာကယာ အိမ်ပေါ်သို့ တက်လာသော မကြေးမုံကိုမြင်လျှင် အားရဝမ်းသာ ဆီး၍ ကြိုကြလေသည်။ မိကြေးမုံသည် မခါကြီးကို မြင်လေလျှင် ခိုးလာသောရွှေထုပ်ကို အမှတ်မထင် အိမ်တွင်းတစ်နေရာမှာ ချထားခဲ့ပြီး အားရဝမ်းသာ လေက်တိုဆင်ထားသည့် လက်ဝတ်လက်စားများကို ချွတ်၍ စုပုံကာ မခါကြီးအလိုကျ အစုရှယ်ယာကို ခွဲ၍ ပေးလိုက်လေသည်။ မခါကြီးလည်း ကျေကျေနပ်နပ်ပင် (နားနေသည့် ငှက်ခါးကို) အသေအချာထိမှန်အောင် ပစ်နိုင်ခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာ ပြန်၍သွားလေတော့သည်။

## လေက်တို ရုပ်ဖျက်စုံစမ်းပုံ

လေက်တိုခေါ် မောင်မောင်တုတ်သည်မိကြေးမုံတစ်ယောက် ရေချိုးသွားရာမှပေါ်မလာသဖြင့်ကမ်းနားတစ်လျှောက်လိုက်၍ ရှာသည်။ ရေချိုးဆိပ်အနီးတွင် လုံချည် အသစ်တစ်ထည် ခေါက်လျက်သား တွေ့၍ ယင်းအပေါ်တွင် မျက်နှာသုတ်ပဝါပုံလျက်သားတွေ့ရသည်။ မောင်မောင်တုတ်သည် ကပျာကယာ မျက်နှာသုတ်ပဝါနှင့် လုံချည်ကို ဆွဲယူကြည့်ရှုရာ အထဲတွင် ရွှေဘီးနှင့် ဆံထိုးကို တွေ့ရလေသည်။ ယင်းရွှေဘီးနှင့်ဆံထိုးမှာ သွားလေသူ မစောယု အမြဲဝတ်ဆင်သည့်ပစ္စည်းဖြစ်သည့်အပြင် မိမိကိုယ်တိုင်



မိကြေးမုံသို့ ဆင်ပေးလိုက်သော ပစ္စည်းများဖြစ်၍ ကောင်းစွာ မှတ်မိလေသည်။

မောင်မောင်တုတ်သည် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားကာ၊ မိမိနှင့် တစ်ရက်မျှမပေါင်းသင်းရသေးမီ ရေချိုးဆိပ်တွင်ရေချိုးဆင်းရင်းက ရေနစ်၍ သေဆုံးရရှာသော မိကြေးမုံအတွက် မိမိကိုယ်ကိုသာ ရိုးမယ်ဖွဲ့ အပြစ်တင်၍ ငိုလေသည်။

ဤနေရာတွင် အတန်ကြာအောင် မျက်ရည်ကျနေရာမှ တစ်စုံတစ်ခုကို သူသတိရ၍ မျက်ရည် သုတ်လိုက်သည်။ ထို့နောက် အနီးအနားရှိ လှေသမ္ဗာန်များကို လိုက်လံ၍ စုံစမ်းမေးမြန်းလေသည်။ မောင်မောင်တုတ်သည် အသစ်စက်စက် မယားလုကလေး မိကြေးမုံအတွက် ရတက်မအေးဘဲ ရေနစ်၍ သေဆုံးသွားရှာပြီ အထင်ဖြင့် အနီးအနားရှိ လှေသမ္ဗာန်များကို လိုက်လံစုံစမ်းသည်။ သမ္ဗာန်ပေါ်မှ လူတစ်ယောက်က မိန်းကလေးတစ်ယောက် ထဘီရင်ရှားနှင့် မြောက်ဘက်သို့ ခပ်သွက်သွက်ထွက်သွားတာ မြင်ရကြောင်း ပြောပြသိရှိတော့မှ ရင်မ၍ 'တက်' ခေါက်မိပြီး မိမိအားတစ်ပတ်ရိုက်ကြောင်းသိရလေတော့သည်။

သို့သော် ဤအကွက်ဆင်ပုံမှာ....

ပိရိလွန်းလှသဖြင့် မိမိထက် သာသူတစ်ယောက်ပေါ်ပေါက်နေပြီလားဟု စဉ်းစားမိတော့သည်။

သို့သော် တစ်ဘက်အရေးက သူဌေးကြီးနှင့် သူဌေးကတော်တို့ ချွေးမသစ်ကလေးကို မျှော်ရှာကြတော့မည်။ ဤအရေးကို သူဌေးကြီး မသိစေသေးဘဲ တစ်မျိုးတစ်မည် လှည့်ပတ်၍ထားရအောင်တော့မည်ဟု စဉ်းစားမိသည်နှင့် အိမ်သို့ အပြန်၊ သူဌေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးထံ မကြေးမုံ၏ မိဘရပ်ရွာထံသို့ လိုက်လံကာ ခွင့်တောင်းဖို့ အရေးရှိသေးသဖြင့် ဆယ်ရက်ခန့်မျှ ခရီးထွက်ရန် ခွင့်တောင်း လေသည်။ မောင်မောင်ဆင်ခေါ် ညီအားလည်းအကြောင်းစုံ အသိပေးထားပြီး မစောင့်တို့ သားအမိကို အသိမပေးဘဲ လျှို့ဝှက်ထားရန်နှင့် သင့်သလို ပြောထားရန် လေက်တိုက မှာထား လေသည်။

• လေက်တိုသည် မောင်မောင်တုတ်ဘဝမှစုတေကာ ဘဝသစ် ဘစ်ခုသို့ ပြောင်းမျြ**ါ်သည်။ ထိုဘဝကား လေငန်းဆွဲလျက်ခြေ ဘစ်ဘက် ဆာနေသော အမည် မထင်ရှားသည့် သူတောင်းစား ဘဝ ရောက်နေရှာသည်။ လေက်တိုသည် ဤသို့ပင် မကြေးမုံကို ချပ်ဖျက်စုံစမ်းခဲ့ရာ၌ တစ်နေ့တွင် လင်ဖေ့ဆိုးနှင့် အတူ တွဲကာ သမ်းလျှောက်၍ သွားသော မကြေးမုံကို တွေ့ရတော့သည်။ နောက်ယောင်ခံကာ တဖြည်းဖြည်း လိုက်သွားရာမှ မြို့စွန်တဲကုပ် ဘွင်းသို့ ဝင်သွားကြသည်။ လေက်တိုသည် ဘနီးအနားရှိကုက္ကို ပင်ကြီး တစ်ပင်အောက်တွင်ထိုင်၍လာသမျှလူမျှားအား သနား ဖွယ် ပိုက်ဆံတောင်းခံရင်း မိကြေးမုံတို့အဝင်အထွက် အကဲ ခတ်နေလေသည်။

မောင်ဖေ့ဆိုးနှင့် မိကြေးမုံတို့သည် လင်မယား ဖြစ်ကြောင်း အသေအချာသိရှိရသောအခါ အိမ်သို့အမြန်ပြန်ပြီး မောင်မောင် တုတ် အသွင်ပြန်လည်၍ ယူငင်လေသည်။ သူဌေးကြီးအား မိမိ၏ နီးကလေးမှာ သူကိုယ်တိုင်က ကြည်ဖြူသော်လည်း မိဘများနှင့် တွေ့သောအခါ၊ မိခင်၏မျက်ရည်ဒဏ် မခံနိုင်၍ သူ့ မိခင်ထံတွင် ကျန်ခဲ့ကြောင်း၊ နောင်ကိုလည်း မိကြေးမုံကိုယ်တိုင် လာရောက်



ဝန်မချသမျှပြန်၍မခေါ်တော့ဟု သူဌေးကြီးနှင့်သူဌေးကတော် တို့အား သင့်လျော်အောင် ပြောကြားထားလေသည်။

မောင်မောင်တုတ်သည် မိကြေးမုံတို့ နေထိုင်ရာအရပ်ကို ပိုင် သည့် တိုက်သူကြီးထံတွင် မောင်ဖေ့ဆိုးတို့အကြောင်းကို စုံစမ်း သည်။ တိုက်သူကြီးက မောင်မောင်တုတ်အား နေပြည်တော်က မင်းမှုထမ်းဟောင်းများအဖြစ် သိရှိထား၍ ရိုသေစွာပင် မောင် ဖေ့ဆိုးနှင့် မိကြေးမုံတို့ လင်မယား အကြောင်းကို ပြောပြလေ သည်။ မောင်ဖေ့ဆိုးနှင့် မကြေးမုံတို့မှာ ဖဲသမားများ ဖြစ်ကြ သည်။ငွေရှိလျှင် စုံတွဲဖဲရိုက်တတ်ကြပြီး ငွေမရှိသည့်အခါ မိကြေး မုံက ပိုင်းလုံးထုတ်ကာ ယောကျ်ားတို့ထံမှ ချေးယူတတ်ကြောင်း ပြောပြသည်။

မောင်မောင်တုတ်က ဤမိကြေးမုံသည် လွန်ခဲ့သောရက်ပိုင်း အတွင်းကပင် မိမိ မိဘသဖွယ် တည်းခို နေထိုင်သည့် သူဌေး ကတော်ကြီးထံမှ လက်ဝတ်လက်စားအချို့လိမ်လည်၍ ယူသွားခဲ့ သည်။ ဤ လက်ဝတ်လက်စားများဖဲရိုက်၍ ကုန်လော့က်ပြီ ထင် သည်။ လက်ဝတ်လက်စားများ ပြန်ရရန် လမ်းမရှိသော်လည်း မိကြေးမုံသည် သူကိုယ်တိုင်ပင် ဤစိတ်ကူး ပေါ်လေသလော၊ တစ်စုံတစ်ယောက်နှင့် ပူးပေါင်း ကြံစည်လေသလောဟု သိလို သဖြင့် မောင်ဖေ့ဆိုးနှင့် မိကြေးမုံတို့အား ဖမ်းဆီး၍ ထိပ်တုံး ခတ်ထားပါရန်မိမိကိုယ်တိုင် စစ်မေးခွင့်ပြုပါရန်ကို တိုက်သူကြီး အား ပြောကြားလေလျှင် တိုက်သူကြီးမှာ နဂိုကပင် မောင် မောင်တုတ်ကို ရိုသေလေးစားပြီး ဖြစ်သဖြင့် မောင်မောင်တုတ် အလိုကျ ဆောင်ရွက် စီမံပေးလေသည်။ မိကြေးမုံကာမခါကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော မိန်းမတစ်ယောက် လာရောက်၍ ညွှန်ကြားသဖြင့် မိမိ လုပ်ရပါကြောင်းကို ဝန်ခံကြလေသည်။ မောင်မောင်တုတ်က နောင်ကို ဤသို့ ရှုပ်ရှုပ်ပွေပွေ အလုပ်များ မလုပ်ကြရန် ဆုံးမ စကားပြောကြားပြီး လက်ကျန်ပစ္စည်းများပြန်၍တောင်းသဖြင့် မကြေးမုံကထုတ်၍ ပေးလိုက်ရတော့သည်။ မောင်မောင်တုတ် သည် ပစ္စည်းအချို့ အဝက်ကိုသာရ၍ မကျေနပ်ပေ။

မစောယုံ ကျန်ရစ်ခဲ့သော ပစ္စည်းထုပ် ပျောက်ဆုံးနေသည့် အကြောင်းကို လုံးဝမသိရှာပါ။

# ဇာတ်အသိမ်း ပြေငြိမ်းကြပုံ

လက်တိုသည် ညိုအား တိုးတိုးပြောဆိုသည်။ မခါကြီး သည် မိမိတို့အပေါ်တွင် မကျေနိုင်၊ မချမ်းနိုင် ဖြစ်နေသည်။ မိကြေးမုံ၏ကိစ္စမှာ မခါကြီး၏ အကြံဉာဏ်အားလုံးဖြစ်သည်။ မခါကြီးက ဒါရိုက်တာ မိကြေးမုံက ဇာတ်လိုက် ဖြစ်သည်။ မခါကြီး ပစ္စည်းအချို့မှာ မခါကြီးကခွဲဝေယူသွား၍ မရလိုက်။ မခါကြီး ထံမှ ပစ္စည်းများ တစ်နည်းနည်းဖြင့်ကြံ၍ ပြန်ရအောင်ယူမည်ဟု ဆိုသောအခါ ညိုက....

နောင်တော်ကြီး မောင်မောင်တုတ်၊ မင်းနှင့်ငါတို့မှာ ဥစ္စာ စီးပွားလိုလားကြ၍ အထက်အညာမှ အောက်ပြည်အောက်ရွာ သို့ရောက်လာကြရပေပြီ။ ယခင်အခါများက မရှိနွမ်းပါးဆင်းရဲ



လွန်းသဖြင့် သူတစ်ပါးဥစ္စာပစ္စည်း ရတနာများကို လိမ်လည် လှည့်ဖြား၍ ယူခဲ့ကြရသည်။ ရရစားစားဘဝဖြစ်သဖြင့် တစ်ခါ ကုန်လျှင်၊ နောက်တစ်ကြိမ် ထပ်၍လိမ်ရန် ကြံစည်ရပြန်သည်။ မိခါကြီး၊မိကျေးဥတို့နှင့် ပေါင်းမိပြန်သောအခါ လေးယောက် ပေါင်းလောင်းကျော်၊ တစ်ယောက်အပေါ်တွင် တစ်ယောက် မထောက်မညှာ အံ့သူခိုးစတမ်း နိုင်သူစားစတမ်းနှင့်ဘာတစ်ပြန် ကျားတစ်ပြန် အချင်းချင်းပြန်၍လိမ်နေကြပြန်သည်။ တစ်လုံး ပေါ်နှစ်လုံးဆင့် နှစ်လွန်းပေါ် သုံးလွန်းတင်တစ်ယောက်ကိုတစ် ယောက်မခံချင်၍ ပြန်လိမ်ကြသည်မှာသံသရာမဆုံးရှိချေသည်။

မင်းနှင့်ငါငယ်စဉ်အခါ ပညာသင်စဉ်က ဆရာတော်ဘုန်းကြီး ပြောပြသော ဓမ္မပဒဇာတ်တော်မှ သမင်မွေးရင်း ကျားစား ခင်း အဖြစ်အပျက်ဇာတ်လမ်းကို မင်းမှတ်မိပါဦးမည်။

ဤ ဥပမာအရပင် မင်းနှင့်ငါ၊ မိခါကြီးနှင့် မကျေးဥတို့ လေးဦးသားတစ်ယောက်အပေါ် တစ်ယောက်မခံချင်၍ လိမ်နေ ကြရသည်မှာ လိမ်လက်စမဆုံးရှိနေကြသည်။ နောင်အခါတွင် လည်း အဘယ်မျှ ရှည်ကြာကြဦးမည်မသိ။

ယခင်ကမရှိ၍ လိမ်ကြသည်မှာ ကုသိုလ်ကံ ထောက်မ၍ သေဘေးမှလွတ်ခဲ့သည်။ နန်းတွင်း၌ ဗေဒင်အကျော်လူသူတော် ဘိုးဘိုးအဖြစ် ရောက်ခဲ့ရစဉ်က ကျောင်းနေဘက် သူငယ်ချင်း စကားတောင်စားအမတ် ကယ်မ၍သာ အသက်ချမ်းသာရာ ရခဲ့ကြသည်။နန်းတွင်းမှတစ်ဖန် ရွှေတိဂုံဘုရားကို ဖူးမြော်ရန်သို့ အကြောင်းပြကာ ထွက်၍ လာကြသည့်အခါတွင်လည်း ဘုရင့် ပဏ္ဏာပူဇော်သက္ကာရအများအပြားနှင့် ငါတို့ချမ်းသာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအရေးတွင်လည်း လူသူတော် ဘိုးဘိုးကို အချိန်တန်၍ ပြန်မရောက်က အထောက်တော်များ စေလွှတ်ထောက်လှမ်း၍ စုံစမ်းစေမည် အမှန်ပင် ဖြစ်သည်။ အကယ်၍ စေလွှတ်စုံစမ်းစေပါက မောင်မောင်တုတ်၊ မောင်မောင်ဆင် အသွင်သဏ္ဍာန်ဖြင့် ပြောင်းလဲနေကြောင်း တွေ့ရှိသွားလျှင် ကေနန်ပင်ထိပ်တုံးခတ်၍ နေပြည်တော် ခေါ်ဆောင်ပြီး အသတ်ခံရမှာ သေချာသည်။ ယခုမူ စကားတောင်စားအမတ် နန်းတွင်းမှာ ရှိနေ၍သာ ငါတို့ ခြေရာပျောက်သည်ကို တောတွင်းမှာ အမိဌာန် ဝင်သလိုလို၊ ထွက်ရပ်ပေါက်သွား သယောင်ယောင် စကားတောင်စားက ဥပါယ်တံမျဉ်ဆောင်၍ လျှောက်ထားသဖြင့် ပျောက်သွားသော ငါတို့ကိုအထောက်တော်များ လွှတ်၍မရှာခြင်းဖြစ်တန်ရာသည်၊ စကားတောင်စား၏ ကျေးဇူးကြောင့် ငါတို့ အေးကင်းစွာ နေကြရသည်ကို ပြန်လည် စဉ်းစားသင့်သည်။

ယခုမူလည်း မင်းနဲ့ငါ ဤမြောင်းမြမြို့တွင် သူဌေးကြီး မွေးစားသားများအဖြစ် အထက်ကပါလာသော ရွှေငွေရတနာများစွာနှင့် လယ်ယာချောင်းမြေ အများအပြားလည်း ပိုင်ဆိုင်ထားကြသည်။ လိမ္မာရေးခြား မယားအလှကလေးများလည်း ရခဲ့ကြသည်။သူတို့က ပါလာသော ဥစ္စာဘဏ္ဍာမှာလည်းနည်းလှသည်မဟုတ်၊ မင်းအတွက်သာ ရှေးကုသိုလ်ကံ အကြောင်းကြောင့် မစောယုံဆုံးပါးရ၍ မုဆိုးဖိုဘဝရောက်ခဲ့ရသည်။သို့ပါသော်လည်း လက်ရှိ ဂုဏ်သိက္ခာနှင့် ဥစ္စာဘဏ္ဍာများကြောင့် မယားတစ်ယောက်ကို စိတ်ချ လက်ချ ရွေးချယ်၍ ရနိုင်မည်မှာ မင်းလဲအသိ၊ ငါလဲအသိ။



ငါတို့နှင့် တွဲဖက်၍ ဥစ္စာရှာ ရကြောင်း ရှာဖွေ၍ယာခဲ့ကြသော မခါကြီးနှင့် မကျေးဥကိုကြည့်လျှင်လည်း သူတို့အပေါ် ကြင်နာယုယမည့် လင်သားများနှင့် တင့်တောင့်တင့်တယ် ရှိ၍နေကြပေပြီ၊ တစ်ယောက်အပေါ် တစ်ယောက် နောက်ကြောင်းတွေပေါ် မှာစိုး၍တစ်ကြောင်းတစ်ယောက်အပေါ် တစ်ယောက် ပညာစွမ်းပြလို၍တစ်ကြောင်း၊ မဖြစ်စလောက် ငွေကလေးများနှင့် လိမ်လည်၍ ပညာစွမ်းပြသည်ကို သူကလည်း မခံချင်၊ ကိုယ်ကလည်း မခံချင်၍ တစ်လုံးပေါ် နှစ်လုံးဆင့်၊ နှစ်လုံးပေါ် သုံးလုံးတင်ကာ မခံချင်စိတ်နှင့် လုပ်နေကြသည်။အကယ်၍ ထိုကိစ္စလေးကစပြီး၊ နောက်ကြောင်းတွေ ပေါ်ကြလျှင် တို့နှစ်ယောက်လည်း ပြေးပေါက်မှား၊ သူတို့ခမျာလည်း ဒုက္ခများရှာတော့မည်။ အသက်တွေကလည်းထောက်၍လာကြပြီ ယခင်ကလို သွက်သွက်လက်လက်သွားတိုင်းတင့်၍ ခေါင်းဝင်ကိုယ်ဆံ့ အရွယ်များ မဟုတ်ကြတော့၊ နောင်တော် လေက်တိုက ဤအချက်များကို ဆင်ခြင်သုံးသပ်ကာ အမှားကို မြင်စေလိုသည်။

ကျွန်တော်မှာလည်းမယားကလေးမစောင်နှင့် အဖုံဖုံအလီလီ ကြည်သာနေဆဲမှာအစ်ကိုတို့ကြောင့်နောက်ကြောင်းတွေပေါ်၍ ကွဲရမည်ဆိုလျှင် ကျွန်တော် အသည်းတွေကြွေဖို့သာ ရှိပါတော့သည်။ နောင်တော်နှင့် ကျွန်တော့ ဘဝမှာလက်ရှိ ပစ္စည်းဘဏ္ဍာနှင့်ကောင်းမွန်စွာလုပ်ကိုင်စားကြလျှင် တစ်သက်မှာစား၍မကုန်နိုင်တော့ပါ၊မခါကြီးနှင့်မကျေးဥတို့ဘဝမှာလည်း တင့်တောင်းတင့်တယ် ရှိနေပါပြီ။

သို့ဖြစ်၍ မခါကြီးအပေါ် ပါသွားသော ရွှေငွေအနည်းငယ်မျှလောက်ကို ပြန်ရရန် တစ်တန်တစ်နည်း မကြံစည်စားပါနှင့်

www.burmeseclassic.com

www.burmeseclassic.com



တော့၊ မခါကြီး၊ မကျေးဥတို့ကို ကျွန်တော် တွေ့ဆုံ၍ ပြေငြိမ်းအောင် ပြောပါမည်။ ကျွန်တော်တို့လေးယောက် ဆွေမျိုးသားချင်းကဲ့သို့ တစ်ယောက်အပေါ်တစ်ယောက် ထောက်မကူညီပြီး ပျော်ပျော်ကြီး နေသွားကြရင် ကောင်းပါလိမ့်မည်'' ဟု ညီက အကျယ်တဝင့်ဖြင့် ပုံပမာညှပ်၍ ရှည်လျားစွာ ပြောပြသည့်အခါမှ လေက်တိုကလည်း မိမိဘဝကို ပြန်လည်၍ သုံးသပ်ပြီး။

''ညီပြောတာ အားလုံးမှန်ပါသည်။ ငါလည်း သဘောပေါက်ပါပြီ၊ ငါတို့သူငယ်ချင်း ကျေးဇူးရှင် စကားတောင်စား အမတ်ထံသို့လည်း အောက်ပြည်အောက်ရွာထွက် လက်ဆောင်ပဏ္ဏာပစ္စည်းများနှင့် ကျေးဇူးဆပ်ရန်သင့်ပေသည်။ မခါကြီးတို့နှင့်လည်း ပြေငြိမ်းရန် သင့်တော်သည်မှာ အမှန်ပင်၊ ညီကသာ အစစ စီစဉ်ပါတော့'' ဟု လေက်တိုက လက်နက်ချကာ တာဝန်လွှဲအပ်လိုက်လေသည်။

## စကားတောင်စားထံ လက်ဆောင်များပို့ခြင်း

ရာမညတိုင်း မွန်တို့ဌာနေ မြောင်းမြမြို့ ဒေသတွင် အတည်တကျ နေထိုင်ကြပါသော ငယ်သူငယ်ချင်း ရောင်းရင်းများဖြစ်ကြသည့် မောင်မောင်တုတ်၊ မောင်မောင်ဆင် ညီအစ်ကိုနှစ်ယောက်က အကြည်တော် စကားတောင်စားအမတ် မင်းထံ သဝဏ်လွှာပို့အပ်ပါသည်။

ငယ်စဉ်ကာလ ကျောင်းသားဘဝက ပျော်ကြရွှင်ကြ ငြင်းခုံကြနှင့် လက်ရည် တစ်ပြင်တည်း ဒေါင်းလန်းကြီးနှင့် ထမင်း



ဟက်ဆုံအတူ စားကြရသည့် ဘဝများကို ပြန်လည်တွေးတောအမှတ်ရသည်လည်း တစ်ကြောင်း။

စကားတောင်စားက ညီရင်းအစ်မ အဖုံဖုံသော အခက်အခဲတို့မှ ကူညီထောက်မ ဆုံးမပဲ့ပြင် ကျေးဇူးရှင် နောင်ရင်းအဖြစ် အမြဲသတိရလျက် ရှိနေသည်လည်းတစ်ကြောင်း။

ကျောင်းနေဘက်သူငယ်ချင်း ညီရင်းအစ်မ ချစ်လှစွာသော မောင်မောင်တုတ်၊ မောင်မောင်ဆင် တို့မှာ မြောင်းမြမြို့တွင် အသက်ထင်ရှား ကျန်းမာစွာရှိကြောင်း သတင်းကောင်း ပါးသို့မှတစ်[illegible]၊ သဝဏ်လွှာစကားကြားရောက်အပ်ပါသည် စကားတောင်စား အမတ်မင်းခင်ဗျား။

ကျွန်တော်တို့ ညီနောင်မှာ မြောင်းမြမြို့ တွင် လယ်ယာချောင်းမြေ အတည်တကျ နေထိုင်ကြပြီး၊ မြောင်းမြမြို့သူ မစောယုံ၊ မစောင့်ငုံ တို့နှင့် အိမ်ထောင်ကျ၍ နေထိုင်ခဲ့ကြပါသည်။

လွန်ခဲ့သော နှစ်အတွင်းက မောင်မောင်တုတ်၏ဇနီး မစောယုံမှာ ရေးဘဝက်ကုန်၍ အနိစ္စရောက်သွားသဖြင့် မောင်မောင်တုတ်မှာ ဖရိုဖရဲဘဝ ကာမီး အတန်ပင် ခံစားခဲ့ရပါသည်။ သို့ပါသော်လည်း တရားနှင့်ဖြေဖျောက် သောကမီးတောက်ကို ငြိမ်းသတ်နိုင်ခဲ့ပါသည်။

နောင်တော် စကားတောင်စားအမတ်၏ စိတ်ထဲတွင် မောင်မောင်တုတ်နှင့် မောင်မောင်ဆင် ငယ်သူငယ်ချင်း နှစ်ယောက်တို့ အမှတ်ရနေမည်မှာ ကျွန်တော်တို့ သိပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့ နေရပ်အမှန်နှင့် ကျွန်တော်တို့ဘဝကို နောင်တော်

www.burmeseclassic.com

www.burmeseclassic.com



စကားတောင်စား သိရှိစိတ်ချနေရန် မင်္ဂလာ စကားသဝဏ်လွှာ ပါးလိုက်ပါသည်။

မောင်မောင်တုတ်
မောင်မောင်ဆင်

အထက်ပါ သဝဏ်လွှာနှင့် အတူ လိမ္မာရေးခြားရှိလှသော မြောင်းမြသားတစ်ယောက်ကို လှေတက် အစုံအလင် လှေထိုးသမားများ ငှားရမ်းပေး၍ ပုသိမ်ဆာပါပဝါအုပ်များ၊ ငါးပိ ငါးခြောက်များနှင့် ဆန် အကောင်းစားများ၊ ပုသိမ်ထီး အကောင်းစားများနှင့် ငါးသလောက်ကင်၊ ငါးကြင်းကင်၊ ပုစွန်တုပ်ကြီးများကိုပါ ရက်ရှည်ခံအောင် သေချာစွာပြုလုပ်၍ လက်ဆောင်ပဏ္ဏာများ ပို့အပ်စေလေသည်။

## စကားတောင်စား အမတ် ပြန်စာ

ရောင်းရင်း မောင်မောင်တုတ်နှင့် မောင်မောင်ဆင်

ငယ်သူငယ်ချင်း ရောင်းရင်းတို့ထံမှ သဝဏ်လွှာ စကားနှင့် လက်ဆောင်ပဏ္ဏာများကို ရရှိခဲ့သဖြင့် များစွာပင် ကျေးဇူးဥပကာရ တင်ရှိပါသည်။

မောင်မောင်တုတ်၊ မောင်မောင်ဆင်တို့ကကျေးဇူးစကား အမှတ်ထား၍ ဆိုခဲ့ ငြားသော်လည်း ကျောင်းနေဘက် သူငယ်ချင်း ရောင်းရင်းတို့အပေါ် ပြုသင့်အပ်သည်မျှသာ ပြုစုခဲ့ရ၍ များစွာပင်မကျေနပ်ပါ။ထို့ထက်မျှမက နန်းတွင်းသားများအဖြစ် ဘုရင့်လက်သုံးတော်များ ဖြစ်ရန်အထိပင် ဆောင်ရွက်ပေးလိုသော စေတနာဆန္ဒများပင် ရှိခဲ့ပါသည်။



မောင်မောင်တုတ်၊ မောင်မောင်ဆင်တို့ ထွက်ခွာ၍သွားကြ ကတည်းက သားအန္တရာယ်အသွယ်သွယ်များ ကင်းရှင်းကြစေရန် နေ့စဉ်ပင် ဆုတောင်းမေတ္တာ ပို့သနေခဲ့ရပါသည်။ ဘယ်အရပ် ဘယ်ဆီ ဘယ်ဌာနီသို့ ရောက်ရှိနေကြောင်း သတင်းကောင်းများ ကြားလို၍ မျှော်လင့် တောင့်တနေမိပါသည်။

ယခု ပေးပို့လိုက်သော သဝဏ်လွှာ စကားအရ မြောင်းမြမြို့တွင် အခြေတကျ နေထိုင်ကြကြောင်း၊ သဝဏ်လွှာနှင့် အတူ ပါရှိလာသော မြောင်းမြသား မောင်ရွှေခင်တို့ ထံမှ သတင်းစကားများ ကြားသိရသည်မှာ များစွာ ရွှင်လန်းချမ်းမြေ့ရပါသည်။

ဤသို့ပင် ခြေရုံသင်းပင်း ဉစ္စာဘဏ္ဍာများ တိုးပွား၍ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်သွားကြရန် များစွာမျှော်လင့်ဆုတောင်းပါသည်။

နေပြည်တော်တွင် ဆောင်ရွက်ရန် ကိစ္စများရှိပါက ငယ်စဉ်ကလိုပင် သဘောထား၍ အားမနာတမ်း မှာကြားစေလိုပါသည်။

စကားတောင်စား

စာချွန်တော်တွင် စကားတောင်စားအမတ်၏ ဘုရင်ပေးအပ်ထားသော ဘွဲ့အမည် အရည် တံဆိပ်တော်များနှင့် ခမ်းနားစွာ ခိုက်နှိပ်ပေးထားသည်ကို မောင်မောင်တုတ်၊မောင်မောင်ဆင်တို့ လက်ခံ ရရှိသော အခါ များစွာပင် စကားတောင်စားအား ကျေးဇူးတင်၍ စိတ်ထဲတွင် ရှိခိုးမိလိုက်ကြသည်။

ရတနာ့ဂုဏ်ရည် (၁၁ ခ)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မြောင်းမြသား မောင်ရွှေခင်နှင့်အတူ လှေတစ်စင်းအပြည့်မျှ ပေးလိုက်သော အထက်အညာဒေသမှ စားသောက်ကုန်များနှင့် နန်းတွင်းသုံး အစားအသောက် အခြောက်အခြမ်း များပြားစွာ ပါရှိသည့် အပြင် ပိုးဖဲကတ္တီပါ အဖိုးတန် အဝတ်အထည်များပါ လက်ဆောင်အဖြစ် ပေးပို့လိုက်လေသည်။

မောင်ရွှေခင်နှင့် အတူပါသွားကြသော အဖော်နှမ်ယောက် နှင့် လှေထိုးသားများက တစ်ဆင့်စကား ရပ်ရွာတွင် ပြောကြား ကြသည်မှာ စကားတောင်စားအမတ်၏ အရည်အချင်းနှင့်တကွ မြို့ကြီးဝင်းကြီးတွင် ခမ်းနားစွာ အခြွေအရံများနှင့် နေထိုင်ပုံ၊ မောင်မောင်တုတ်၊ မောင်မောင်ဆင်ထံမှ စေလွှတ်သော သူများ အဖြစ် အစစအရာရာ လိုလေသေးမရှိအောင် ဂရုတစိုက်ပြုစုကြပုံ များကို အားပါးတရ ပြောဆိုကြသဖြင့် မောင်မောင်တုတ်၊ မောင်မောင်ဆင် တို့၏ ဂုဏ်သတင်းမှာ ပို၍ မြင့်မားလာခဲ့ ပြန်သည်။

ညိုကလည်း မိမိ၏ ကတိစကားအရ ပုသိမ်မြို့သို့ သွား ရောက်ကာ မခါကြီး၊ မကျေးဥတို့နှင့်တွေ့ဆုံပြီးအကျိုးအကြောင်း ရှင်းလင်းပြောပြ၍ တစ်ဦးနှင့်တစ်ဦး ရှေးအခါကကဲ့သို့ အကွက် ကောင်းကိုချောင်းပြီး ဉာဏ်ကစားကြသည် တို့ကို ရပ်တန်းက ရပ်ကြ၍ မောင်နှမ်များသဖွယ် တစ်ဦးကိုတစ်ဦး စောင့်ရှောက် ကူညီကာ နေထိုင်သွားကြရန် သဘောတူညီမှု ရရှိခဲ့ကြသည်။

လက်တိုနှင့် ညိုတို့သည် စကားတောင်စား ထံမှပေးပို့ လိုက်သော နန်းပြည်တော်တွင်သာ စားသောက်ကြရမည့် အစား



အသောက်များမှာများပြားလှရကား၊ မိမိတို့စား၍မကုန်ရှိတော့ သည်။ ထို့ကြောင့် နှစ်ယောက်သား တိုင်ပင်၍ ဤစားဖွယ် သောက်ဖွယ်ပဲစွည်းများကိုအလှူကြီးပြုလုပ်၍ကျွေးမွေးညှခံကြ ရန် ဆုံးဖြတ်ကြလေသည်။

ထိုအလှူကြီးတွင် မခါကြီးနှင့်မကျေးဥတို့ပါ လာရောက်၍ အစစ စီမံကွပ်ကဲပြီး ပျော်ရွှင်စွာ ကျွေးမွေးလှူ ဒါန်းကြလေရာ စကားတောင်စားအမတ်၏ သူငယ်ချင်းများအဖြစ် ပို၍ ဂုဏ် တက်ကာ မြို့ပေါ်တွင် မောင်မောင်တုတ်နှင့် မောင်မောင်ဆင်တို့ မှာ တကယ့်လူကြီးလူကောင်း စာရင်းဝင် ဖြစ်၍ သွားကြလေ တော့သည်။

မောင်မောင်တုတ်၊ မောင်မောင်ဆင်တို့ကလည်း ဤအသွင် ဖြင့်ပင် မိမိတို့၏ ဘဝသက်ဆုံး ကောင်းမွန်စွာ နေထိုင်သွားကြ တော့မည်ဟု ဆုံးဖြတ်၍ ထားကြလေသတည်း။

မြေလတ် သိန်းလှိုင်

www.burmeseclassic.com